မြန်မာ့အလင်း

၁၂၇၅ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily

ခိုင်မာမြဲမြံစွာရပ်တည်နိုင်

လောကဓံတရားများနှင့် တွေ့ကြုံရသော ရဟန္တာအရှင်မြတ်တို့သည် အမျက်ထွက်ခြင်းမရှိ။ သည်းခံ၏။ မြေကြီးကဲ့သို့လည်းကောင်း၊ တံတိုင်းကြီးကဲ့သို့လည်းကောင်း ခိုင်မာမြဲမြံစွာရပ်တည်နိုင်၏။ အရှင်သာရိပုတ္တရာ၏ အမျက်မထွက်၊ သည်းခံခြင်းနှင့် ပြည့်စုံသောစိတ်ကို ရှိခိုးကော်ရော်ပူဇော်ကန်တော့ရာ၏။

အရဟန္တဝဂ်(ဓမ္မပဒ-၉၅)

၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၃ ရက် | ၂၀၂၃ ခုနှစ်၊ မေ ၃၁ ရက်၊ ဗုဒ္ဓဟူးနေ့ | အတွဲ (၆၂)၊ အမှတ်(၂၃၉)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်သူတို့၏ လူမှုစီးပွားဘဝလုံခြုံရေးအတွက် ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်းရေးနှင့် တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အလေးထားလုပ်ဆောင်မည်။

၂။ တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးအတွက် ပြည်သူလူထုဗဟိုပြု ဖွံ့ဖြိုးရေးလုပ်ငန်းများကို လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်စေရန် ဆောင်ရွက်သွားမည်။

၃။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေး လုပ်ငန်းစဉ်များကို ဆက်လက်ဆောင်ရွက်သွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အားလွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr.Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြု တွေ့ဆုံစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ထံ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော်ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့က လာရောက်ဂါရဝပြုတွေ့ဆုံ

နှစ်နိုင်ငံ ကဏ္ဍပေါင်းစုံတွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများဆွေးနွေး

နေပြည်တော် မေ ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ထံသို့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr.Sholban Kara-Ool ဦးဆောင်သည့်အဖွဲ့ဝင်များက ယနေ့ညနေပိုင်းတွင် တောင်ကြီးမြို့ရှိ ပင်လုံရိပ်သာဧည့်ခန်းမဆောင်၌ လာရောက်ဂါရဝပြု တွေ့ဆုံသည်။

ထိုသို့ တွေ့ဆုံရာတွင် ယခုနှစ်သည် မြန်မာ-ရုရှား နှစ်နိုင်ငံသံတမန်ဆက်ဆံမှု (၇၅) နှစ် ပြည့်မြောက်သည့်နှစ်ဖြစ်ပြီး ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုများကို ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားနိုင်မည့် အခြေအနေများ၊ နှစ်နိုင်ငံကဏ္ဍပေါင်းစုံတွင် အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်ဆောင်ရွက်နိုင်မည့်အခြေအနေများ၊ မြန်မာနိုင်ငံ၏

စာမျက်နှာ ၃ ကော်လံ ၁❖

ယနေ့ ဖတ်စရာ

ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ဒေသခံပြည်သူများကို စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများ ပေးအပ် စာမျက်နှာ ၃

အားကောင်းသော တိုင်ဖွန်းမုန်တိုင်းမဝါ အိုကီနာဝါတောင်ဘက် ပင်လယ်ပြင်တွင် ဖြည်းညင်းစွာရွေ့လျားနေ စာမျက်နှာ ၁၃

ပိုးသတ်ဆေးနှင့် ဓာတုဆေးများအန္တရာယ် သတိပြု၍ စနစ်တကျ ဆင်ခြင်အသုံးပြု

မျက်မှောက်ခေတ် စိုက်ပျိုးရေးလုပ်ငန်းများတွင် ဓာတ်မြေဩဇာများနှင့်တကွ စိုက်ပျိုးရေးသုံးဓာတုပစ္စည်းများ (Agro–Chemicals) ကို မရှိမဖြစ် သုံးစွဲလျက်ရှိကြသည်။ သီးနှံပင်များ ပိုးမွှားကျရောက်ခြင်းမှ ကာကွယ်ရန် ပိုးသတ်ဆေးများ၊ ပေါင်းမြက်များကို ရှင်းလင်းရန်အတွက် ပေါင်းသတ်ဆေးများ၊ မှိုရောဂါကျရောက်ခြင်းအတွက် မှိုသတ်ဆေးများ၊ အပင်အသီးအနှံများ ဖွံ့ဖြိုးကြီးထွားရန်အတွက် အပင်ဟော်မုန်းများ စသည်ဖြင့် စိုက်ပျိုးရေးလုပ်ငန်းသုံးဓာတုပစ္စည်းများကို သုံးစွဲရာတွင် အန္တရာယ်ကင်းစွာ စနစ်တကျကိုင်တွယ်သုံးစွဲခြင်းထက် တစ်ဆင့်စကား တစ်ဆင့်နားဖြင့် သုံးစွဲနေမှုများ အများအပြားရှိနေကြသည်ကို တွေ့ရသည်။

အပင်နှင့်သီးနှံများ ပိုးမွှားကျရောက်ခြင်းမှ ကာကွယ်နှိမ်နင်းနိုင်ရန် ထုတ်လုပ်ထားသော ပိုးသတ်ဆေးများသည် ပြင်းထန်သည့် ဓာတုအဆိပ်များဖြစ်ရာ စနစ်တကျကိုင်တွယ်ပြီး ထိထိရောက်ရောက် အသုံးပြုနိုင်ရန်လိုသည်။ သီးနှံပင်ကို ပက်ဖျန်းသည့် ပိုးသတ်ဆေးများသည် အနီးပတ်ဝန်းကျင်ရှိ မြေထု၊ ရေထု၊ လေထုထဲသို့ ကျရောက်လွင့်ပျံ့သွားသည့်အခါတွင် ပတ်ဝန်းကျင်ညစ်ညမ်းမှု၊ အဆိပ်သင့်မှုတို့ ဖြစ်ပေါ်စေသည်။ ပိုးသတ်ဆေးကို စနစ်တကျ မကိုင်တွယ်ခြင်းနှင့် ပိုးသတ်ဆေးဓာတ်ကြွင်းအာနိသင်တို့က လူနှင့်တိရစ္ဆာန်များကို အသက်အန္တရာယ်ဖြစ်စေသည်အထိ အန္တရာယ်ရှိသည်။ စိုက်ပျိုးရေးလုပ်ငန်းသုံးပိုးသတ်ဆေးများနှင့်စပ်လျဉ်း၍ အသိပညာနည်းပါးမှုကြောင့် အသက်သေဆုံးရသည့်ဖြစ်စဉ်များ မကြာခဏ ဖြစ်ပေါ်လေ့ရှိရာ ပညာပေးလုပ်ငန်းများ ကျယ်ကျယ်ပြန့်ပြန့် ထိထိရောက်ရောက် ပြုလုပ်ပေးသွားရန်လည်း လိုအပ်သည်။

သီးနှံစိုက်ခင်းများတွင် ပိုးသတ်ဆေးသုံးစွဲမည်ဆိုပါက ဆေး၏အာနိသင်၊ သုံးစွဲပုံအညွှန်းတို့ကို သေချာစွာ နားလည်သိရှိထားရန် လိုအပ်သည်။ ဆေးဖျန်းမည့်သူသည် ခန္ဓာကိုယ်တစ်ခုလုံးကို ကာကွယ်နိုင်ရန် ဦးထုပ်၊ မျက်မှန်၊ ရော်ဘာလက်အိတ်၊ ပါးစပ်နှာခေါင်းစည်း၊ အကာအကွယ်ဝတ်စုံ၊ ခြေစွပ်ဖိနပ် စသည်တို့ကို လုံလုံခြုံခြုံဝတ်ဆင်ရမည်။ ဆေးဖျန်းကိရိယာပုံး၊ ဆေးဖျန်းပိုက်၊ ဆေးဖျန်းခေါင်းများ ကောင်း မကောင်း၊ လုံ မလုံ စစ်ဆေးရမည်။ ပိုးသတ်ဆေးဘူး၊ ပုလင်းတို့ကို မဖိတ်မစဉ်အောင် ဖွင့်ရမည်ဖြစ်ပြီး ပါးစပ်ဖြင့် ကိုက်ဖွင့်ခြင်းမပြုရ။ ပိုးသတ်ဆေးအရည်၊ အမှုန့်တို့ကို ရေနှင့်ရောစပ်ရာတွင်လည်း တုတ်ဖြင့်သာ မွှေပေးရမည်ဖြစ်ပြီး ၎င်းတုတ်ကို ရေဖြင့် ပြောင်စင်အောင် ဆေးကြောရမည်။ ပိုးသတ်ဆေးဖိတ်စဉ်ကျရောက်သောနေရာများသည် အဆိပ်သင့်သောနေရာများဖြစ်သည့်အလျောက် ကလေးများ၊ ကြက်၊ ဝက် တိရစ္ဆာန်များ အန္တရာယ်ကင်းစေရန် ဆေးဖိတ်စဉ်ကျရောက်ထားသည့်နေရာကို ရေများများလောင်းခြင်း၊ သဲ၊ မြေမှုန့်များဖြင့် သေချာစွာဖုံးအုပ်ခြင်းတို့ ပြုလုပ်ရမည်ဖြစ်ကြောင်း ပညာရှင်များက အကြံပြုထားသည်။

ပိုးသတ်ဆေးဖျန်းသူသည် ကျွမ်းကျင်လုပ်သားသာလျှင်ဖြစ်သင့်ပြီး လေတိုက်ချိန်တွင် လေအောက်မှလေတင်သို့ ဆေးမဖျန်းရန်၊ လေပြင်းထန်စွာတိုက်လာပါက ဆေးဖျန်းခြင်းကို ရပ်နားထားရန်၊ ဆေးဖျန်းချိန်တွင် ကလေးများနှင့် အကာအကွယ်မဲ့လူများ၊ တိရစ္ဆာန်များအနီးတွင် ရှိမနေစေရန်လည်း သတိပြုကြရန်လိုသည်။ ဆေးဖျန်းမှုကို ခေတ္တနားပြီး ဆေးလိပ်သောက်ခြင်း၊ ရေသောက်ခြင်း၊ အစာစားခြင်းတို့ကိုလည်း လုံးဝရှောင်ကြဉ်ကြရမည်ဖြစ်သည်။ ဆေးဖျန်းပြီးချိန်တွင် ဆေးဖျန်းပုံးနှင့် ကိရိယာများ၊ အကာအကွယ်ဝတ်ဆင်ထားသည်များအားလုံးကို ဆပ်ပြာ၊ ရေတို့ဖြင့် ပြောင်စင်အောင် ဆေးကြောလျှော်ဖွပ်ရန်၊ လူ၏ခန္ဓာကိုယ်ကိုလည်း ဆပ်ပြာ၊ ရေများများဖြင့် ချိုးပေးရန်၊ ပိုးသတ်ဆေးပုလင်းဘူးတို့ကို သေချာလုံခြုံစွာ သိမ်းဆည်းရန်နှင့် သုံးစွဲကုန်ဆုံးသွားသော ပုလင်းခွံ၊ ဘူးခွံများကို မြေကျင်းနက်နက်တူး၍ မြှုပ်နှံရန် စသည်တို့ကို ပြုလုပ်ရမည်ဖြစ်ကြောင်း ကျွမ်းကျင်သူများက လမ်းညွှန်ထားသည်။

ဓာတ်မြေဩဇာ၊ ပိုးသတ်ဆေး၊ ပေါင်းသတ်ဆေး၊ မှိုသတ်ဆေးများ အပါအဝင် စိုက်ပျိုးရေးသုံးဓာတုပစ္စည်းများသည် သုံးစွဲသူများအန္တရာယ်ကင်းစေရန်သာမက စိုက်ပျိုးထွက်ရှိလာသည့် သီးနှံများ၌ပါ ဓာတုဓာတ်ကြွင်းအန္တရာယ်ကင်းစေရန် စနစ်တကျအသုံးပြုကြရမည်ဖြစ်သည်။ အထူးသဖြင့် မိမိတို့စိုက်ပျိုးသည့် သီးနှံများသည် ပြည်ပပို့ကုန်အဖြစ် ရည်ရွယ်ပါက နိုင်ငံတကာ စံချိန်စံညွှန်းများနှင့်အညီ ဓာတုဓာတ်ကြွင်းအန္တရာယ်ကင်းရန် ဂရုပြုကြရမည်ဖြစ်သည်။ ပြည်တွင်းပြည်ပ မည်သည့်ဈေးကွက်သို့ ရည်ရွယ်သည်ဖြစ်စေ မိမိတို့စိုက်ပျိုးထုတ်လုပ်လိုက်သည့် ဟင်းသီးဟင်းရွက်၊ သီးနှံ၊ သစ်သီးဝလံများကို စားသုံးသူတို့ အစားအစာဘေးကင်းလုံခြုံရေးအတွက်ဟူသော စိတ်စေတနာဖြင့် ပိုးသတ်ဆေးအပါအဝင် ဓာတုဆေးဝါးများကို စည်းစနစ်တကျ ဆင်ဆင်ခြင်ခြင်အသုံးပြုကြရန် တိုက်တွန်းနှိုးဆော်အပ်ပါကြောင်း။ ။

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ကိုဗစ်–၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ
အသိပေးကြေညာချက်
၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်
(၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်)

ကိုဗစ်–၁၉ ရောဂါပိုး ကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် ၂၀၂၃ ခုနှစ်၊ မေလ ၃၁ ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ (ဖြေလျှော့ပေးမည့်ကိစ္စရပ်များမပါ) အား ၂၀၂၃ ခုနှစ်၊ ဇွန်လ ၃၀ ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ကို လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၃၀

ပြည်ထောင်စု ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara–Ool ဦးဆောင်သောအဖွဲ့ကို ယနေ့ နံနက် ၉ နာရီ ၄၅ မိနစ်တွင် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံး ဧည့်တွေ့ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။ (ဓာတ်ပုံ)

တွေ့ဆုံစဉ် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်တို့အကြား ရွေးကောက်ပွဲဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ပူးပေါင်း ဆောင်ရွက်နိုင်ရန် နားလည်မှုစာချွန်လွှာ (MoU) လက်မှတ်ရေးထိုးနိုင်ရေး ဆောင်ရွက်နေမှု၊ လွတ်လပ်ပြီး တရားမျှတသည့် ရွေးကောက်ပွဲကျင်းပပေးနိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်နေမှု၊ ကျင်းပမည့် ရွေးကောက်ပွဲများတွင် အချိုးကျကိုယ်စားပြုစနစ် ကျင့်သုံးဆောင်ရွက်မည့် အခြေအနေနှင့် နိုင်ငံရေးပါတီ တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ စိစစ်ဆောင်ရွက်နေမှုတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara–Ool က ဒူးမားလွှတ်တော် ဖွဲ့စည်းထားရှိမှုနှင့် လုပ်ငန်းဆောင်ရွက်နေမှုများကို ရှင်းလင်းပြောကြားပြီး ရုရှားနိုင်ငံနှင့် မြန်မာနိုင်ငံတို့၏ ဆက်ဆံရေးသည် အစဉ်အလာကောင်းများရှိခဲ့ပြီး ၇၅ နှစ်တိုင်ရှိခဲ့ပြီဖြစ်ပါကြောင်း၊ ရှေးယခင်ကတည်းက နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်ခဲ့ကြပြီး ရှေ့ဆက်ပြီးလည်း ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ရုရှားနိုင်ငံအနေဖြင့် မြန်မာနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားပြီး အမြဲထောက်ခံအားပေးလျက်ရှိပါကြောင်းပြောကြားကာ သိလိုသည်များကို မေးမြန်းသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌက နိုင်ငံအလိုက်ပြဋ္ဌာန်း ဆောင်ရွက်နေသည့် ဖွဲ့စည်းပုံအခြေခံဥပဒေများသည် တူညီမှုမရှိဘဲ မိမိနိုင်ငံ၊ မိမိအခြေအနေနှင့် ကိုက်ညီစေရန် ရေးဆွဲဆောင်ရွက်ရပါကြောင်း၊ မိမိတို့နိုင်ငံအနေဖြင့် ရွေးကောက်ပွဲများကျင်းပရာတွင် ရွေးကောက်ပွဲ၌ ဝင်ရောက်ယှဉ်ပြိုင်မည့် နိုင်ငံရေးပါတီများ၊ လွှတ်တော်ကိုယ်စားလှယ်လောင်းများနှင့် မဲဆန္ဒရှင်ပြည်သူများက ယုံကြည်လက်ခံသည့် လွတ်လပ်ပြီး တရားမျှတသည့်ရွေးကောက်ပွဲများဖြစ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ပြီးခဲ့သည့် ရွေးကောက်ပွဲများ၏ အားနည်းချက်များကို လေ့လာသုံးသပ်ပြီး လာမည့်ရွေးကောက်ပွဲများတွင် မဲမသမာမှုများ မဖြစ်အောင် ဥပဒေများကို ဆောင်ရွက်ထားပါကြောင်း၊ နိုင်ငံရေးပါတီများအနေဖြင့်လည်း မဲစာရင်းပြုစုခြင်းလုပ်ငန်းစဉ်များကို လေ့လာစောင့်ကြည့်ခွင့်နှင့် ပူးပေါင်းဆောင်ရွက်ခွင့်ရှိမည်ဖြစ်ကြောင်း၊ ကော်မရှင်အနေဖြင့် နိုင်ငံရေးပါတီအားလုံးအား ဥပဒေနှင့်အညီ ဆောင်ရွက်သွားမည်ဖြစ်ပြီး နိုင်ငံရေးပါတီများအား တည်ထောင်ခွင့်နှင့် မှတ်ပုံတင်ခွင့်များ ပြုရာတွင်လည်း ပြဋ္ဌာန်းထားသော ဥပဒေနှင့်အညီ ဆောင်ရွက်ထားခြင်း ရှိမရှိ စစ်ဆေးသွားမည်ဖြစ်ကြောင်း၊ မည်သည့် နိုင်ငံရေးပါတီမဆို ဥပဒေများကို ချိုးဖောက်ပါက အရေးယူခံရမည် ဖြစ်ကြောင်း၊ နိုင်ငံရေးပါတီများ အနေဖြင့် ပြည်ပဩဇာခံများ မဖြစ်စေရေး အရေးကြီးပါကြောင်း၊ နိုင်ငံရေးပါတီများသည် ဥပဒေပြုရေးနှင့် အုပ်ချုပ်ရေးကဏ္ဍများတွင် တာဝန်ယူရမည့်သူများဖြစ်၍ ဒီမိုကရေစီသက်တမ်းနုနယ်သည့် မိမိတို့နိုင်ငံအနေဖြင့် နိုင်ငံရေးပါတီကောင်းများ၊ လူတော်လူကောင်းများ ဖြစ်အောင် ကြိုးစား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ရုရှားနိုင်ငံ ဗဟိုရွေးကောက်ပွဲကော်မရှင်နှင့်ညှိနှိုင်း၍ ရွေးကောက်ပွဲဆိုင်ရာ ကိစ္စရပ်များအား ပူးပေါင်းဆောင်ရွက်သွားမည် ဖြစ်ကြောင်း ပြောကြားခဲ့ပြီး ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များနှင့် ကော်မရှင်ရုံးမှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

၂၀၂၃ ခုနှစ် တိုင်းဒေသကြီးနှင့်ပြည်နယ် (အမျိုးသား/အမျိုးသမီး) တင်းနစ်ပြိုင်ပွဲကို မေ ၂၂ရက်မှ ၂၈ ရက်အထိ ရန်ကုန်မြို့ သိမ်ဖြူတင်းနစ်ကွင်း၌ ကျင်းပရာ ပဲခူးတိုင်းဒေသကြီးမှ အမျိုးသား/အမျိုးသမီး တံခွန်စိုက်ဆုနှင့် စုပေါင်းတံခွန်စိုက်ဆုရရှိခဲ့သည့်အတွက် မေ ၂၉ ရက်က ရွှေမော်ဓောဘုရားလမ်းရှိ ဟသ်ာတင်းနစ်ကွင်းရှေ့တွင် တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီးအောင်သောင်းထိုက်နှင့် တာဝန်ရှိသူများ၊ ဒေသခံပြည်သူများက ဂုဏ်ပြုပန်းကုံးစွပ်၍ သောင်းသောင်းဖြဖြ ကြိုဆိုကြစဉ်။

ကိုတွတ်(ပြန်/ဆက်)

“ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ဘက်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့မှုနှင့် မြန်မာနိုင်ငံ၌ ရွေးကောက်ပွဲကျင်းပချိန်တွင် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ရုရှားနိုင်ငံမှ ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းရင်းနှီးနှီး ဆွေးနွေး ”

❖ *ရှေ့ဖုံးမှ*

သယ်ယူပို့ဆောင်ရေးကဏ္ဍနှင့် လျှပ်စစ်ဓာတ်အား ထုတ်လုပ်ရေးကဏ္ဍများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပူးပေါင်းဆောင်ရွက်လျက်ရှိမှုအခြေအနေများ၊ သိပ္ပံနှင့်နည်းပညာရပ်ပိုင်းဆိုင်ရာ ပညာရပ်များအပါအဝင် လူသားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံသို့ မြန်မာနိုင်ငံမှ ပညာတော်သင်များ စေလွှတ်လျက်ရှိသည့် အခြေအနေများ၊ အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်း (Severe Cyclonic Storm) “မိုခါ” (MOCHA) ဝင်ရောက်မှုကြောင့် သဘာဝဘေးဒဏ်သင့်ခဲ့ရသည့် ဒေသများအတွက် ရုရှားဖက်ဒရေးရှင်းနိုင်ငံမှ ကူညီထောက်ပံ့မှုများ ပေးအပ်သွားမည့်အခြေအနေများ၊ နှစ်နိုင်ငံပြည်သူများအချင်းချင်း ထိတွေ့ဆက်ဆံမှုများ တိုးမြှင့်နိုင်ရေးအတွက် အပြန်အလှန်ခရီးသွားလာရေးကဏ္ဍကို မြှင့်တင်ဆောင်ရွက်သွားမည့် အခြေအနေများ၊ မြန်မာနိုင်ငံနှင့် ရုရှားနိုင်ငံတို့အကြား ဘက်ပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်တိုးမြှင့် ဆောင်ရွက်သွားမည့်အခြေအနေများ၊ မြန်မာနိုင်ငံရွေးကောက်ပွဲကော်မရှင်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံဆွေးနွေးခဲ့မှုနှင့် မြန်မာနိုင်ငံ၌ ရွေးကောက်ပွဲကျင်းပချိန်တွင် လွတ်လပ်၍ တရားမျှတသည့် ရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ရုရှားနိုင်ငံမှ ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများနှင့်စပ်လျဉ်းပြီး ရင်းရင်းနှီးနှီး ဆွေးနွေးခဲ့ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr.Sholban Kara-Ool အား အမှတ်တရလက်ဆောင်ပစ္စည်းပေးအပ်စဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr.Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့နှင့်အတူ မှတ်တမ်းတင်ဓာတ်ပုံရိုက်စဉ်။

တက်ရောက်

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့်အတူ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် တာဝန်ရှိသူများတက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Nikolay LISTOPADOV နှင့် ဒူးမားလွှတ်တော်မှတာဝန်ရှိသူများ တက်ရောက်ကြသည်။

မှတ်တမ်းတင်ဓာတ်ပုံရိုက်

တွေ့ဆုံပွဲအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌတို့သည် အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ပြီး မှတ်တမ်းတင်ဓာတ်ပုံရိုက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကူညီကယ်ဆယ်ရေးအဖွဲ့များနှင့် ဒေသခံပြည်သူများကို စားသောက်ဖွယ်ရာများနှင့် လူသုံးကုန်ပစ္စည်းများ ပေးအပ်

နေပြည်တော် မေ ၃၀

ရခိုင်ပြည်နယ် စစ်တွေ၊ မင်းပြား၊ မြောက်ဦးတပ်နယ်တို့ရှိ နယ်မြေခံတပ်များသို့ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ဝင်များ သွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်နေမှု၊ သောက်သုံးရေလုံလောက်စွာရရှိရေးနှင့် စိုက်ပျိုး/ မွေးမြူရေး ဆောင်ရွက်ထားရှိမှုတို့ကို လိုက်လံရှင်းလင်းပြသကြသည်။

ထို့နောက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး ဖုန်းမြတ်နှင့်အဖွဲ့ဝင်များသည် မင်းပြားမြို့နှင့် မြောက်ဦးမြို့တို့ရှိ နယ်မြေခံတပ်ရင်းများမှ တပ်မတော်သားများနှင့် မိသားစုဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက် အားပေးစကားပြောကြားပြီး မြန်မာနိုင်ငံလိုင်စင်ရကန်ထရိုက်တာများ အသင်းချုပ်(MMCA)နှင့် အလှူရှင်များမှ စုပေါင်းလှူဒါန်းမှုဖြင့် ချက်ပြုတ်ပေးပို့လှူဒါန်းသည့် ဒံပေါက်ထမင်းဘူးများ၊ စားသောက်ဖွယ်ရာပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ယင်းနောက် အခြေခံပညာကျောင်းများသို့ သွားရောက်၍ ကျောင်းသား ကျောင်းသူများနှင့် မိဘအုပ်ထိန်းသူများအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ကာ ကျောင်းသုံးလွယ်အိတ်နှင့်ကျောင်းသုံးပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။ **(ယာပုံ)** ၎င်းနောက် မင်းပြားနှင့် မြောက်ဦးမြို့နယ်အတွင်း သောက်သုံးရေလုံလောက်စွာ ရရှိနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်ထားရှိမှုအခြေအနေများ၊ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ရေနုတ်မြောင်းများ တူးဖော်ဆောင်ရွက်နေမှုအခြေအနေများနှင့် ပတ်သက်၍ လိုက်လံကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်ချက်များအား လိုက်လံရှင်းလင်းပြသကြသည်။

အလားတူ အနောက်ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့် တာဝန်ရှိသူများက စစ်တွေမြို့ နယ်မြေခံတပ်ရှိ သတ်မှတ်နေရာ၌ စတုဒိသာထမင်း/ဟင်းချက်ပြုတ်နေမှုများကို သွားရောက်ကြည့်ရှုအားပေးပြီး လုပ်ငန်းဆောင်ရွက်မှုများ အဆင်ပြေစေရန်အတွက် လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးကာ ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်လျက်ရှိသော မီးသတ်တပ်ဖွဲ့ဝင်များအား ဒံပေါက်ထမင်းဘူးများ ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအား တွေ့ဆုံ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေးလုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေးပြောကြားစဉ်။

မိမိတို့ဒေသတွင် ပိုင်ဆိုင်ထားသည့် ရေခံမြေခံကောင်းများကို အကျိုးရှိစွာအသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်ရမည်

❒ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ခရီးသွားများကို ဆွဲဆောင်နိုင်မှုရှိသည့် သဘာဝပတ်ဝန်းကျင်အလှအပများရှိသည့်အပြင် ရာသီဥတုကောင်းမွန်ပြီး ထင်ရှားသည့်နေရာများကိုလည်း ပိုင်ဆိုင်ထားရှိ၊ ထို့ကြောင့် ပြည်တွင်းပြည်ပ ခရီးသွားများကို ဆွဲဆောင်၍ ခရီးသွားလုပ်ငန်းများ တိုးတက်အောင်ဆောင်ရွက်

နေပြည်တော် မေ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ယနေ့မွန်းလွဲပိုင်းတွင် ခရီးစဉ်တွင်လိုက်ပါလာသည့် အဖွဲ့ဝင်များလိုက်ပါ၍ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေး(MSME) လုပ်ငန်းရှင်များအား ပင်းတယ မြို့ရှိ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသခန်းမ၌ တွေ့ဆုံ ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများနှင့် စီးပွားရေး လုပ်ငန်းဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာများကို ဆွေးနွေး ပြောကြားသည်။

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့သို့ ရောက်ရှိ ကြရာ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ် ရေးအဖွဲ့ဥက္ကဋ္ဌ ဦးအာကာလင်းနှင့် အဖွဲ့ဝင်များ၊ ဒေသခံတိုင်းရင်းသားများက ရိုးရာအိုးစည်များဖြင့် လှိုက်လှဲနွေးထွေးစွာ ကြိုဆိုနှုတ်ဆက်ကြသည်။

MSME လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှုနှင့် လိုအပ်ချက်များအား တစ်ဦးချင်း တင်ပြဆွေးနွေး

ထို့နောက် တွေ့ဆုံပွဲပြုလုပ်မည့် ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသခန်းမသို့ ရောက်ရှိကြပြီး အခမ်း အနားကို စတင်ကျင်းပပြုလုပ်ရာ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် ရှမ်းပြည်နယ် ဝန်ကြီးချုပ်တို့က ဓနုကိုယ်ပိုင်အုပ်ချုပ် ခွင့်ရဒေသ နယ်မြေဒေသဆိုင်ရာအချက်အလက်များ၊ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ စိုက်ပျိုးရေးထွက်ကုန်များ ပြည်ပသို့တင်ပို့ရောင်းချ လျက်ရှိမှု၊ MSME လုပ်ငန်းများအတွက် အထောက် အကူပြုသင်တန်းများ ဖွင့်လှစ်ဆောင်ရွက်လျက်ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ထုတ်ပေးထားသည့် ရင်းနှီးမတည်ငွေများအား စိုက်ပျိုးမွေးမြူရေးဆိုင်ရာ လုပ်ငန်းများအလိုက် ထုတ်ချေးပေးထားမှုနှင့်အာလူး အအေးခန်းတည်ဆောက်ထားရှိမှု၊ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်း စိုက်ပျိုးမွေးမြူရေး လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ MSME လုပ်ငန်း များဖြင့် ကုန်ထုတ်လုပ်မှုများဆောင်ရွက်၍ ပြည်တွင်း၊ ပြည်ပသို့ တင်ပို့ရောင်းချလျက်ရှိမှု၊ သတ္တုသန့်စင်ခြင်း လုပ်ငန်းများ ဆောင်ရွက်လျက်ရှိမှု၊ ကုန်ထုတ်လုပ်မှု လုပ်ငန်းများအတွက် လိုအပ်သည့် နည်းပညာ အထောက်အကူပြုသင်တန်းများ ဖွင့်လှစ်သင်ကြား ပေးလျက်ရှိမှု၊ ရှမ်းပြည်နယ်အတွက် ထုတ်ပေးထားရှိ သည့် နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ MSME လုပ်ငန်းများအတွက် အစုအဖွဲ့များအလိုက် ရင်းနှီး မတည်ငွေများ ထုတ်ချေးပေးထားမှု၊ ဓနုကိုယ်ပိုင် အုပ်ချုပ်ခွင့်ရဒေသအတွင်း ကုန်ထုတ်လမ်းများ ဖောက်လုပ်ပေးထားမှု၊ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်၍ မြစ်ရေတင်လုပ်ငန်း များဆောင်ရွက်ပေးထားမှု၊ ရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးထားမှုနှင့် MSME လုပ်ငန်းများဖွံ့ဖြိုး တိုးတက်စေရေး ဆက်လက်ဆောင်ရွက်သွားမည့် အခြေအနေများနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြသည်။

ယင်းနောက် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ အတွင်းရှိ MSME လုပ်ငန်းရှင်များက ဆွေးနွေးတင်ပြ ကြရာတွင် ရွှေတက်လမ်းအာလူးအစုအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်၊ ချယ်ရီတောင်တန်း လက်ဖက်သမအသင်း အမှုဆောင်အဖွဲ့ဝင် ဦးဘစီ၊ ရွာငံမြို့နယ် သမဝါယမ အသင်းစု မန်နေဂျာ ဦးအောင်ကြင်၊ ရွာငံမြို့နယ် ရွှေသစ်သီးဖျော်ရည်လုပ်ငန်းရှင် ဦးဝင်းမြင့်လေးနှင့် မြို့မိမြို့ဖများ၊ တက်ရောက်လာကြသူများက အာလူး တစ်ဧကချင်း အထွက်နှုန်းတိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များရရှိစေရေး ဆောင်ရွက်နေမှု နှင့် အာလူးမျိုးများ သိုလှောင်ထားရှိရန်အတွက် အာလူးအအေးခန်း သိုလှောင်ရုံဆောက်လုပ်လိုမှု၊ ပင်းတယမြို့နယ်၏ အဓိက ထုတ်ကုန်ဖြစ်သည့် လက်ဖက်ထုတ်လုပ်မှုအား အဆင့်မြင့်ထုတ်ကုန်များ အဖြစ် ထုတ်လုပ်ဖြန့်ဖြူးရောင်းချနိုင်ရေး လိုအပ် သည့် နည်းပညာ၊ စက်ကိရိယာနှင့် ရင်းနှီးမတည်ငွေ များ ကူညီဆောင်ရွက်ပေးစေလိုမှု၊ ရွာငံဒေသတွင် အရည်အသွေးပြည့်မီသည့် ကော်ဖီသီးနှံများကို စိုက်ပျိုး ထုတ်လုပ်လျက်ရှိပြီး ဒေသတွင်းကော်ဖီစိုက်ဧက ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသထွက် ကော်ဖီဈေးကွက် ပိုမိုရရှိရေး လိုအပ်သည်များကို ကူညီပေးစေလိုမှု၊ လမ်းပန်းဆက်သွယ်မှုများ ယခုထက် လွယ်ကူလျင်မြန် ချောမွေ့စေရေး ပင်းတယမြို့ရှောင်လမ်းဆောင်ရွက် ပေးစေလိုမှု၊ ပင်းတယမြို့နှင့် ရွာငံမြို့နယ်၌ သဘာဝ ရေထွက်များ နည်းပါးလာခြင်း၊ လူဦးရေတိုးပွားလာ ခြင်းတို့ကြောင့်သောက်သုံးရေလိုအပ်မှုပမာဏများပြား လာသဖြင့် လိုအပ်သည်များ ကူညီဆောင်ရွက်ပေးစေ လိုမှု၊ ပင်းတယမြို့ ကျက်သရေဆောင် ဘုတ်တလုတ် ရေကန်ကြီး မတိမ်ကော၊ မပျောက်ရေး ဝိုင်းဝန်း ထိန်းသိမ်းဆောင်ရွက်လျက်ရှိမှုနှင့် ဒေသဖွံ့ဖြိုးရေး အတွက် လိုအပ်ချက်များကို အသီးသီးတင်ပြဆွေးနွေး ကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က လိုအပ်သည်များ ပြန်လည် မေးမြန်းဆွေးနွေး ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးများက သက်ဆိုင်ရာ ကဏ္ဍအလိုက် ပြန်လည်ရှင်းလင်းဆွေးနွေး

ဆက်လက်ပြီး လုပ်ငန်းရှင်များ၏ တစ်ဦးချင်း ရှင်းလင်းတင်ပြမှုများနှင့်ပတ်သက်၍ ပြည်ထောင်စု ဝန်ကြီးများက နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေးအတွက် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး (MSME) လုပ်ငန်းများကို အားပေးဆောင်ရွက်လျက် ရှိမှု၊ နိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေမှ ရင်းနှီးမတည်ငွေ များကို ထုတ်ချေးပေးထားမှု၊ ဖွံ့ဖြိုးတိုးတက်ရေး ချေးငွေနှင့် စီးပွားရေးချေးငွေဟူ၍ နှစ်မျိုးခွဲခြား ဆောင်ရွက်လျက်ရှိပြီး လုပ်ထုံးလုပ်နည်းများနှင့်အညီ ချေးငွေများ ရယူနိုင်မှု၊ ချေးငွေများ ရယူပြီးပါကလည်း မှန်မှန်ကန်ကန်သုံးစွဲရန်နှင့် သတ်မှတ်ကာလများ အလိုက် ပြန်လည်ပေးဆပ်သွားရန်လိုအပ်မှု၊ ဒေသ တွင်းစီးပွားရေးလုပ်ငန်းများဖွံ့ဖြိုးရေးနှင့် လူမှုစီးပွား ဘဝ ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် သမဝါယမ အသင်းအဖွဲ့များ စုဖွဲ့၍ လိုအပ်သည့် စက်ကိရိယာ များ၊ အရင်းအနှီးများ မတည်ဆောင်ရွက်ပေးလျက်ရှိမှု၊ MSME လုပ်ငန်းရှင်များအနေဖြင့် စည်းမျဉ်းသတ်မှတ် ချက်များနှင့်အညီ လုပ်ငန်းမှတ်ပုံတင်ခြင်းများ ဆောင်ရွက်ခြင်းဖြင့် အကျိုးကျေးဇူးများရရှိနိုင်မှု၊ ဒေသတွင်းထွက်ရှိသည့် ကော်ဖီနှင့် လက်ဖက်တို့အား ပြည်ပဈေးကွက်များသို့ တိုးချဲ့တင်ပို့နိုင်ရေး၊ ပြည်ပ ကုန်စည်များ၌ ပါဝင်ပြသနိုင်ရေး ဆောင်ရွက်ပေး လျက်ရှိမှုနှင့် အခြားလိုအပ်သည်များကို ဆွေးနွေး ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ပြည်နယ် အစိုးရအဖွဲ့အနေဖြင့် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ မှ စီးပွားရေးလုပ်ငန်းရှင်များ၊ မြို့မိမြို့ဖများ တင်ပြ သည့် ဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် စီးပွားရေးဖွံ့ဖြိုး တိုးတက်ရေးတို့အတွက် လိုအပ်ချက်များ တင်ပြမှု အပေါ် အလေးထားမှတ်သား၍ ပြည်နယ်အစိုးရအဖွဲ့ အနေဖြင့် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အမြန်ဆုံး ဆက်သွယ်ဆောင်ရွက်ပေးသွားမည်ဖြစ်သည့် အခြေ အနေများနှင့်ပတ်သက်၍ ဆွေးနွေးပြောကြားသည်။

ဒေသ၏ ရေခံမြေခံကောင်းများကို အကျိုးရှိစွာ အသုံးချ၍ ဒေသဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်ရန်လို

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က ဒေသဖွံ့ဖြိုးတိုးတက် ရေးနှင့် စီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ များနှင့် ပတ်သက်၍ ဆွေးနွေးပြောကြားရာတွင် ဓနု ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် စီးပွားရေးနှင့် ပတ်သက်၍ အလားအလာကောင်းများ များစွာ ပိုင်ဆိုင်ထားသည့် ဒေသတစ်ခုဖြစ်ကြောင်း၊ စိုက်ပျိုး ရေးလုပ်ငန်းတွင် ရာသီသီးနှံများနှင့် နှစ်ရှည်သီးနှံများ ကို စိုက်ပျိုးကြသည်ကို တွေ့ရှိရကြောင်း၊ စိုက်ပျိုးရေး လုပ်ငန်းသည် **"ဥတုရာသီတောကိုမှီ"** ဟူသည့် အတိုင်း သဘာဝသစ်တောသယံဇာတများ မပြုန်းတီး မှ ရာသီဥတုကောင်းမွန်နိုင်ပြီး ဥတုရာသီကောင်းမွန်မှ သာ စိုက်ပျိုးရေးလုပ်ငန်းအတွက် ***စာမျက်နှာ ၅ သို့***

စာမျက်နှာ ၄ မှ

အဓိကလိုအပ်သည့် စိုက်ပျိုးရေများကို လုံလောက်စွာ ရရှိမည်ဖြစ်ကြောင်း၊ သစ်တောများ ပြုန်းတီးမှုမရှိစေရေး အားလုံးပူးပေါင်း ဆောင်ရွက်သွားကြရန်လိုကြောင်း၊ သစ်တောများ ပြုန်းတီးမှုဖြစ်ပေါ်ခြင်းကြောင့် ရာသီဥတုများပူပြင်းလာနိုင်ပြီး စိုက်ပျိုးရေများ ခန်းခြောက်သွားနိုင်သဖြင့် သစ်တောများ ပြုန်းတီးမှုမရှိအောင် ဒေသတွင်းနေထိုင်သူများနှင့် တာဝန်ရှိသူများက ဝိုင်းဝန်းထိန်းသိမ်းဆောင်ရွက်ကြစေလိုကြောင်း၊ နေသာသည့်ရက်များတွင်လည်း နေရောင်ခြည်ကို အကျိုးရှိစွာအသုံးချ၍ နေရောင်ခြည်စွမ်းအင်သုံး လျှပ်စစ်ဓာတ်အားထုတ်လုပ်ခြင်းကိုဆောင်ရွက်၍ ရနိုင်မည်ဖြစ်ကြောင်း၊ ပင်းတယဒေသတွင် ဝမ်းစာဖူလုံမှုရှိသည်ကို အချက်အလက်များအရ တွေ့ရှိရသော်လည်း ပန်းတိုင်ရည်မှန်းချက်များ ပြည့်မီမှုမရှိသေးကြောင်း၊ အထွက်နှုန်းကောင်းမွန်သည့်မျိုးများကို ရွေးချယ်စိုက်ပျိုးကြစေလိုကြောင်း။

ဒေသတွင်းဝမ်းစာဖူလုံမှုရှိပါက ပြင်ပမှဝယ်ယူစားသုံးရန်မလိုအပ်သောကြောင့် ဒေသတွင်းငွေကြေးလည်ပတ်မှုကောင်းမွန်စေမည်ဖြစ်ကြောင်း၊ ထို့ကြောင့် စိုက်ဧက တိုးချဲ့ခြင်းထက် တစ်ဧကချင်း အထွက်နှုန်းများတိုးတက်ရေးကို ဆောင်ရွက်ကြရန်လိုကြောင်း၊ အလားတူ အခြားသီးနှံများကိုလည်း ပန်းတိုင်ရည်မှန်းချက်ပြည့်မီအောင် ဆောင်ရွက်မည်ဆိုပါက ဝင်ငွေများ ပိုမိုကောင်းမွန်လာပြီး ဒေသစီးပွားရေးနှင့်ဒေသခံများ၏ လူမှုစီးပွားဘဝများ တိုးတက်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ဒေသတွင်းပိုင်ဆိုင်ထားပြီးဖြစ်သည့် ရေခံမြေခံကောင်းများကို စနစ်တကျဖြင့် အကျိုးရှိစွာအသုံးချပြီး ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဆောင်ရွက်ကြစေလိုကြောင်း။

စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အခြေခံသည့် ကုန်ထုတ်လုပ်မှုလုပ်ငန်းများကို အားပေးဆောင်ရွက်

မွေးမြူရေးနှင့်ပတ်သက်၍ အထွက်နှုန်းများ တိုးတက်စေရန်အတွက် အထွက်နှုန်းကောင်းသည့်မျိုးများကို စနစ်တကျဖြင့် မွေးမြူရန်လိုကြောင်း၊ ပင်းတယဒေသတွင် ကြက်၊ ဝက်၊ နွားနှင့် အခြားတိရစ္ဆာန်များကို အောင်မြင်အောင်မွေးမြူဆောင်ရွက်မည်ဆိုပါက နိုင်ငံအတွက် အသားထုတ်လုပ်မှုများကို ဆောင်ရွက်ပေးနိုင်သည့် ဒေသတစ်ခုဖြစ်လာမည်ဖြစ်ကြောင်း၊ နို့စားနွားများမွေးမြူ၍လည်း နို့နှင့် နို့ထွက်ကုန်များကို ထုတ်လုပ်နိုင်ကြောင်း၊ တိရစ္ဆာန်အစားအစာများထုတ်လုပ်နိုင်သည့် စိုက်ပျိုးရေးထုတ်ကုန်များ ဒေသတွင်း၌ရှိပြီးဖြစ်ခြင်းကြောင့် မွေးမြူရေးလုပ်ငန်းကို များစွာအထောက်အကူပြုစေမည်ဖြစ်ကြောင်း။

မိမိတို့အနေဖြင့် MSME ကုန်ထုတ်လုပ်ငန်းများ ဆောင်ရွက်ရာ၌ စိုက်ပျိုးမွေးမြူရေးထုတ်ကုန်များကို အားပေးဆောင်ရွက်နေခြင်းမှာ စိုက်ပျိုးရေးလုပ်ငန်းများကို အောင်မြင်ဖြစ်ထွန်းအောင် ဆောင်ရွက်၍ ကုန်ထုတ်လုပ်မှုအတွက် သေချာသည့် ကုန်ကြမ်းများကို ရရှိနိုင်ခြင်းကြောင့်ဖြစ်ကြောင်း၊ စိုက်ပျိုးရာတွင် လိုအပ်သည့် သဘာဝမြေဩဇာနှင့် ရေကို လုံလောက်စွာအသုံးပြုရန်လိုကြောင်း၊ စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် အာဟာရပြည့်ဝအောင် သွင်းအားစုများ မှန်မှန်ကန်ကန်ဖြင့် စိုက်ထည့်ဆောင်ရွက်မည်ဆိုပါက အထွက်နှုန်းများ တိုးတက်ကောင်းမွန်လာမည်ဖြစ်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများအား စိတ်ဝင်တစား ကြည့်ရှုလေ့လာစဉ်။

ဒေသတွင်း ပညာတတ် လူသားအရင်းအမြစ်ကောင်းများ ရရှိရေး

ဟင်းသီးဟင်းရွက်များစိုက်ပျိုးရာတွင် ပိုးသတ်ဆေးများအသုံးပြုမှုကို အန္တရာယ်ရှိသည်အထိ အသုံးမပြုစေလိုကြောင်း၊ စိုက်ခင်းများအတွက် ရေသုံးစွဲရာတွင်လည်း စနစ်တကျ ထိရောက်စွာဆောင်ရွက်ရန်လိုကြောင်း၊ ပင်းတယဒေသတွင် စိုက်ပျိုးရေးလုပ်ငန်းများကိုဆောင်ရွက်ရာ၌ စိုက်နည်းစနစ်များ၊ မြေပြုပြင်ခြင်းများနှင့် ရေအသုံးချခြင်းများကို ထိရောက်စွာအသုံးပြုသွားမည်ဆိုပါက စိုက်ပျိုးရေးထုတ်ကုန်များကို ယခုထက် ပိုမိုထုတ်လုပ်နိုင်မည်ဖြစ်ကြောင်း၊ ထိုသို့ထုတ်လုပ်နိုင်ရန်အတွက် စိုက်ပျိုးရေးပညာကျွမ်းကျင်သူများ များစွာလိုအပ်ကြောင်း။

စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအတွက် လိုအပ်သည့် လူသားအရင်းအမြစ်များ ကြွယ်ဝစွာရရှိရေးအတွက် ဒေသတွင်းပညာတတ်များ ပေါ်များရန်လိုကြောင်း၊ ပင်းတယဒေသတွင် ပညာသင်ကြားမှုနှင့်ပတ်သက်၍ အားနည်းမှုများရှိသည်ကို တွေ့ရှိရကြောင်း၊ နည်းပညာစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်းများ၌ ပညာသင်ကြားနိုင်ရန် အနိမ့်ဆုံးအလယ်တန်းအဆင့်အထိ အောင်မြင်ထားရန်လိုအပ်ကြောင်း၊ အတန်းပညာများရှိမှသာ အတတ်ပညာရှိမည်ဖြစ်ပြီး အတတ်ပညာများရှိမှသာ ကျွမ်းကျင်သူများဖြစ်လာမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ပင်းတယဒေသအတွင်း ပညာတတ်များပေါ်များရေး ပညာရေးကို ဝိုင်းဝန်းအားပေးဆောင်ရွက်ကြရန် လိုကြောင်း။

ဒေသတွင်းခရီးသွားလုပ်ငန်း တိုးတက်ခြင်းဖြင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးကို ဖြစ်ပေါ်စေနိုင်မည်

ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသသည် ခရီးသွားများကိုဆွဲဆောင်နိုင်မှုရှိသည့် သဘာဝပတ်ဝန်းကျင်အလှအပများရှိသည့်အပြင် ရာသီဥတုကောင်းမွန်ပြီး ထင်ရှားသည့်နေရာများကိုလည်း ပိုင်ဆိုင်ထားရှိကြောင်း၊ ထို့ကြောင့် ပြည်တွင်းပြည်ပ ခရီးသွားများကို ဆွဲဆောင်၍ ခရီးသွားလုပ်ငန်းများ တိုးတက်အောင် ဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသမှထွက်ရှိသည့် ရိုးရာအစားအသောက်များနှင့် ဒေသထွက်ကုန်များကို ဆွဲဆောင်မှုရှိအောင်နှင့် အရည်အသွေးကောင်းမွန်အောင် ဆောင်ရွက်နိုင်မည်ဆိုပါက ဒေသဖွံ့ဖြိုးတိုးတက်မှုကို များစွာအထောက်အကူဖြစ်စေနိုင်မည်ဖြစ်ပြီး ဒေသသို့လာရောက်သူများလည်း များပြားလာမည်ဖြစ်ကြောင်း၊ အလားတူ မိမိတို့ဒေသအတွင်း သန့်ရှင်းသာယာလှပရေးအတွက်လည်း ဒေသခံပြည်သူများ၊ ဒေသတွင်း တာဝန်ထမ်းဆောင်လျက်ရှိသည့် ဌာနဆိုင်ရာဝန်ထမ်းများအားလုံး ဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်း၊ ဒေသမှအဓိကထွက်ရှိသည့် လက်ဖက်၊ ကော်ဖီ၊ ပဲပုပ် စသည့်စားသောက်ကုန်များကို အရသာရှိအောင်ဆောင်ရွက်၍ ထုပ်ပိုးမှုများကို စနစ်တကျဖြင့် ဆောင်ရွက်နိုင်မည်ဆိုပါက ခရီးသွားများကို ပိုမိုဆွဲဆောင်နိုင်မည်ဖြစ်သဖြင့် ရောင်းအားများ တိုးတက်လာမည်ဖြစ်ကြောင်း၊ အဓိကအားဖြင့် လိုအပ်သည်မှာ ဒေသတွင်း၌ နေထိုင်သူများအားလုံး အလုပ်လုပ်ကိုင်ရန်ဖြစ်ပြီး မိမိတို့ အလုပ်လုပ်ခြင်း၏အကျိုးကို မိမိတို့ ပြန်လည်ခံစားရမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် နိုင်ငံရေးဆောင်ရွက်နေခြင်းမဟုတ်ဘဲ နိုင်ငံ့အရေးအတွက်ကိုသာ ဦးတည်ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နိုင်ငံရေးအရ သဘောထားကွဲလွဲမှုများ ရှိနိုင်သော်လည်း ဒေသဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဆောင်ရွက်ခြင်းဖြင့် ဒေသအကျိုး သယ်ပိုးကြရန်လိုကြောင်း၊ ယနေ့တွင် အကြံပြုဆွေးနွေးပြောဆိုမှုများသည်လည်း ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသနှင့် ဒေသတွင်းနေထိုင်သည့်ဒေသခံများ၏ အကျိုးအတွက် တိုက်တွန်းဆွေးနွေးပြောဆိုခြင်းသာ ဖြစ်ကြောင်း၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသအတွင်းလုပ်ငန်းများ အောင်မြင်ဖြစ်ထွန်းစွာဆောင်ရွက်နိုင်မည်ဟုလည်း ယုံကြည်ပါကြောင်း၊ နယ်မြေဒေသဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးအတွက် အားလုံးဝိုင်းဝန်း ကြိုးပမ်းဆောင်ရွက်ကြစေလိုကြောင်း ဆွေးနွေးပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် တက်ရောက်လာကြသည့် အသေးစား၊ အငယ်စားနှင့် အလတ်စားစီးပွားရေး(MSME) လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီးနှုတ်ဆက်သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် ဒေသထွက်ကုန်ပစ္စည်းများ၊ စားသောက်ကုန်၊ လူသုံးကုန်၊ စက်မှုလက်မှုထုတ်ကုန်၊ ရိုးရာလက်မှုထုတ်ကုန်များ၊ အဝတ်အထည်များ စသည့်ထုတ်ကုန်ပစ္စည်းများ ခင်းကျင်းပြသထားရှိမှုများကို ပြကွက်တစ်ခုချင်းစီအလိုက် စိတ်ဝင်တစားဖြင့် လေ့လာခဲ့ပြီး ဈေးကွက်ရရှိမှု အခြေအနေများကို မေးမြန်းဆွေးနွေးရာ လုပ်ငန်းအလိုက် စီးပွားရေးလုပ်ငန်းရှင်များက လိုက်လံရှင်းလင်းတင်ပြခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ကွန်ပျူတာတက္ကသိုလ်(ပြည်)၌ (၁၃)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနား ကျင်းပ

ပြည် မေ ၃၀

၂၀၂၁-၂၀၂၂ ခုနှစ် ပညာသင်နှစ်အတွက် ကွန်ပျူတာတက္ကသိုလ်(ပြည်)၏ (၁၃)ကြိမ်မြောက်ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါ တက္ကသိုလ်ဘွဲ့နှင်းသဘင်ခန်းမ၌ကျင်းပရာ ပဲခူးတိုင်းဒေသကြီး သယံဇာတရေးရာဝန်ကြီး ဦးတင်သိန်းနှင့်အဖွဲ့ဝင်များ တက်ရောက်အားပေးသည်။

အခမ်းအနားတွင် ကွန်ပျူတာတက္ကသိုလ် (ပြည်) ပါမောက္ခချုပ် ဒေါက်တာယုဇနက ကျောင်းသား ကျောင်းသူများအား နိုင်ငံတစ်နိုင်ငံ၏ဖွံ့ဖြိုးတိုးတက်ရေးတွင် လူ့စွမ်းအားအရင်းအမြစ်သည် အလွန်အရေးကြီးပြီး လူ့စွမ်းအားအရင်းအမြစ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အဓိကကျသည်မှာ ပညာရေးမဏ္ဍိုင်ဖြစ်ကြောင်း စသည်ဖြင့် ပြောကြားပြီး ၂၀၂၁ - ၂၀၂၂ ပညာသင်နှစ်အတွက် ကွန်ပျူတာတက္ကသိုလ် (ပြည်)မှ ဘွဲ့ရရှိသူကျောင်းသား ကျောင်းသူ စုစုပေါင်း ၉၂ ဦးတို့အား ဘွဲ့လက်မှတ်နှင့်အဆောင်ယောင်များ အပ်နှင်းချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။

ခရိုင်ပြန်/ဆက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြားစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများအား တွေ့ဆုံအမှာစကားပြောကြား

နေပြည်တော် မေ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကလောမြို့ရှိ စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီးများနှင့် သင်တန်းသား အရာရှိကြီးများအား ယနေ့နံနက်ပိုင်းတွင် အဆိုပါသင်တန်းကျောင်းခန်းမ၌ တွေ့ဆုံအမှာစကား ပြောကြားသည်။

အဆိုပါ တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီး မောင်မောင်အေးနှင့် ကာကွယ်ရေး ဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အရှေ့ပိုင်း တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ စစ်ဦးစီးတက္ကသိုလ် ကျောင်းအုပ်ကြီး၊ နည်းပြအရာရှိကြီးများနှင့် သင်တန်းသားအရာရှိကြီးများ တက်ရောက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် နယ်မြေခံတပ်အတွင်းရှိ နတ်ရေကန်ရေထွက် ရေကန်သဲနုန်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်ပြင်ဆင်ထားမှုကို ကြည့်ရှုစစ်ဆေးစဉ်။

မိမိတို့တစ်ဦးချင်းစီ၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ မပျောက်ပျက်စေရေး စဉ်ဆက်မပြတ်သော ကြိုးစားအားထုတ်မှုရှိရမည်

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် စစ်ဦးစီးတက္ကသိုလ်သည် လက်ရုံး ရည်၊ နှလုံးရည်ဖြင့် ပြည့်ဝသည့် အရာရှိကြီးများ ကို မွေးထုတ်ပေးလျက်ရှိပြီး သင်တန်းသားအရာရှိ ကြီးများအနေဖြင့် ယခုသင်တန်းအစကာလမှ သင်တန်းပြီးဆုံးသည်အထိ စဉ်ဆက်မပြတ်သော ကြိုးစားအားထုတ်မှုများဖြင့် ဆောင်ရွက်ရန်လို ကြောင်း၊ လူသားတိုင်းသည် ငယ်စဉ်ကတည်းကပင် တစ်ဦးချင်းစီအလိုက် ရည်ရွယ်ချက်များနှင့် မျှော်မှန်း ချက်များ ကိုယ်စီရှိကြပြီး မိမိတို့၏ မျှော်မှန်းချက်များ မပျောက်ပျက်စေရေး စဉ်ဆက်မပြတ် ကြိုးစား အားထုတ်ကြရမည်ဖြစ်ကြောင်း၊ ထိုကဲ့သို့ ရည်မှန်း ချက်များရှိမှသာလျှင် ကြိုးစားအားထုတ်မှုများလည်း ရှိလာမည်ဖြစ်ပြီး အောင်မြင်မှုများရရှိစေရေး မိမိ ကိုယ်ကိုမိမိ တည်ဆောက်လာနိုင်မည်ဖြစ်ကြောင်း။

တာဝန်ထမ်းဆောင်မှုများ၊ ကြိုးစားအားထုတ်မှုများနှင့် ပတ်သက်လာပါက မိမိကိုယ်ကို မှတ်တမ်းတင်နိုင်သည်အထိ ကြိုးစားဆောင်ရွက်သွားကြစေလို

သင်တန်းသား အရာရှိကြီးများအားလုံးသည် တပ်ရင်းတပ်ဖွဲ့များကို ဦးဆောင်နိုင်သည့် အရာရှိကြီး များဖြစ်ကြပြီး ကြီးလေးသည့်တာဝန်များကို ထမ်းဆောင်နေကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် လုပ်ငန်းများ ဆောင်ရွက်ရာတွင် အမှားအယွင်း အနည်းဆုံးဖြင့် ဆောင်ရွက်နိုင်ရန်လိုကြောင်း၊ တပ်ရင်းတစ်ရင်းကို စီမံခန့်ခွဲမှုလုပ်ငန်းများကို စနစ် တကျလေ့လာ၍ ဆောင်ရွက်ပါက တန်ဖိုးမဖြတ်နိုင် သည့် စီမံခန့်ခွဲမှုဆိုင်ရာ အတွေ့အကြုံကောင်းများကို ရရှိနိုင်မည်ဖြစ်ပြီး အခြားနယ်ပယ်များတွင်လည်း အသုံးချနိုင်မည်ဖြစ်ကြောင်း၊ တပ်ရင်းမှူးတာဝန် ထမ်းဆောင်ခဲ့ချိန်၌ ကြုံတွေ့ခဲ့ရသည့် အတွေ့အကြုံ များ၊ ယခုသင်တန်း တက်ရောက်ချိန်တွင် သင်ကြား ပေးသည့် သင်ခန်းစာများကို ချိန်ထိုးစဉ်းစား ဆောင်ရွက်ပြီး သင်တန်းဆင်းပြီးပါက မိမိဦးဆောင် ရသည့် တပ်ရင်းတပ်ဖွဲ့များကို ပိုမိုတိုးတက်အောင် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ သင်တန်းစတင်သည် မှ ပြီးဆုံးသည့်အချိန်အထိ သင်ကြားပေးသည့် ဘာသာရပ်များကို မှန်မှန်ကန်ကန်ဖြင့် လေ့လာ သင်ယူကြရန်လိုကြောင်း၊ တာဝန်ထမ်းဆောင်မှုများ၊ ကြိုးစားအားထုတ်မှုများနှင့် ပတ်သက်၍ မိမိကိုယ်ကို မှတ်တမ်းတင်နိုင်သည်အထိ ကြိုးစားဆောင်ရွက် သွားကြစေလိုကြောင်း။

မိမိကိုယ်ကို အသိတရား၊ သတိတရားဖြင့် ထိန်းသိမ်းဆောင်ရွက်မှသာ လုပ်ငန်းဆောင်ရွက်မှုများ အောင်မြင်နိုင်မည်

မိမိကိုယ်ကို ထိန်းသိမ်းနေထိုင်မှုနှင့် ပတ်သက်၍ မိမိလက်အောက် အရာရှိ၊ စစ်သည်များ စည်းကမ်း စနစ်တကျဖြစ်စေရေး ထိန်းသိမ်းရန် လိုအပ်သကဲ့သို့ မိမိတို့ကိုယ်တိုင်လည်း စည်းကမ်းစနစ်တကျရှိစေရေး အသိတရားဖြင့် ထိန်းသိမ်းဆောင်ရွက်ကြရမည်ဖြစ် ကြောင်း၊ မိမိတို့ တစ်ဦးတစ်ယောက်ချင်းစီ၏ ရည်မှန်းချက်တာဝန်များကို ဆောင်ရွက်ရာတွင် အသိ တရား၊ သတိတရားဖြင့် ထိန်းသိမ်း၍ ဆောင်ရွက် ကြမည်ဆိုပါက မိမိတို့၏ လုပ်ငန်းဆောင်ရွက်မှုများကို အောင်မြင်နိုင်မည်ဖြစ်ကြောင်း။

သင်တန်းတက်ရောက်ချိန်ကာလအတွင်း တပ်မ တော်နှင့် ပတ်သက်သည့်ပညာရပ်များ၊ စစ်မြေပြင် စည်းမျဉ်းစည်းကမ်းများကို စနစ်တကျသင်ယူပြီး လက်တွေ့ပြန်လည်အသုံးချနိုင်ရေး ဆောင်ရွက်ရန် လိုကြောင်း၊ လေ့လာမှုအားကောင်းမှသာလျှင် တွေးခေါ်ကြံဆမှုများ ကောင်းမွန်မည်ဖြစ်ပြီး ဘဝ တိုးတက်ရေးကို အထောက်အကူဖြစ်စေနိုင်မည် ဖြစ်သည့်အတွက် စဉ်ဆက်မပြတ်သော လေ့လာမှု များဖြင့် ဘဝတစ်လျှောက်လုံး ဆက်လက် အားထုတ်ကြိုးပမ်းသွားကြရန်လိုကြောင်း မှာကြား သည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင်များသည် အခမ်းအနားသို့ တက်ရောက်လာ ကြသည့် နည်းပြအရာရှိကြီးများနှင့် သင်တန်းသား အရာရှိကြီးများအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက် သည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင် များသည် ကလောတပ်နယ်ရှိ နယ်မြေခံတပ်ရင်းဌာန ချုပ်များသို့ သွားရောက်၍ တပ်တွင်းအရောင်းဆိုင်၌ စားသောက်ကုန်ပစ္စည်းများနှင့် လူသုံးကုန်ပစ္စည်း များကို သက်သာသောဈေးနှုန်းများဖြင့် ရောင်းချပေး နေမှုများကို ကြည့်ရှုစစ်ဆေးသည်။ ထို့ပြင် နယ်မြေခံ တပ်အတွင်းရှိ နတ်ရေကန်ရေထွက် ရေကန်သဲနုန်း တူးဖော်ခြင်းလုပ်ငန်း ဆောင်ရွက်ရန်ပြင်ဆင်ထားရှိမှု အား ကြည့်ရှုစစ်ဆေးပြီး ရေကန်ပေါင်များ စနစ် တကျရှိစေရေး ပြန်လည်ပြုပြင်ရန်၊ မိုးမကျမီသဲနုန်း တူးဖော်ခြင်းအား အပြီးဆောင်ရွက်ရန်နှင့် အခြား လိုအပ်သည်များကို လမ်းညွှန်မှာကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အဖွဲ့ဝင် များသည် စစ်ဦးစီးတက္ကသိုလ်မှ နည်းပြအရာရှိကြီး များ၊ သင်တန်းသားအရာရှိကြီးများနှင့်အတူ နေ့လယ်စာကို အတူတကွ သုံးဆောင်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၂၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းသည် ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌ H.E. Mr. Sholban Kara-Ool ဦးဆောင်သည့် ကိုယ်စားလှယ်အဖွဲ့အား ယနေ့ မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ (ယာပုံ)

မြန်မာ-ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆွေးနွေး

တွေ့ဆုံစဉ် ဆိုင်ကလုန်းမုန်တိုင်းမိုခါနှင့် စပ်လျဉ်းသည့် ပြန်လည်ထူထောင်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ - ရုရှား နှစ်နိုင်ငံ ခရီးသွားလုပ်ငန်း ပူးပေါင်းဆောင်ရွက်ရေးနှင့် ခရီးသွားကဏ္ဍတိုးမြှင့်ရေး၊ မြန်မာ-ရုရှား နှစ်နိုင်ငံ လေကြောင်းလိုင်းများ ပုံမှန်ပျံသန်းနိုင်ရေး၊ မြန်မာ့မီးရထားကဏ္ဍ မြှင့်တင်နိုင်ရေးအခြေအနေ၊ မြန်မာနိုင်ငံအတွင်း အသေးစားနျူကလီးယား လျှပ်စစ်ဓာတ်အား ထုတ်လုပ်နိုင်ရေး၊ စွမ်းအင်ကဏ္ဍ၊ ရင်းနှီးမြှုပ်နှံမှုကဏ္ဍနှင့် နည်းပညာကဏ္ဍ၊ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာကိစ္စရပ်များ၊ မြန်မာ - ရုရှား ချစ်ကြည်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာဆွေးနွေးကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တာဝန်ရှိသူများ တက်ရောက်

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးအောင်သော်၊ ဒုတိယဝန်ကြီးများဖြစ်ကြသည့် ဦးအောင်ကျော်ထွန်း၊ ဦးသန့်စင်၊ ဒေါက်တာအောင်ဇေယျနှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး ရုရှားဖက်ဒရေးရှင်းနိုင်ငံ ဒူးမားလွှတ်တော် ဒုတိယဥက္ကဋ္ဌနှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ ရုရှားဖက်ဒရေးရှင်းနိုင်ငံ သံအမတ်ကြီး H.E.Mr. Nikolay LISTOPADOV နှင့် ဒူးမားလွှတ်တော်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

❒ *ကျောဖုံးမှ*

ဆွေးနွေးခဲ့ကြပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်လဲလှယ်ကြကာ မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

တွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း)နှင့်အတူ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း) မှ ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးနှင့် တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်၊ ပူးတွဲစစ်ဦးစီးဌာန၊ ခေတ္တစစ်ဘက်ထောက်လှမ်းရေး ညွှန်ကြားရေးမှူးချုပ်နှင့်အတူ မြန်မာနိုင်ငံဆိုင်ရာ တရုတ်စစ်သံမှူး Senior Colonel Wang Wei နှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

သတင်းစဉ်

မိုးတိမ်တောင်များဖြစ်ပေါ်မှု အားကောင်းနေ

နေပြည်တော် မေ ၂၀

မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းမှုအားကောင်းနေပြီး အဆိုပါ မိုးတိမ်တောင်များ ရွေ့လျားရာ နေရာတစ်လျှောက်တွင် မိုးရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်းနှင့် မိုးသီးကြွေခြင်းစသည့် မိုးလေဝသဖြစ်စဉ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် ကြိုတင်သတိပြုနိုင်ပါရန် အကြံပြုအပ်ပါသည်။

မိုး/ဇလ

ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ဌာနဆိုင်ရာဝန်ထမ်းများနှင့် တွေ့ဆုံ

နေပြည်တော် မေ ၂၀

ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်သည် ယမန်နေ့ နံနက်ပိုင်းတွင် ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန (ပြည်နယ်ရုံး)သို့ သွားရောက်၍ ဝန်ကြီးဌာနလက်အောက်မှ စီမံကိန်းရေးဆွဲရေးဦးစီးဌာန၊ ဗဟိုစက်ပစ္စည်း၊ စာရင်းအင်းနှင့်စစ်ဆေးရေးဦးစီးဌာန၊ မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်၊ မြန်မာ့အာမခံလုပ်ငန်း၊ ရသုံးမှန်းခြေငွေစာရင်းဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ငွေရေးကြေးရေး ကြီးကြပ်စစ်ဆေးရေးဦးစီးဌာနနှင့် ပင်စင်ဦးစီးဌာနတို့မှ ဝန်ထမ်းများကို ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်သည်။(ယာပုံ)

တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန်က ရှမ်းပြည်နယ် တောင်ကြီးမြို့ရှိ စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာနမှ နိုင်ငံ့ဝန်ထမ်းများအနေဖြင့် စီမံကိန်းလျာထားချက်များအား အောင်မြင်စွာ အကောင်အထည်ဖော်ရေးနှင့် စစ်ဆေးကြပ်မတ်ဆောင်ရွက်ရေး၊ အရည်အသွေးပြည့်မီသော ချေးငွေများ ထုတ်ချေးနိုင်ရေး၊ ငွေရေးကြေးရေးဆိုင်ရာ ဆောင်ရွက်သည့် အဖွဲ့အစည်းများအနေဖြင့် ဘဏ္ဍာရေးဆိုင်ရာ လုပ်ထုံးလုပ်နည်းများ၊ စည်းမျဉ်းစည်းကမ်း၊ ဥပဒေ၊ နည်းဥပဒေများနှင့်အညီ ဆောင်ရွက်ရေး၊ ဝန်ထမ်းများအနေဖြင့် စည်းလုံးညီညွတ်စွာဖြင့် တာဝန်ထမ်းဆောင်ရေးနှင့် ပြည်နယ်အစိုးရအဖွဲ့၊ အခြားသော ဌာနဆိုင်ရာ အဖွဲ့အစည်းများနှင့် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ရေးတို့ကို မှာကြားသည်။

ပေါင်းစပ်ညှိနှိုင်း

ထို့နောက် ဌာနများမှ တင်ပြလာသော ဝန်ထမ်းရေးရာကိစ္စရပ်များ၊ သက်သာချောင်ချိရေးကိစ္စရပ်များ၊ လုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို ပေါင်းစပ်ညှိနှိုင်းဖြေရှင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ရခိုင်ပြည်နယ် သဘာဝဘေးအန္တရာယ်ကယ်ဆယ်ရေးလုပ်ငန်းများတွင်အသုံးပြုမည့် ကူညီကယ်ဆယ်ရေးပစ္စည်းများ ပေးပို့

နေပြည်တော် မေ ၂၀

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ လမ်းညွှန်မှုအရ ပို့ဆောင်ဆက်သွယ်ရေးလုပ်ငန်းကော်မတီ၏ စီစဉ်ကြီးကြပ်မှုဖြင့် ရခိုင်ပြည်နယ်သို့ ကူညီကယ်ဆယ်ရေးပစ္စည်းများကို ရေယာဉ်၊ လေယာဉ်၊ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိရာ MV Charites ရေယာဉ်သည် သွပ် ၁၁၂၆၂၇ ချပ်၊ ဘိလပ်မြေအိတ် ၃၀၀၀၊ သံချောင်းတန် ၄၀၀၊ မိုးကာဖျင် ၂၉၇ လိပ်၊ အိမ်ရိုက်သံဖာ ၄၀၊ သစ်တင်ယာဉ် လေးစီး၊ ကျွန်းသစ်လုံး ၁၁၁၁ လုံး၊ သစ်ခွဲသား ၁၀၁ ဒသမ ၅ တန်၊ Hollow Pipe အချောင်း ၉၀၀၀၊ ရေသန့်ကတ် ၂၈၄၀၊ ခေါက်ဆွဲခြောက် ၅၄၆၇ ဖာ၊ အသင့်စားသောက်ကုန်များ၊ အဝတ်အထည်များနှင့် အိမ်သုံးပစ္စည်းများ၊ ဆေးဝါးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်း တန်ချိန် ၂၇၀၀ တင်ဆောင်၍ စစ်တွေမြို့သို့ ယနေ့ နံနက်ပိုင်းတွင် The Myanmar Terminal (TMT) ဆိပ်ခံတံတားမှ ထွက်ခွာသွားသည်။

ရခိုင်ပြည်နယ် စစ်တွေမြို့သို့ မေ ၁၆ ရက်မှစ၍ ယနေ့အထိ တပ်မတော်စစ်ရေယာဉ်များအပါအဝင် စုစုပေါင်းရေယာဉ် ၁၄ စင်းဖြင့် ကူညီကယ်ဆယ်ရေးပစ္စည်း စုစုပေါင်း ၁၈၅၁၁ တန်နှင့် ဒီဇယ် ၂၄၉၇၆၂ ဂါလန်၊ Octane 92 ၁၉၉၈၈၆ ဂါလန်ကို ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့

ဆိပ်ကမ်းများသို့ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ထပ်မံရောက်ရှိလာမှုနှင့် အမြန်ဆုံးဖြန့်ခွဲနိုင်ရေး ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး

စစ်တွေ မေ ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းသည် ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်၊ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့နှင့်အတူ ယနေ့နံနက်ပိုင်းတွင် စစ်တွေမြို့ ရွာကြီးတောင်ရပ်ကွက် ဝက်ဘာကွင်းအတွင်း စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှု၊ ဆိပ်ကမ်းများသို့ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ ထပ်မံရောက်ရှိလာမှုနှင့် မုန်တိုင်းဒဏ်သင့်ဒေသများသို့ အမြန်ဆုံးဖြန့်ခွဲနိုင်ရေး စီစဉ်ဆောင်ရွက်နေမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် အဖွဲ့သည် စစ်တွေမြို့ ရွာကြီးတောင်ရပ်ကွက်ရှိ ဝက်ဘာကွင်းနှင့် စက်ရုံစုလမ်းတစ်လျှောက် တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ မီးသတ်တပ်ဖွဲ့၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ လူမှုရေးအသင်းအဖွဲ့များနှင့် မြို့ပေါ်ရပ်ကွက်များရှိ ဒေသခံပြည်သူလူထု စုစုပေါင်းအင်အား ၃၅၀ ဖြင့် စုပေါင်းသန့်ရှင်းရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် သန့်ရှင်းရေး ဆောင်ရွက်နေကြသည့် စုပေါင်းအဖွဲ့များကို ရင်းရင်းနှီးနှီး တွေ့ဆုံအားပေးစကား ပြောကြားပြီး စစ်တွေမြို့ကို မြို့အင်္ဂါရပ်နှင့်အညီ သန့်ရှင်းသာယာ လှပစေရေးအတွက် သန့်ရှင်းရေးလုပ်ငန်းများကို မကြာခဏ စုပေါင်းဆောင်ရွက်သွားကြရန်နှင့် ပြည်သူလူထု အင်တိုက်အားတိုက် ပူးပေါင်းပါဝင်ဆောင်ရွက်လာရေး စည်းရုံးဆောင်ရွက်သွားကြရန် မှာကြားသည်။

ယင်းနောက် အတုလမာရဇိန်ပြည်လုံးချမ်းသာဘုရားကြီးအား ဖူးမြော်ကြည်ညိုပြီး ဘုရားကြီး ဘက်စုံပြုပြင်မွမ်းမံရန်အတွက် အလှူငွေများကို ဂေါပကအဖွဲ့ထံ ပေးအပ်လှူဒါန်း၍ မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဘုရားကြီးသိမ်တော်အား လှည့်လည်ကြည့်ရှုကာ **(အောက်ပုံ)** ပြန်လည်ပြုပြင်နိုင်ရေးလိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ဆက်လက်၍ ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့သည် စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ သယ်ဆောင်လာသည့် MCL – 5 Yangon သင်္ဘောဆိုက်ကပ်ရောက်ရှိမှု၊ For Tune သင်္ဘောပေါ်မှ လျှပ်စစ်ပိုင်းဆိုင်ရာ ပြန်လည်ထူထောင်ရေးပစ္စည်းများအား စက်ယန္တရားကြီးများဖြင့် မော်တော်ယာဉ်များပေါ်သို့ တင်ဆောင်နေမှု၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင် ဖောင်တော်ကြီးဆိပ်ခံတံတား၌ AQUARIUS သင်္ဘောပေါ်မှ ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် အသုံးပြုမည့် သစ်ခွဲသားများအား မော်တော်ယာဉ်များပေါ်သို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များက တင်ဆောင်ပေးနေမှုကို ကြည့်ရှုစစ်ဆေးသည်။ **(အပေါ်ယာပုံ)**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်အဖွဲ့ စစ်တွေမြို့ ဘက်စုံသုံးဆိပ်ကမ်း၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးပစ္စည်းများ သယ်ဆောင်လာသည့် သင်္ဘောဆိုက်ကပ်ရောက်ရှိမှု ကြည့်ရှုစစ်ဆေးစဉ်။

မွန်းလွဲပိုင်းတွင် ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဗိုလ်ချုပ်ကြီး ထွန်းထွန်းနောင်နှင့် ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းတို့သည် ရခိုင်ပြည်နယ်အစိုးရအဖွဲ့ရုံး၌ ကျင်းပသည့် သဘာဝဘေး ပြန်လည်ထူထောင်ရေးဆိုင်ရာ လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ကြသည်။

အစည်းအဝေးတွင် ကော်မတီအလိုက် တာဝန်ရှိသူများက သဘာဝဘေးပြန်လည်ထူထောင်ရေးနှင့်စပ်လျဉ်းပြီး ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်သွားမည့် လုပ်ငန်းအစီအစဉ်များကို ရှင်းလင်းတင်ပြကြရာ ဗိုလ်ချုပ်ကြီး တင်အောင်စန်းက ပြန်လည်ထူထောင်ရေးလုပ်ငန်းများတွင် မဖြစ်မနေလိုအပ်သည့် ဆန်၊ သွပ်၊ သစ် လိုအပ်ချက်များကို ဒေသအလိုက် စာရင်းပြုစု၍ အနီးစပ်ဆုံး မှန်ကန်အောင် တွက်ချက်ထားရန်၊ ထောက်ပံ့ရေးပစ္စည်းများကို အမှန်တကယ် လိုအပ်သော ပြည်သူများလက်ဝယ်သို့ ရောက်ရှိရေးနှင့် ထိထိရောက်ရောက် အသုံးပြုနိုင်ရေး စီမံဆောင်ရွက်သွားရန် မှာကြား၍ လုပ်ငန်းလိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းဆောင်ရွက်ပေးကာ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဆောက်လုပ်ရေးဝန်ကြီးဌာန အနေဖြင့် ရခိုင်ပြည်နယ် စစ်တွေမြို့၌ မိုခါမုန်တိုင်းဒဏ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အဆောက်အဦများ ပြုပြင်ခြင်းလုပ်ငန်းကို အဆောက်အဦ ဦးစီးဌာန အဆောက်အဦအထူးအဖွဲ့ ၄ ဖွဲ့ဖြင့် မေ ၁၈ ရက်မှ စတင်တာဝန်ယူ ပြင်ဆင်ဆောင်ရွက်လျက်ရှိပြီး စစ်တွေပြည်သူ့ဆေးရုံကြီးအတွင်းရှိ ဆေးကုသဆောင်များ၊ ဆေးသိုလှောင်ရုံ၊ ရုံးနှင့် ဝန်ထမ်းအိမ်ရာများ စုစုပေါင်း ၂၄ ဆောင်ကို ပြင်ဆင်ဆောင်ရွက်ခဲ့ရာ ယနေ့အထိ ကျောက်ကပ်ဆေးဆောင်၊ မွေးခန်းနှင့် မွေးလူနာဆောင်၊ ခွဲစိတ်ခန်းနှင့် ခွဲစိတ်လူနာဆောင်၊ ဆေးသိုလှောင်ရုံ၊ သွေးလှူဘဏ်၊ ငှက်ဖျားရောဂါ တိုက်ဖျက်ရေးရုံး၊ အောက်ဆီဂျင်စက်ရုံ၊ မီးစက်ရုံ၊ ရင်ခွဲရုံ စုစုပေါင်း အဆောင် ကိုးဆောင်ကိုပြင်ဆင်ဆောင်ရွက်ပြီးဖြစ်သည်။

ထို့ပြင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနရှိ ပြည်နယ်ပြည်သူ့ကျန်းမာရေးမှူးရုံးနှင့် ဆေးသိုလှောင်ရုံ စုစုပေါင်း အဆောင်လေးဆောင်ကို ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ဆေးသိုလှောင်ရုံ နှစ်ဆောင် ရာနှုန်းပြည့် ပြင်ဆင်ဆောင်ရွက်ပြီးစီးပြီဖြစ်ပြီး သူနာပြုသင်တန်းကျောင်းရှိ စာသင်ဆောင်၊ အိပ်ဆောင်နှင့် ဝန်ထမ်းအိမ်ရာ ကိုးဆောင်ကို ပြင်ဆင်ဆောင်ရွက်လျက်ရှိရာ ဝန်ထမ်းအိမ်ရာ တစ်ဆောင် ပြင်ဆင်ဆောင်ရွက်ပြီးဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

သူနာပြုသားဖွားသင်တန်းကျောင်း နှစ်ခန်းတွဲသုံးထပ် RC ဝန်ထမ်းအိမ်ရာ ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု တွေ့ရစဉ်။

စစ်တွေပြည်သူ့ဆေးရုံကြီး မွေးခန်းနှင့် မွေးလူနာဆောင် ပြင်ဆင်ဆောင်ရွက်ပြီးစီးမှု တွေ့ရစဉ်။

အသက်မွေးဝမ်းကျောင်းသင်တန်းများ သင်ယူနိုင်ရေးအတွက် လိုအပ်သည့် အရင်းအနှီးများ ထောက်ပံ့ပေးနိုင်ရန် စီစဉ်ဆောင်ရွက်

နေပြည်တော် မေ ၃၀

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယမန်နေ့ နံနက်ပိုင်းက ပြည်နယ်ဦးစီးမှူးများ၊ တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့ရှိ အသေးစား စက်မှုလက်မှုလုပ်ငန်း ဦးစီးဌာန၊ ပြည်နယ်ရုံးနှင့် ရက်ကန်းနှင့် အသက်မွေးပညာ သင်တန်းကျောင်းသို့ သွားရောက်ပြီး ဝန်ထမ်းများ၊ သင်တန်းသား/ သင်တန်းသူများနှင့် တွေ့ဆုံ၍ ဝန်ကြီးဌာန၏ မူဝါဒ၊ ရည်မှန်းချက်၊ ရည်ရွယ်ချက်များ အောင်မြင်ရေး ဦးစီးဌာနအချင်းချင်း ပူးပေါင်းချိတ်ဆက် ဆောင်ရွက်ကြရန်၊ သင်တန်းသား/ သင်တန်းသူများ သန့်ရှင်းသပ်ရပ် ပျော်ရွှင်စွာဖြင့် အသက်မွေးဝမ်းကျောင်းသင်တန်းများ သင်ယူနိုင်ရေး ဆရာ/ ဆရာမများက ကြိုးကြပ်ဆောင်ရွက်ရန်နှင့် သင်တန်းအောင်မြင်ပြီးသူများအား မိမိတို့၏ အတတ်ပညာများဖြင့် ဆက်လက်ရပ်တည်နိုင်ရေး လိုအပ်သည့် အရင်းအနှီး၊ စက်ပစ္စည်းများ ထောက်ပံ့ပေးနိုင်ရေး စီစဉ်ဆောင်ရွက်ကြရန် မှာကြားသည်။

ထိုမှတစ်ဆင့် ပြည်ထောင်စုဝန်ကြီးသည် တောင်ကြီးမြို့နယ် နောင်ကားကျေးရွာအုပ်စု ဖောင်မှူးကျေးရွာတွင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ၂၀၂၂-၂၀၂၃ ဘဏ္ဍာနှစ် ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း (VDP) ရန်ပုံငွေဖြင့် ကျေးရွာမူလတန်းကျောင်း အလျား ၅၉ ပေ၊ အနံ ၂၄ ပေ၊ အမြင့် ၁၂ ပေ ဆောက်လုပ်ပြီးစီးမှုကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ကျေးရွာကော်မတီဝင်များ၊ ရပ်မိရပ်ဖများနှင့် တွေ့ဆုံကာ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်း လိုအပ်ချက်များ တင်ပြမှုအပေါ် ပေါင်းစပ် ဖြည့်ဆည်းပေးသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် မေ ၃၀ ရက် နံနက်ပိုင်းတွင် ပြည်နယ်ဦးစီးမှူးများနှင့် တာဝန်ရှိသူများနှင့်အတူ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ တောင်ကြီးမြို့နယ် မိုင်းရှေ့ကျေးရွာအုပ်စု ဟဲကယ်ကျေးရွာတွင် မိုးစပါးဧက ၂၀၀ စိုက်ပျိုးရန် ပံ့ပိုးငွေများ ထုတ်ပေးနိုင်ရေး သမဝါယမအသင်းသားတောင်သူ ၅၀ နှင့် တွေ့ဆုံ၍ ပြည်ထောင်စုဝန်ကြီးက နိုင်ငံတော်အစိုးရအနေဖြင့် ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေး၊ အလုပ်အကိုင်အခွင့်အလမ်းရရှိရေး၊ မိသားစုဝင်ငွေတိုးပွားရေး၊ စိုက်ပျိုးမွေးမြူရေး အခြေခံထုတ်ကုန်များ ပိုမိုထုတ်လုပ်နိုင်ရေးအတွက် လိုအပ်သော အရင်းအနှီး ရန်ပုံငွေများ ထုတ်ပေးခဲ့ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနက အဆိုပါရည်မှန်းချက်များ အောင်မြင်ရေး အားသွန်ခွန်စိုက် ပါဝင်ဆောင်ရွက်နေပါကြောင်း၊ ယခုအခါ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်အတွင်း မိုးစပါး ဧက ၂၀၀ စိုက်ပျိုးရန် ပံ့ပိုးငွေများ ထုတ်ပေးဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ အဆိုပါ ငွေများအစား တောင်သူများ လိုအပ်သည့် မျိုး၊ သွင်းအားစု ဓာတ်မြေဩဇာများ ပံ့ပိုးပေးမည်ဖြစ်ပြီး စီမံကိန်း အောင်မြင်ရေးအတွက် သမဝါယမစနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ သမဝါယမအသင်းအဖွဲ့စနစ် ဆောင်ရွက်ခြင်းဖြင့် အကျိုးများစွာရရှိနိုင်မည်ဖြစ်ကြောင်း၊ စိုက်နည်းစနစ်များ မှန်ကန်စေရေးအတွက် စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာနမှ နည်းပညာများ ထောက်ပံ့ပေးနိုင်ရေး ပူးပေါင်းချိတ်ဆက် ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း၊ အထူးမှာကြားလိုသည်မှာ တောင်သူများအနေဖြင့် ချေးငွေများရယူကာ မိမိတို့၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ အောင်မြင်အောင် ကြိုးစားပြီး မိသားစုဝင်ငွေတိုးပွားကာ လူမှုစီးပွားဘဝများ ပိုမိုဖွံ့ဖြိုးတိုးတက်ရေး၊ နိုင်ငံတော်ထံမှ ချေးယူထားသည့် စိုက်ပျိုးစရိတ်ချေးငွေများ ပြန်လည်ပေးဆပ်နိုင်ရေးတို့အတွက် အလေးထား ကြိုးပမ်း ဆောင်ရွက်ကြစေလိုကြောင်း မှာကြားသည်။

ထို့နောက် သမဝါယမဦးစီးဌာန ပြည်နယ်ဦးစီးမှူးက မိုးစပါးဧက ၂၀၀ စိုက်ပျိုးရေး ဆောင်ရွက်မည့် လုပ်ငန်းအစီအစဉ်များနှင့် သမဝါယမအသင်းအဖွဲ့ဖွဲ့စည်းဆောင်ရွက်ထားမှု အခြေအနေများကိုလည်းကောင်း၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ပြည်နယ်ဦးစီးမှူးက စီမံကိန်းအောင်မြင်ရေး ပူးပေါင်းဆောင်ရွက်နေမှုနှင့် ကျေးရွာဖွံ့ဖြိုးရေး လုပ်ငန်းများ ဆောင်ရွက်ပေးနေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဆိုင်ကလုန်းမုန်တိုင်း မိုခါ အလွန်ကာလ၌ ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ မူလအခြေအနေထက် ပိုမိုကောင်းမွန်စွာဖြင့် ပေးအပ်နိုင်ရေးနှင့် ပြန်လည်ပြုပြင်တည်ဆောက်ရေးလုပ်ငန်းများကို မိုးမကျမီ မြန်ဆန်စွာဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းစည်းဝေး

နေပြည်တော် မေ ၃၀

ဆိုင်ကလုန်းမုန်တိုင်း မိုခါအလွန်ကာလ၌ ရခိုင်ပြည်နယ်အတွင်း ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ မူလအခြေအနေထက် ပိုမိုကောင်းမွန်စွာဖြင့် ပေးအပ်နိုင်ရေးနှင့် ပြန်လည်ပြုပြင် တည်ဆောက်ရေးလုပ်ငန်းများကို မိုးမကျမီအတွင်း မြန်ဆန်စွာဆောင်ရွက်နိုင်ရေးအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့တွင် နေပြည်တော် ကျန်းမာရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ hybrid စနစ်ဖြင့် ကျင်းပသည်။

အစည်းအဝေးသို့ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ သက်ခိုင်ဝင်း ဒုတိယဝန်ကြီး ပါမောက္ခ ဒေါက်တာ အေးထွန်း၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြပြီး စစ်တွေမြို့သို့ ရောက်ရှိနေသည့် ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့်ကုသရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီးများ၊ ဦးစီးဌာနများမှ ကွင်းဆင်းအဖွဲ့ တာဝန်ရှိသူများနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးများက အွန်လိုင်းမှတစ်ဆင့် တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ဆိုင်ကလုန်းမုန်တိုင်း မိုခါ ကျရောက်ခြင်းဖြစ်စဉ်၌ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ၏ ဦးဆောင်မှုဖြင့် သက်ဆိုင်ရာလုပ်ငန်း ကော်မတီအသီးသီးမှ ကြိုတင်ပြင်ဆင်မှုများ ဆောင်ရွက်ခဲ့ကြရာတွင် မိမိတို့ကျန်းမာရေးဝန်ကြီးဌာန အနေဖြင့်လည်း ကြိုတင်ပြင်ဆင်မှုများနှင့် အနီးကပ် ကြီးကြပ်ပံ့ပိုးမှုများကို ဆောင်ရွက်ခဲ့ခြင်းကြောင့် မုန်တိုင်းဒဏ်ပြင်းထန်စွာခံရသည့် ရခိုင်ပြည်နယ်ရှိ မြို့နယ်များတွင် အဆောက်အဦ အနည်းငယ် ပျက်စီးမှုများမှလွဲ၍ ဆေးဝါးနှင့် ဆေးပစ္စည်းများ၊ တန်ဖိုးကြီးစက်ကိရိယာများ ပျက်စီးဆုံးရှုံးမှု ကြီးမားစွာမရှိခဲ့ဘဲ ကျန်းမာရေးစောင့်ရှောက်မှုများ ကိုလည်း မပျက်မကွက် ဆက်လက်ပေးအပ်နိုင်ခဲ့ကြောင်း၊ ထို့အပြင် မေ ၁၅ ရက်မှစတင်၍ ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ နယ်လှည့်အထူးကုဆေးအဖွဲ့များ၊အရေးပေါ်တုံ့ပြန်ဆောင်ရွက်ရေး အဖွဲ့များနှင့်ဆေးအဖွဲ့များက တိုက်နယ်ဆေးရုံ၊ ကျေးလက်ကျန်းမာရေးဌာန၊ ကျေးလက်ကျန်းမာရေးဌာနခွဲများမှသည် ကျေးလက်ဒေသများသို့ ရောက်ရှိသည်အထိ ကွင်းဆင်း၍ ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ခဲ့ကြောင်း။

ညှိနှိုင်းဖြည့်ဆည်းပေး

ယခု မုန်တိုင်းအလွန်ကာလတွင် ရခိုင်ပြည်နယ်အတွင်းကျန်းမာရေး စောင့်ရှောက်မှု လုပ်ငန်းများ မူလအခြေအနေထက် ပိုမိုကောင်းမွန်စွာဖြင့် ပေးအပ်နိုင်ရေးနှင့် ပြန်လည်ပြုပြင် တည်ဆောက်ရေး လုပ်ငန်းများကို မိုးမကျမီအတွင်း မြန်ဆန်စွာ ဆောင်ရွက်နိုင်ရေးအတွက် စစ်တွေမြို့သို့ ရောက်ရှိနေသည့် ဗဟိုမှညှိနှိုင်းကွပ်ကဲရေးအဖွဲ့၊ ရခိုင်ပြည်နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ဆေးရုံအုပ်ကြီးများ၊ ဦးစီးဌာနများမှ ကွင်းဆင်းအဖွဲ့ တာဝန်ရှိသူများနှင့် မြို့နယ်ပြည်သူ့ကျန်းမာရေးနှင့် ကုသရေး ဦးစီးဌာနမှူးများကို တွေ့ဆုံ၍ လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းပေးရန်ဖြစ်ပါကြောင်း။

မုန်တိုင်းအလွန် ကာလ၌ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ အပါအဝင် ပြန်လည်ထူထောင်ရေးလုပ်ငန်းများဆောင်ရွက်ရာတွင် ဗဟိုအဆင့်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သည့် သဘာဝဘေး အန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဗဟိုဌာန၏ လမ်းညွှန်မှုကို ခံယူ၍လည်းကောင်း၊ ရခိုင်ပြည်နယ်တွင် ဒုတိယဝန်ကြီးချုပ် ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ အနီးကပ် ကြီးကြပ်မှုဖြင့် လည်းကောင်း၊ ကျန်းမာရေး စောင့်ရှောက်မှုဆိုင်ရာ စီမံခန့်ခွဲမှု လုပ်ငန်းကော်မတီ၏ လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိပါကြောင်း။

မုန်တိုင်းအလွန် ကာလတွင် ဝမ်းပျက်ဝမ်းလျှောရောဂါ အပါအဝင် ကူးစက်ရောဂါများ ကပ်အသွင် ဖြစ်ပွားမှုမရှိစေရေး ဆောင်ရွက်ရန်နှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ထိုးနှံခြင်း လုပ်ငန်းများ၊ ပုံမှန်ကာကွယ်ဆေး ထိုးလုပ်ငန်းနှင့် အမီလိုက် ကာကွယ်ဆေးထိုးနှံခြင်း လုပ်ငန်းများကိုလည်း အရှိန်အဟုန်မပြတ် ဆက်လက် ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း။

ကျန်းမာရေး လူ့စွမ်းအား အရင်းအမြစ်ဦးစီးဌာန အောက်ရှိ စစ်တွေ သူနာပြု/သားဖွား သင်တန်းကျောင်းကို အမြန်ဆုံး ပြန်လည်ဖွင့်လှစ်နိုင်ရေး၊ တိုင်းရင်းဆေးပညာဦးစီးဌာန၊ စစ်တွေ တိုင်းရင်းဆေးရုံကြီး၊ မြို့နယ် တိုင်းရင်းဆေးခန်းများနှင့် စစ်တွေမြို့ရှိ အစားအသောက်နှင့်ဆေးဝါး ကွပ်ကဲရေးဦးစီးဌာနရုံး အမြန်ဆုံး ပြင်ဆင်ပြီးစီးရေး လုပ်ငန်းများကို အမြန်ဆုံး ပြီးစီးစေရေး ဆက်လက် ဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း ပြောကြားသည်။

တင်ပြဆွေးနွေး

အစီအစဉ်အရ ကုသရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ ရခိုင်ပြည်နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ စစ်တွေမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ကျန်းမာရေး လူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာနနှင့် အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေး ဦးစီးဌာနတို့မှ တာဝန်ရှိသူများက တင်ပြဆွေးနွေးကြသည်။

ဆက်လက်၍ ရခိုင်ပြည်နယ် ပေါက်တောမြို့နယ်၊ ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ မင်းပြားမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ဘူးသီးတောင်မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ မောင်တောမြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ရသေ့တောင်မြို့နယ် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး၊ ပုဏ္ဏားကျွန်းမြို့နယ်၊ မြေပုံမြို့နယ်၊ မာန်အောင်မြို့နယ်၊ ကျောက်ဖြူခရိုင်နှင့် တောင်ကုတ်ခရိုင် ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူးတို့က ကျန်းမာရေးစောင့်ရှောက်မှုများ စဉ်ဆက်မပြတ်ပေးအပ်နေခြင်းနှင့် အဆောက်အဦများကိုပြင်ဆင်နေသည့် အခြေအနေများကို အသီးသီးတင်ပြကြသည်။

တင်ပြချက်များကို ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များ နှင့် တာဝန်ရှိသူများက ဆွေးနွေး ညှိနှိုင်း ဖြည့်ဆည်းပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

အမျိုးသားအဆင့်အရည်အသွေး အခြေခံအဆောက်အအုံဆိုင်ရာ ကဏ္ဍအသီးသီး ဖွံ့ဖြိုးတိုးမြင့်နိုင်ရေး စံချိန်စံညွှန်းလုပ်ငန်းကော်မတီစည်းဝေး

နေပြည်တော် မေ ၃၀

အမျိုးသားစံချိန်စံညွှန်းကောင်စီ၏ လမ်းညွှန်ချက်နှင့်အညီ ဆောင်ရွက်ရန် မြန်မာစံချိန်စံညွှန်းများ ထွက်ပေါ်နိုင်ရေးနှင့် နိုင်ငံတော်၏ အကျိုးစီးပွားကို မြှင့်တင်ပေးနိုင်သော အမျိုးသားအဆင့် အရည်အသွေး အခြေခံအဆောက်အအုံဆိုင်ရာ ကဏ္ဍအသီးသီးကို ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးမြှင့်နိုင်ရေး အတွက် စံချိန်စံညွှန်းလုပ်ငန်းကော်မတီ (၁/၂၀၂၃) အစည်းအဝေးကို ယနေ့နံနက် ၉ နာရီခွဲတွင် သိပ္ပံနှင့် နည်းပညာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်က မြန်မာနိုင်ငံအတွက် အမှန်တကယ် အကျိုးဖြစ်ထွန်း လိုအပ်လျက်ရှိသည့် စံချိန်စံညွှန်းများ စနစ်တကျ ဦးစားပေး ချမှတ်နိုင်ရေးနှင့် ယင်းစံချိန်စံညွှန်းများနှင့်အညီ ကိုက်ညီစွာလိုက်နာကျင့်သုံးဆောင်ရွက်နိုင်ရေးနှင့် စပ်လျဉ်း၍ ပြောကြားသည်။

ထို့နောက် သုတေသနနှင့် တီထွင်ဆန်းသစ်မှု ဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက နည်းပညာဆပ်ကော်မတီများမှ အဆိုပြုထားသော စံချိန်စံညွှန်းများ၊ ရေးဆွဲလျက်ရှိသော မြန်မာစံချိန်စံညွှန်းမူကြမ်းများနှင့် ကော်မတီအဆင့် ဆွေးနွေးဆောင်ရွက်ပြီး၍ အများပြည်သူ သဘောထားမှတ်ချက်များ ရယူဆောင်ရွက်လျက်ရှိသော မြန်မာ စံချိန်စံညွှန်း မူကြမ်းများနှင့် ပတ်သက်၍ ဆွေးနွေးခြင်း၊ ရွှေစံချိန်စံညွှန်းရေးဆွဲရေး နည်းပညာဆပ်ကော်မတီအသစ် ထပ်မံ ဖွဲ့စည်းခြင်းနှင့် ပတ်သက်၍ ဆွေးနွေးခြင်း၊ ASEAN Harmonized Standards များမှ ISO/IEC Standards များဖြစ်သည့် Committee on Conformity Assessment Standards – CASCO's Standards များကို စံချိန်စံညွှန်း လုပ်ငန်းကော်မတီ၏ သဘောတူညီမှု ရယူ၍ မြန်မာစံချိန်စံညွှန်းများအဖြစ် ချမှတ်နိုင်ရန် ဆွေးနွေးခြင်းနှင့် စံပြုအရည်အသွေး ထောက်ခံချက် ထုတ်ပေးရေးအဖွဲ့ (Model Certification Body) တစ်ခုအဖြစ် အမျိုးသားအဆင့် အရည်အသွေး ထောက်ခံချက် ထုတ်ပေးရေးအဖွဲ့ (National Certification Body – NCB) တည်ထောင်ရေး ဆောင်ရွက်နေမှုများ၊ စံချိန်စံညွှန်းများ ကျယ်ကျယ်ပြန့်ပြန့် အကျိုးရှိရှိ သုံးစွဲမှုမြှင့်တင်နိုင်ရေးအတွက် Awareness Program ဆောင်ရွက်နေမှုများကို သက်ဆိုင်ရာ ကဏ္ဍအလိုက် ရှင်းလင်းတင်ပြကြရာ ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ စံချိန်စံညွှန်းလုပ်ငန်းကော်မတီ အဖွဲ့ဝင်များဖြစ်သော ဆက်စပ်ဝန်ကြီးဌာနများမှ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ၊ UMFCCI မှ တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ အင်ဂျင်နီယာအသင်းချုပ်၊ မြန်မာနိုင်ငံ ကွန်ပျူတာအသင်းချုပ်၊ မြန်မာနိုင်ငံစက်မှု ကုန်ထုတ်လုပ်သူများအသင်း၊ မြန်မာနိုင်ငံစားသောက်ကုန် ထုတ်လုပ်တင်ပို့ရောင်းချသူများ အသင်းတို့မှ ကိုယ်စားလှယ်များက ဝိုင်းဝန်းဆွေးနွေးခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

ဒုတိယဝန်ကြီး ဦးအေးကျော် မိုခါမုန်တိုင်းကြောင့်ပျက်စီးသွားသည့် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ဓာတ်အားလိုင်းများပြုပြင်နေမှု ကြည့်ရှုစစ်ဆေး

စစ်တွေ မေ ၃၀

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးအေးကျော်သည် တာဝန်ရှိသူများနှင့်အတူ မေ ၂၉ ရက် နံနက်ပိုင်းတွင် အလွန်အားကောင်းသော မိုခါမုန်တိုင်းကြောင့် ပျက်စီးသွားသည့် ရခိုင်ပြည်နယ် စစ်တွေမြို့ရှိ ၆၆ ကေဗွီ ပုဏ္ဏားကျွန်း – စစ်တွေ အမှတ်(၁) ဓာတ်အားလိုင်းနှင့် စစ်တွေမြို့ပေါ်ရှိ ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ ပြန်လည်ပြုပြင်နေမှု၊ ၁၁/၀ ဒသမ ၄ ကေဗွီ ထရန်စဖော်မာများ စမ်းသပ်စစ်ဆေးနေမှုနှင့် ဝန်ထမ်းအိမ်ရာများနှင့် ငွေကောက်ကောင်တာ အဆောက်အဦများတွင် အမိုးသွပ်ပြားများ ပြန်လည်အစားထိုး ပြုပြင်ဆောင်ရွက်ပေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ဦးစွာ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် အလွန်အားကောင်းသော မိုခါမုန်တိုင်း တိုက်ခတ်မှုကြောင့် ပျက်စီးခဲ့သည့် ၆၆ ကေဗွီ ပုဏ္ဏားကျွန်း–စစ်တွေ အမှတ်(၁) ဓာတ်အားလိုင်း တိုင်အမှတ် ၁၆၆၊ ၁၆၇၊ တိုင်အမှတ် (၁၈၃ မှ ၁၈၈ အထိ) နှင့် တိုင်အမှတ် (၂၂၅ မှ ၂၃၀) အထိ စုစုပေါင်း ၁၄ တိုင်အား ဌာနဝန်ထမ်းများက ပြန်လည်ပြုပြင်ဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးရာ လျှပ်စစ်ဓာတ်အားပို့လွှတ်ရေးနှင့် ကွပ်ကဲရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများက လုပ်ငန်းဆောင်ရွက်နေမှုကို ရှင်းလင်းတင်ပြကြပြီး ဒုတိယဝန်ကြီးက ပြည်သူများ လျှပ်စစ်ဓာတ်အား အမြန်ဆုံး ပြန်လည်ရရှိနိုင်စေရေးအတွက် အစွမ်းကုန် ကြိုးပမ်းဆောင်ရွက်ပေးကြရန်၊ လုပ်ငန်းခွင် အန္တရာယ် ကင်းရှင်းရေးနှင့် ယခုအချိန်သည် မိုးရာသီဝင်စဖြစ်သည့်အတွက် ကျန်းမာရေး အထူးဂရုစိုက် နေထိုင်ကြရန် မှာကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးနှင့်အဖွဲ့သည် စစ်တွေမြို့ပေါ်တွင် သဘာဝဘေးကြောင့် ပျက်စီးသွားခဲ့သည့် ၁၁ ကေဗွီနှင့် ၄၀၀ ဗို့ ဓာတ်အားလိုင်းများ ပြန်လည်တည်ဆောက်နေကြသည့် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးများမှ ဝန်ထမ်းများအား အားပေးစကားပြောကြား၍ မီးစက်ဝင်းအတွင်း ထရန်စဖော်မာထုတ် ပြည်တွင်းကုမ္ပဏီများက ၁၁/၀ ဒသမ ၄ ကေဗွီထရန်စဖော်မာများ စမ်းသပ်စစ်ဆေးနေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ အမြန်ဆုံးပြီးစီးအောင် ဆောင်ရွက်ရေး ဓာတ်အားလက်ခံဖြန့်ဖြူးရာတွင် အန္တရာယ်ကင်းရှင်းစေရေး စနစ်တကျ စစ်ဆေးလုပ်ဆောင်ကြရန် ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် သဘာဝဘေးဒဏ်ကြောင့် ပျက်စီးခဲ့ရသည့် ဝန်ထမ်းအိမ်ရာများနှင့် ငွေကောက်ကောင်တာများတွင် အမိုးသွပ်ပြားများအား အစားထိုးပြုပြင်လဲလှယ်နေမှုကို ကြည့်ရှုစစ်ဆေး၍ ဝန်ထမ်းနှင့် ဝန်ထမ်းမိသားစုတို့ကို အားပေးစကားများပြောကြားကာ လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

သတင်းစဉ်

ထားဝယ်မြို့နယ် ဇေယျဝတီဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲများ ဆက်ကပ်လှူဒါန်း

ထားဝယ် မေ ၃၀

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက တနင်္သာရီတိုင်းဒေသကြီး အတွင်းရှိ ဆွမ်း/ကွမ်းခက်ခဲသည့် ဘုန်းတော်ကြီးကျောင်းများသို့ ထောက်ပံ့လှူဒါန်း လျက်ရှိရာ မေ ၂၉ ရက်က ထားဝယ်မြို့နယ် ညောင်ရမ်းတောင်ရပ်ကွက် ဇေယျဝတီဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော်၊ ဆီ၊ ကုလားပဲများ ဆက်ကပ်လှူဒါန်းကြောင်း သိရသည်။

နယ်စပ်ရေးရာဝန်ကြီးဌာန၊ နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၊ တိုင်းဒေသကြီး ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး(ထားဝယ်)မှ ညွှန်ကြားရေးမှူး ဦးရန်လင်းအောင်နှင့် ဝန်ထမ်းများက ဇေယျဝတီဘုန်းတော်ကြီးကျောင်းသို့ ဆွမ်းဆန်တော် ခြောက်အိတ်၊ ဆီ ၁၅ ပိဿာ၊ ကုလားပဲ ၁၀ ပိဿာ စသည့်တို့ကို နာယကဆရာတော်ထံ လှူဒါန်းခဲ့ကြောင်း သိရသည်။

ငွေဇင်ယော်(ထားဝယ်)

ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍမြှင့်တင်ရေး ပညာပေးဆွေးနွေးပွဲကျင်းပ

ကျောက်ဆည် မေ ၃၀

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကင်းတားဆည်ရေသောက်စနစ်အတွင်းရှိ သင်းဒီးမြောင်းနှင့် ဇော်ဂျီရေသောက်စနစ်အတွင်းရှိ သရက်ချိုမြောင်းတို့မှ ရေအသုံးချသူများအဖွဲ့ တောင်သူများအား ပူးပေါင်းပါဝင်ဆည်မြောင်းစနစ်ဖြင့် လယ်ယာကဏ္ဍမြှင့်တင်ရေး ပညာပေးဆွေးနွေးပွဲကို မေ ၃၀ ရက်က ဟံမြင့်မိုရ်ကျေးရွာ သင်းဒီးစိုက်ပျိုးရေးပညာပေးစခန်း၌ ကျင်းပသည်။

ပညာပေးဆွေးနွေးပွဲတွင် ကျောက်ဆည်ခရိုင် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဦးအောင်ဇော်မင်းနှင့် ကျောက်ဆည်မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးကျော်ကျော်မင်းတို့က ဆည်မြောင်း အဆောက်အအုံများကို ရေရှည်တည်တံ့စွာ အသုံးပြုနိုင်ရန် ပြုပြင်ထိန်းသိမ်းစောင့်ရှောက်ခြင်း၊ ဆည်ရေ စီမံခန့်ခွဲပြီး စိုက်ပျိုးရေပေးဝေခြင်းလုပ်ငန်းစဉ်များတွင် ဆည်ရေသောက် တောင်သူများဖြင့် ပါဝင်ဖွဲ့စည်းထားသည့် ရေအသုံးချသူများအဖွဲ့ (WUG) များ စနစ်ဖြင့် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ဝန်ထမ်းများနှင့်အတူ ပူးပေါင်းဆောင်ရွက်သည့် အလေ့အကျင့်ကောင်းများ

ရရှိလာစေရန် ရည်ရွယ်ချက်များဖြင့် ပူးပေါင်းပါဝင်ဆည်မြောင်း စနစ်ကို ပညာပေးဆွေးနွေးခြင်းဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ကျောက်ဆည်မြို့နယ် ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စိုက်ပျိုးရေးဦးစီးဌာန၊ လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနများ၏ တာဝန်ရှိသူများက ဆည်ရေ စီမံခန့်ခွဲမှု အခြေခံသဘောတရားများနှင့် အခြားလယ်ယာကဏ္ဍ ဖွံ့ဖြိုးတိုးတက်ရေးဆိုင်ရာ ပညာပေးလုပ်ငန်းစဉ်များကို ရှင်းလင်းဆွေးနွေးကြကြောင်း သိရသည်။

မောင်မွေး

ရွှေဘိုမြို့၌ ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

ရွှေဘို မေ ၃၀ – ၂၀၂၃-၂၀၂၄ ပညာသင်နှစ် စစ်ကိုင်းတိုင်းဒေသကြီး ရွှေဘိုခရိုင်နှင့် ရွှေဘိုမြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့ နံနက် ၈ နာရီက အမှတ် (၂) အခြေခံပညာအထက်တန်းကျောင်း ရွှေရတုခန်းမ၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးဦး အမှာစကားပြောကြားသည်။

ထို့နောက် နိုင်ငံတော်မှ အခမဲ့ထောက်ပံ့ပေးသည့် ကျောင်းသုံးစာအုပ်၊ စာရေးကိရိယာများ၊ ကျောင်းဝတ်စုံများကို ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ပေးအပ်ရာ ခရိုင်/မြို့နယ်ပညာရေးမှူးများ၊ ကျောင်းအုပ်ဆရာ၊ ဆရာမများက လက်ခံရယူခဲ့သည်။

ခရိုင်(ပြန် /ဆက်)

ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီး မိုးအောင် ကျောက်ဖြူမြို့ စစ်တောတပ်နယ်ရှိ နယ်မြေခံရေတပ်စခန်းများ ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များဖြည့်ဆည်းဆောင်ရွက်ပေး

နေပြည်တော် မေ ၃၀

ရခိုင်ပြည်နယ် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသော ကာကွယ်ရေးဦးစီးချုပ် (ရေ) ဗိုလ်ချုပ်ကြီး မိုးအောင်သည် ယနေ့နံနက်ပိုင်းက နယ်မြေခံရေတပ်စခန်းဌာနချုပ်မှူးနှင့် တာဝန်ရှိသူများ လိုက်ပါလျက် စစ်တောတပ်နယ်ရှိ နယ်မြေခံ ရေတပ်စခန်းများကို သွားရောက် စစ်ဆေးကြည့်ရှုခဲ့သည်။ နယ်မြေခံ ရေတပ်စခန်း ဌာနချုပ်ရှိ မိသားစုနေအိမ်လိုင်းခန်းများနှင့် မိသားစုတစ်ပိုင်တစ်နိုင် စိုက်ပျိုးမွေးမြူရေးများကို ကြည့်ရှုစစ်ဆေးခြင်း၊ တပ်ပိုင်စိုက်ပျိုးမွေးမြူရေးခြံသို့ သွားရောက်ပြီး ငါးမွေးမြူရေးကန်၊ ဒေသဆိတ်မွေးမြူရေးခြံ၊ DYL ဝက်မွေးမြူရေးခြံ၊ ကာကီကင်းဘဲမွေးမြူရေးခြံ၊ နို့စားနွားမွေးမြူရေးခြံ၊ ဥစားကြက် မွေးမြူရေးခြံ၊ Green House စိုက်ပျိုးရေးခြံနှင့် ရာသီသီးနှံ စိုက်ခင်းတို့ကို လှည့်လည်ကြည့်ရှု စစ်ဆေးခြင်းများ ဆောင်ရွက်ခဲ့သည်။ ထို့နောက် နဂါးမော်ဆည်သို့ သွားရောက် ကြည့်ရှုစစ်ဆေး၍ ဆည်ရေဝင် ရေလဲကောင်းမွန်စေရေး၊ မိုးရာသီတွင် ရေပိုမိုသိုလှောင်စုဆောင်းနိုင်ရန် ပြုပြင်ထိန်းသိမ်းမှုများ ဆောင်ရွက်သွားရေးတို့ကို မှာကြားခဲ့ပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ဆက်လက်၍ နယ်မြေခံ ရေတပ်စခန်း ဌာနချုပ်ကွပ်ကဲမှုအောက်တပ်သို့ သွားရောက်ပြီး ငါးခူမွေးမြူရေး ဆောင်ရွက်ထားရှိမှုအား ကြည့်ရှုခြင်း၊ ဥစားကြက်ခြံ၊ DYL ဝက်မွေးမြူရေးခြံ၊ ဒေသနွားမွေးမြူရေးခြံနှင့် ဒေသဆိတ်မွေးမြူရေးခြံများကို ကြည့်ရှုစစ်ဆေးခြင်းတို့ ဆောင်ရွက်ခဲ့သည်။ ထို့နောက် ပင်လယ်ကမ်းခြေတစ်လျှောက် အုန်းပင်နှင့် ဒီရေရောက်တောများ စိုက်ပျိုးဖြစ်ထွန်း အောင်မြင်မှုအား ကြည့်ရှုစစ်ဆေးခဲ့ပြီး ယခုနှစ် မိုးရာသီတွင် ကြိုတင်စုဆောင်းထားသည့် အုန်းပင်၊ လမုပင်များနှင့် အရိပ်ရလေကာပင်များ ထပ်မံစိုက်ပျိုးနိုင်ရေး မှာကြား၍ နယ်မြေခံ ရေတပ်စခန်းဌာနချုပ်ရှိ အရာရှိ၊ စစ်သည်၊ မိသားစုဝင်များအား တွေ့ဆုံအားပေး စကားပြောကြားကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး လိုအပ်သည်များ ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့သည်။

ထို့နောက် မဒေးဆိပ်ကမ်းသို့ ရေနံတင်သင်္ဘောကြီးများ ဝင်ရောက်လျက်ရှိသည့် ရေလမ်းကြောင်း အခြေအနေများကို လှည့်လည်ကြည့်ရှု စစ်ဆေးခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း(မိုခါ) တိုက်ခတ်မှုကြောင့် ပျက်စီးမှုများဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ဒေသအလိုက် ခန့်အပ်တာဝန်ပေးသူများက သက်ဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်လျက်ရှိ

နေပြည်တော် မေ ၃၀

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အနေဖြင့် ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် ဒေသများကို သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဥပဒေပုဒ်မ ၁၁ အရ သဘာဝဘေးအန္တရာယ်ကျရောက်သော ဒေသများအဖြစ် ကြေညာချက်များ ထုတ်ပြန်၍ ယင်းကြေညာချက်များပါ ဒေသများတွင် ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဒေသအလိုက် တပ်မတော်အရာရှိကြီးများကို ခန့်အပ်တာဝန်ပေးထားပြီးဖြစ်သည်။

ထိုသို့ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်ရန်အတွက် ခန့်အပ်တာဝန် ပေးအပ်ထားရှိရာ ယနေ့တွင် ကျောက်ဖြူမြို့သို့ ရောက်ရှိနေသော ဒုတိယဗိုလ်ချုပ်ကြီး လူအေးသည် တာဝန်ရှိသူများနှင့်အတူ တိုးချဲ့ရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ခြင်း၊ ပြန်လည်ထူထောင်ရေး လုပ်ငန်းများ ဆောင်ရွက်နိုင်ရန်အတွက် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ ဗဟိုစာရင်းအင်းအဖွဲ့များနှင့် တွေ့ဆုံ၍ တင်ပြချက်များအပေါ် လိုအပ်

သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။ **(အပေါ်ပုံ)**

အလားတူ မောင်တောခရိုင်၊ ဘူးသီးတောင်မြို့နယ်သို့ ရောက်ရှိနေသော ဒုတိယဗိုလ်ချုပ်ကြီး အေးဝင်း သည် တာဝန်ရှိသူများနှင့်အတူ အလယ်ချောင်းကျေးရွာအုပ်စု အခြေခံမူလတန်း (လွန်) ကျောင်း၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်ပေးနေမှုများ၊ စာသင်ကျောင်းများနှင့် ဘုန်းတော်ကြီးကျောင်းများ ပြန်လည်ပြုပြင်ခြင်းများ၊ မီးရထားဆိပ်ကမ်းရပ်ကွက်ရှိ စားသုံးသူရေးရာဦးစီးဌာန၏ ဂိုဒေါင်နှင့် ဆိပ်ကမ်းများတွင် ထောက်ပံ့ပစ္စည်းများရောက်ရှိပါက ထားရှိနိုင်မှုအခြေအနေများအား သွားရောက်ကြည့်ရှုစစ်ဆေးခဲ့သည်။

ထို့အတူ ချင်းပြည်နယ် တီးတိန်မြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် ဝင်းကိုကို သည် လေဘေးသင့်ပြည်သူများထံသို့ ထောက်ပံ့ပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်ခဲ့သည်။

အလားတူ ကျောက်တော်မြို့သို့ ရောက်ရှိနေသော ဗိုလ်မှူးချုပ် အောင်သူဦး သည် တာဝန်ရှိသူများနှင့်အတူ မိုခါမုန်တိုင်းတိုက်ခတ်မှုကြောင့် လျှပ်စစ်ဓာတ်တိုင်များ ပြိုလဲခြင်း၊ ထရန်စဖော်မာများ ပျက်စီးခြင်း၊ ဓာတ်ကြိုးများ ပြတ်ကျခြင်း၊ သစ်ပင်များ ကျိုးကျ၍ လမ်းများပိတ်နေခြင်းများကို ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိသော လျှပ်စစ်ဝန်ထမ်းများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လားရှိုးမြို့နယ်တွင် မိုးရာသီအကြို စုပေါင်းသစ်ပင်စိုက်ပျိုးပွဲကို မေ ၃၀ ရက် နံနက်က နမ့်ကျန်ဆည်အနီးရှိ လွယ်ငူးကြိုးဝိုင်း၌ ကျင်းပရာ လားရှိုးခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမျိုးမင်းထွန်း က စိုက်ပျိုးရန်အတွက် ပျိုးပင်များကို တာဝန်ရှိသူများထံ ပေးအပ်စဉ်။

ခရိုင်(ပြန်/ဆက်)

ဟသ်ာတမြို့နယ်တွင် ၂၀၂၃ ခုနှစ် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို မေ ၂၉ ရက်က ကုန်းကြီးအုပ်စု အရှေ့တံခွန်တိုင်ကျေးရွာရှိ ဟသ်ာတ ဂေါက်ကလပ်ဝင်း အတွင်း၌ ကျင်းပရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးမြင့်သန်းဝင်းနှင့် တက်ရောက်လာကြသူများက ပျိုးပင် စုစုပေါင်း ၁၂၀ ကို စုပေါင်းစိုက်ပျိုးကြစဉ်။

ခရိုင်(ပြန်/ဆက်)

(၃၇) ကြိမ်မြောက် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာ အထူးအဖွဲ့ခေါင်းဆောင်များ အစည်းအဝေးကျင်းပ

နေပြည်တော် မေ ၃၀

(၃၇) ကြိမ်မြောက် အာဆီယံလူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာ အထူးအဖွဲ့ခေါင်းဆောင်များ အစည်းအဝေး (The 37th ASEAN Heads of Specialist Anti–Trafficking Units – HSU)ကို ယနေ့ နံနက် ၈ နာရီခွဲတွင် ရုံးအမှတ် (၃၈) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူးရုံး အစည်းအဝေးခန်းမ၌ Video Conference ဖြင့် ကျင်းပရာ အစည်းအဝေးသို့ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ လူကုန်ကူးမှုတားဆီး နှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့မှူး ရဲမှူးချုပ် မြင့်ထူး ဦးဆောင်သော ကိုယ်စားလှယ် (၄) ဦးအပါအဝင် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ ကိုယ်စားလှယ်များ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးကို အစီအစဉ် (၁၀) ရပ်ဖြင့် ကျင်းပရာ သဘာပတိအဖြစ် ဆောင်ရွက်သည့် လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဆိုင်ရာ အထူးအဖွဲ့ခေါင်းဆောင်ဖြစ်သော အင်ဒိုနီးရှားကိုယ်စားလှယ် အဖွဲ့ခေါင်းဆောင်က အဖွင့်အမှာစကား ပြောကြားပြီး လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှူး ရဲမှူးချုပ်မြင့်ထူးက မြန်မာနိုင်ငံ၏ လူကုန်ကူးမှုတိုက်ဖျက်ရေး ကြိုးပမ်းအားထုတ်မှုများကို ရှင်းလင်း ဆွေးနွေးရာတွင် ပြောင်းလဲဖြစ်ပေါ်လာသည့် လူကုန်ကူးမှုပုံစံများ၊ အရေးပေါ်အခြေအနေများ ဖြစ်ပေါ်လာပါက တုံ့ပြန်ဆောင်ရွက်နိုင်မည့် နည်းလမ်းများနှင့် နည်းပညာဆန်းသစ်ပြောင်းလဲလာမှုများကို ထည့်သွင်းစဉ်းစား၍ မဟာဗျူဟာ (၃) ရပ်၊ နည်းဗျူဟာ (၄) ရပ်ဖြင့် လုပ်ငန်းကဏ္ဍ (၄) ရပ်ကို ချမှတ်ပြီး နှစ်စဉ်လုပ်ငန်းစီမံချက်များကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ မြန်မာနိုင်ငံသည် လူကုန်ကူးမှုတိုက်ဖျက်ရေးကို နိုင်ငံတော်၏မူဝါဒအဖြစ် သတ်မှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် "နိုင်ငံတော်သည် ကျေးကျွန်ပြုမှုနှင့် လူကုန်ကူးမှုများကို တားမြစ်သည် (ပုဒ်မ ၃၅၈)" ဟု အတိအလင်းပြဋ္ဌာန်းထားကြောင်း၊ မြန်မာနိုင်ငံ၏ လူကုန်ကူးမှု တားဆီးနှိမ်နင်းရေး ဥပဒေကိုလည်း ၂၀၀၅ ခုနှစ်ကတည်းက ပြဋ္ဌာန်းခဲ့သည့်အပြင် ၂၀၂၂ ခုနှစ်မှာ ပိုမိုပြည့်စုံကောင်းမွန်အောင် ပြင်ဆင်ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ အဆိုပါ ဥပဒေသစ်တွင် ပြည့်တန်ဆာအဖြစ် အဓမ္မပြုလုပ်ခြင်း၊ အခြားတစ်နည်းနည်းဖြင့် ကာမဆိုင်ရာကိစ္စ အဓမ္မပြုလုပ်စေခြင်း၊ အဓမ္မအလုပ်စေခိုင်းခြင်း သို့မဟုတ် အဓမ္မဝန်ဆောင်မှုပေးစေခြင်း၊ ကျွန်ပြုခြင်း သို့မဟုတ် ကျေးကျွန်ကဲ့သို့စေခိုင်းခြင်း၊ အဓမ္မလက်ထပ်စေခြင်း၊ အဓမ္မ တောင်းရမ်းခိုင်းစေခြင်း၊ လိမ်လည်လှည့်ဖြား၍ ကလေးသူငယ်များအား မွေးစားခြင်း၊ ကိုယ်ဝန်အငှားဆောင်စေခြင်း စသည့် အဓိပ္ပာယ်ဖွင့်ဆိုချက်များကို ပိုမိုရှင်းလင်းစွာ ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ ထို့အပြင် နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်မှုပိုမိုကောင်းစေရန်အတွက် နိုင်ငံတကာဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာ လုပ်ငန်းကော်မတီသစ်တစ်ရပ်ကို ဖွဲ့စည်းရန်အတွက် ဥပဒေတွင် ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ ကလေးသူငယ်အခွင့်အရေးများဆိုင်ရာဥပဒေကို ၂၀၁၉ ခုနှစ် ဇူလိုင် ၂၃ ရက်တွင် အတည်ပြု ပြဋ္ဌာန်းနိုင်ခဲ့ကြောင်း၊ လူကုန်ကူးခံရသူများအား လွှဲပြောင်းညွှန်းပို့ခြင်းဆိုင်ရာ အမျိုးသားအဆင့် ယန္တရား/ လုပ်ငန်းစဉ်အဆင့်ဆင့် NRM ကို ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၄ ရက်တွင် အတည်ပြု ရေးဆွဲလိုက်နာလျက်ရှိကြောင်း ဆွေးနွေးသည်။

ထို့နောက် အာဆီယံအဖွဲ့ဝင်နိုင်ငံများက နိုင်ငံအလိုက် လူကုန်ကူးမှုတိုက်ဖျက်ရေးဆိုင်ရာ ကြိုးပမ်းဆောင်ရွက်ချက်များအား လည်းကောင်း၊ HSU လုပ်ငန်းစီမံချက် ၂၀၂၂ – ၂၀၂၃ အကောင်အထည်ဖော်ဆောင်ရွက်မှု အခြေအနေများအားလည်းကောင်း၊ HSU လုပ်ငန်းစီမံချက် ၂၀၂၃ – ၂၀၂၄ (မူကြမ်း)ကို အပြီးသတ်အတည်ပြုရေးနှင့် (၃၈) ကြိမ်မြောက် လူကုန်ကူးမှု တိုက်ဖျက်ရေးဆိုင်ရာ အထူးအဖွဲ့ခေါင်းဆောင်များ အစည်းအဝေးကို လာအိုနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပရေးနှင့် စပ်လျဉ်း၍လည်းကောင်း ဆွေးနွေးခဲ့ကြပြီး သဘာပတိက နိဂုံးချုပ် အမှာစကား ပြောကြားခဲ့ကြောင်း သိရသည်။

သတင်းစဉ်

ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးနှင့် ကူညီကယ်ဆယ်ရေးပစ္စည်းများ တပ်မတော်(ရေ)မှ စစ်ရေယာဉ်များနှင့် သူရိယစန္ဒာဝင်းကုမ္ပဏီပိုင်ရေယာဉ်တို့ဖြင့် ပို့ဆောင်

နေပြည်တော် မေ ၃၀

ဆိုင်ကလုန်းမုန်တိုင်း မိုခါ (MOCHA) ဖြတ်သန်းတိုက်ခတ်မှုကြောင့် ထိခိုက် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့သော ရခိုင်ပြည်နယ်အတွင်းရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား လိုအပ်သော ပစ္စည်းများ ကူညီထောက်ပံ့မှုများ ဆောင်ရွက်ပေးနိုင်ရန် ယနေ့တွင် တပ်မတော် (ရေ) မှ ၂၉ မီတာ ကမ်းထိုး ရေယာဉ်တစ်စီးသည် ဆန်အိတ် ၁၀၀၀ စုစုပေါင်း ကုန်တန်ချိန် တန် ၅၀ တို့ကို မင်းဂံကမ်းထိုးရပ်၌ တင်ဆောင်၍ ဘူးသီးတောင်သို့လည်းကောင်း၊ ၅၆ မီတာ ကမ်းထိုးရေယာဉ်တစ်စီးသည် သစ်ချောင်း ၁,၀၀၃ ချောင်း စုစုပေါင်းကုန်တန်ချိန် ၁၀ ဒသမ ၀၇ တန်တို့အား တောင်ကုတ်ကမ်းထိုးရပ်၌ တင်ဆောင်၍ စစ်တွေမြို့သို့ လည်းကောင်း ပို့ဆောင်ရန် ထွက်ခွာခဲ့ကြသည်။

ထို့အတူ ရန်ကုန်တိုင်းဒေသကြီး ဗိုလ်တထောင်ခရိုင် ဗိုလ်တထောင်မြို့နယ် ဗိုလ်အောင်ကျော်ဆိပ်ကမ်းတွင် ဆိုက်ကပ်ထားသော သူရိယစန္ဒာဝင်းကုမ္ပဏီပိုင် အလျား ၂၄၅ ပေ၊ အနံ ၆၄ ပေ၊ ရေစူး ၁၂ ပေ စုစုပေါင်း မတ်ထရစ်တန် ၃၅၀၀ တင်ဆောင်နိုင်သည့် MV–Charities ရေယာဉ်သည် ရခိုင်ပြည်နယ်လေဘေးသင့်ပြည်သူများအတွက် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုဝင်များ၊ ဝန်ကြီးဌာနများ၊ ဌာနဆိုင်ရာများနှင့် စေတနာရှင် အလှူရှင်များမှ လှူဒါန်းပေးပို့သည့် ပြန်လည် ထူထောင်ရေးပစ္စည်းများ၊ စားသောက်ဖွယ်ရာများ၊ အဝတ်အထည်များ၊ လူသုံးကုန်ပစ္စည်းများနှင့် လုပ်ငန်းသုံးပစ္စည်းများ စုစုပေါင်းကုန်တန်ချိန် ၂၅၁၁ တန်အား ရန်ကုန်မြို့ ဗိုလ်အောင်ကျော်တံတား၌ တင်ဆောင်၍ စစ်တွေမြို့သို့ ပို့ဆောင်ရန် ထွက်ခွာသွားခဲ့သည်။

အဆိုပါ စစ်ရေယာဉ်များနှင့် သူရိယစန္ဒာဝင်းကုမ္ပဏီပိုင် MV–Charities ရေယာဉ်တို့ဖြင့် သယ်ဆောင်လာသည့် ထောက်ပံ့ရေးနှင့် ကယ်ဆယ်ရေးပစ္စည်းများအား တာဝန်ရှိသူများထံသို့ စနစ်တကျ လွှဲပြောင်းပေးအပ်၍ မုန်တိုင်းဒဏ်သင့် ပြည်သူများထံသို့ အမြန်ဆုံးဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရခိုင်ပြည်နယ်အတွင်းရှိ သဘာဝဘေးဒဏ်သင့်ပြည်သူများအတွက် ထောက်ပံ့ရေးပစ္စည်းများ တပ်မတော်(လေ)မှ လေယာဉ်များဖြင့် ဆက်လက်ပို့ဆောင်

နေပြည်တော် မေ ၃၀

တပ်မတော်အနေဖြင့် သဘာဝဘေးဒဏ်သင့်ဒေသများသို့ ကူညီကယ်ဆယ်ရေးအဖွဲ့များအား စုဖွဲ့စေလွှတ်၍ လိုအပ်သည့် ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ဆောင်ရွက် ပေးလျက်ရှိသည့်အပြင် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် စားသောက်ဖွယ်ရာများ၊ ကူညီထောက်ပံ့ရေးပစ္စည်းများ၊ အမျိုးသား သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ပစ္စည်းများကိုလည်း တပ်မတော် လေယာဉ်၊ ရဟတ်ယာဉ်များ၊ ရေယာဉ်များဖြင့် ကူညီပို့ဆောင်ပေးလျက်ရှိသည်။

ထိုသို့ ပို့ဆောင်ပေးလျက်ရှိရာ ယနေ့တွင် တပ်မတော် (ကြည်း၊ ရေ၊ လေ) မိသားစုများ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် စေတနာရှင် အလှူရှင်များက လှူဒါန်းသည့် လျှပ်စစ်ပစ္စည်းများ၊ ရေသန့်စက်များ၊ အဝတ်အထည်များနှင့် လူသုံးကုန်ပစ္စည်းများကို တင်ဆောင်၍ နေပြည်တော် လေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော် လေယာဉ်ဖြင့် တစ်ကြိမ် ပို့ဆောင်ပေးခဲ့သည်။

အလားတူ သဘာဝဘေးဒဏ်သင့်ဒေသများတွင် ကူညီကယ်ဆယ်ရေး လုပ်ငန်းများ ဆောင်ရွက်ပေးနိုင်ရေး အတွက် ပြန်လည် ထူထောင်ရေးလုပ်ငန်းများတွင် ကူညီဆောင်ရွက်ပေးကြမည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ သဘာဝ ဘေးအန္တရာယ်ဆိုင်ရာ ကူညီကယ်ဆယ်ရေး အဖွဲ့များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ဆေးပစ္စည်းများ၊ ဆက်သွယ်ရေး ဆက်စပ်ပစ္စည်းများ၊ ကော်ဇောလိပ်များ၊ မိုးကာလိပ်များ၊ မီးစက်များ၊ ပြန်လည်တည်ဆောက်ရေးဆိုင်ရာ ပစ္စည်းများ၊ အသုံးအဆောင်ပစ္စည်းများနှင့် စားသောက်ဖွယ်ရာများကို တင်ဆောင်၍ ရန်ကုန်မြို့ရှိ မင်္ဂလာဒုံလေဆိပ်မှ စစ်တွေလေဆိပ်သို့ တပ်မတော် လေယာဉ်ဖြင့် နှစ်ကြိမ် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

အဆိုပါ တပ်မတော်လေယာဉ်များဖြင့် ပို့ဆောင်ပေးလျက်ရှိသော ပစ္စည်းများကို တာဝန်ရှိသူများက လက်ခံရယူပေးကြကြောင်းနှင့် မုန်တိုင်းဒဏ်သင့် ပြည်သူများထံသို့ ဆက်လက်ဖြန့်ဝေသွားမည် ဖြစ်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၂၄ / ၂၀၂၃)
၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်
(၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်)

ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ လောက်ကိုင်မြို့၊ တုံချန်၊ ရပ်ကွက် (၁)၊ ကြည်ရှန်လမ်းတွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ** ကို ၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

ရှမ်းပြည်ကိုးကန့်ဒီမိုကရက်တစ်ပါတီ၏ မှတ်ပုံတင်အမှတ်မှာ (၁၉) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

နာဂအမျိုးသားပါတီ [Naga National Party (NNP)]ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြု

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်
ကြေညာချက်အမှတ် (၂၅ / ၂၀၂၃)
၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၁၂ ရက်
(၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်)

နာဂအမျိုးသားပါတီ [Naga National Party (NNP)]ကို နိုင်ငံရေးပါတီအဖြစ် မှတ်ပုံတင်ခွင့်ပြုခြင်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမြို့၊ ဇီးဖြူကုန်းရပ်ကွက်တွင် ပါတီရုံးချုပ်ဖွင့်လှစ်ထားရှိသော **နာဂအမျိုးသားပါတီ [Naga National Party (NNP)]** ကို ၂၀၂၃ ခုနှစ်၊ မေလ ၃၀ ရက်နေ့မှစ၍ နိုင်ငံရေးပါတီများ မှတ်ပုံတင်ခြင်းဥပဒေ ပုဒ်မ ၉ နှင့်အညီ မှတ်ပုံတင်ခွင့်ပြုကြောင်း ကြေညာလိုက်သည်။

နာဂအမျိုးသားပါတီ [Naga National Party (NNP)]၏ မှတ်ပုံတင်အမှတ်မှာ (၂၀) ဖြစ်ပါသည်။

(ပုံ) သိန်းစိုး
ဥက္ကဋ္ဌ
ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

(၁၂)ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲသို့ အောင်မြင်စွာ သွားရောက်ယှဉ်ပြိုင်နိုင်ရေး မသန်စွမ်းအားကစားနည်းများမှ မသန်စွမ်းအားကစားသမားများကို တွေ့ဆုံအားပေးစကားပြောကြား

နေပြည်တော် မေ ၃၀

၂၀၂၃ ခုနှစ် ဇွန် ၃ ရက်မှ ၉ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့တွင် ကျင်းပပြုလုပ်မည့် (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲသို့ အားကစားနည်း ၁၄ မျိုးအနက်မှ အားကစားနည်း ရှစ်မျိုးဖြစ်သော ပြေးခုန်ပစ်၊ ရေကူး၊ ဘောလုံး၊ ဘော်လီဘော၊ မျက်မမြင်ဂိုးလ်ဘော၊ အလေးမ၊ စားပွဲတင်တင်းနစ်နှင့် မျက်မမြင်စစ်တုရင်ကစားနည်းတို့ကို ပါဝင်ယှဉ်ပြိုင်ကြမည့် ကစားနည်းအလိုက်မှ မသန်စွမ်း အားကစားသမားများကို မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ် ဥက္ကဋ္ဌ ဗိုလ်ချုပ်လှမိုးက တွေ့ဆုံအမှာစကားပြောကြားသည်။ (ယာပုံ)

ထိုသို့ တွေ့ဆုံအမှာစကား ပြောကြားရာတွင် အားကစားနည်းအလိုက်မှ မသန်စွမ်း အားကစားသမားများကို ကျန်းမာရေးဂရုစိုက်ရန်နှင့် ပါဝင်ယှဉ်ပြိုင်သွားမည့်အခြေအနေများ၊ ကစားသမားများ၏ လေ့ကျင့်ထားသည့် ကောင်းမွန်သော လက်ရှိသတ်မှတ်စံချိန်များကို ထိန်းသိမ်းကာ အောင်မြင်စွာ ပါဝင်ယှဉ်ပြိုင်သွားစေလိုကြောင်း၊ နိုင်ငံတော်အကြီးအကဲကလည်း အားကစားကို အထူးအားပေး ချီးမြှောက်ပေးနေသောကြောင့် ကစားသမားများအနေဖြင့် မိမိနိုင်ငံ့ဂုဏ်ကို မြှင့်တင်နိုင်အောင် အစွမ်းကုန် အားသွန်ခွန်စိုက် ကြိုးစားလုပ်ဆောင်စေလိုကြောင်း ပြောကြား၍ အားကစားသမား တစ်ဦးချင်းစီအား ရင်းရင်းနှီးနှီး လိုက်လံနှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

နိုင်ငံတကာသတင်း

အားကောင်းသော တိုင်ဖွန်းမုန်တိုင်းမဝါ အိုကီနာဝါတောင်ဘက်ပင်လယ်ပြင်တွင် ဖြည်းညင်းစွာရွေ့လျားနေ

တိုကျို မေ ၃၀

ကြီးမားပြီး အလွန်အားကောင်းသော တိုင်ဖွန်းမုန်တိုင်းသည် မေ ၃၁ ရက်မှစတင်ကာ ဂျပန်နိုင်ငံ အနောက်တောင်ပိုင်း အိုကီနာဝါဒေသသို့ ချဉ်းကပ်လာဖွယ်ရှိပြီး ရုတ်တရက် လေပြင်းတိုက်ခတ်ခြင်း၊ လှိုင်းကြီးခြင်းနှင့် မိုးသည်းထန်စွာရွာသွန်းခြင်းတို့ ဖြစ်ပေါ်နိုင်ကြောင်း ခန့်မှန်းရသည်။

တိုင်ဖွန်းမုန်တိုင်း မဝါသည် မေ ၃၀ ရက် မွန်းလွဲပိုင်းအထိ အိုကီနာဝါတောင်ဘက်ပင်လယ်ပြင်တွင် ဖြည်းညင်းစွာ ရွေ့လျားနေကြောင်း ဂျပန်မိုးလေဝသအေဂျင်စီက ပြောသည်။ မုန်တိုင်းဗဟိုချက်မှာ လေဖိအား ဟက်တိုပါစကယ် ၉၅၀ ရှိကြောင်း သိရသည်။

အိုကီနာဝါ၏ စာကိုရှီးမားကျွန်းစုတွင် လေပြင်းများ တိုက်ခတ်လျက်ရှိကြောင်း၊ တိုင်ဖွန်းမုန်တိုင်း မဝါ ဇွန် ၁ ရက်မှ ဇွန် ၃ ရက်အထိ အိုကီနာဝါ၏ ပင်မကျွန်းသို့ အနီးကပ်မရောက်ရှိမီ မေ ၃၁ ရက်တွင် စာကိုရှီးမားကျွန်းစုသို့ ချဉ်းကပ်လာဖွယ်ရှိကြောင်း ခန့်မှန်းထားသည်။

အဆိုပါ ဒေသတစ်ဝန်းတွင် မေ ၃၁ ရက်အတွက် အမြင့်ဆုံး လေတိုက်နှုန်းမှာ တစ်နာရီလျှင် ၉၀ ကီလိုမီတာဖြစ်ပြီး ၁၂၆ ကီလိုမီတာအထိ ရောက်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။ ဇွန် ၁ ရက်အတွက် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၁၀၈ ကီလိုမီတာမှ ၁၄၄ ကီလိုမီတာကြားရှိနိုင်ပြီး ၁၄၄ နှင့် ၂၁၆ ကီလိုမီတာအထိလည်း ရောက်ရှိနိုင်သည်ဟု သိရသည်။

တိုင်ဖွန်းမုန်တိုင်း မဝါသည် ဖြည်းညင်းစွာရွေ့လျားနေသည့်အတွက် မုန်တိုင်းအခြေအနေမှာ ရှည်ကြာဖွယ်ရှိသည်။

အင်န်အိတ်ချ်ကေ

ပါကစ္စတန်နိုင်ငံ၌ မိုးကြိုးပစ်မှုဖြစ်ပွား ခြောက်ဦးထက်မနည်း သေဆုံး

အစ္စလာမ္မာဘတ် မေ ၃၀

ပါကစ္စတန်နိုင်ငံတောင်ပိုင်း ဆင်းဒ်ပြည်နယ်ရှိ သာပါခါးခရိုင်တွင် မေ ၃၀ ရက်က မိုးကြိုးပစ်မှုကြောင့် ခြောက်ဦးထက်မနည်း သေဆုံးပြီး အခြားရှစ်ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း ကယ်ဆယ်ရေးဝန်ဆောင်မှုလုပ်ငန်း၏ အစီရင်ခံဖော်ပြချက်အရ သိရသည်။

ထို့အပြင် ထိခိုက်ဒဏ်ရာရရှိသူအားလုံးမှာ သာပါခါးခရိုင်မှ ဖြစ်ကြောင်းနှင့် မိုးကြိုးပစ်မှုကြောင့် သေဆုံးသူများထဲတွင် လူငယ် ငါးဦးနှင့် အသက် ၃၅ နှစ်အရွယ် တစ်ဦးပါဝင်ကြောင်း အဆိုပါကယ်ဆယ်ရေးဝန်ဆောင်မှုလုပ်ငန်းက ပြောသည်။

အစီရင်ခံဖော်ပြချက်တွင် ဒေသဆိုင်ရာ ဘာသာရေးပွဲတော်တစ်ခုသို့ တက်ရောက်ရန် လမ်းပေါ်တွင် လူအများအပြား လမ်းလျှောက်လာချိန် သာပါခါးခရိုင် ဆာတာရိုကျေးရွာ၌ မေ ၃၀ ရက် နံနက်အစောပိုင်းက မိုးကြိုးပစ်မှု ဖြစ်ပွားခဲ့ခြင်းဖြစ်သည်ဟု ဖော်ပြထားသည်။

ကယ်ဆယ်ရေးလုပ်သားများနှင့် ဒေသခံများက ထိခိုက်ဒဏ်ရာရရှိသူများကို ဒေသန္တရဆေးရုံတစ်ရုံသို့ ပို့ဆောင်ပေးခဲ့သည်ဟု ဆိုသည်။

ဆင်ဟွာ

(၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ၌ မြန်မာနိုင်ငံမှ အားကစားသမား ၈၂ ဦးက အားကစားနည်း ရှစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်မည်

ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့၌ ကျင်းပမည့် အာဆီယံမသန်စွမ်းသူများအားကစားပြိုင်ပွဲသို့ သွားရောက်ယှဉ်ပြိုင်မည့် အားကစားနည်းများ၊ ကြိုတင်ပြင်ဆင်လေ့ကျင့်ဆောင်ရွက်နေမှုများ၊ မသန်စွမ်းအားကစားသမားမျိုးဆက်သစ်များ ရှာဖွေလေ့ကျင့်ပေးရမှုအခြေအနေများ၊ ပြိုင်ပွဲမျှော်မှန်းချက်များနှင့် ပတ်သက်၍ မြန်မာနိုင်ငံ မသန်စွမ်းသူများ အားကစားအဖွဲ့ချုပ်မှ ဒုတိယဥက္ကဋ္ဌ ဦးဝင်းမြင့်အား တွေ့ဆုံမေးမြန်းမှုကို ဖော်ပြအပ်ပါသည်။

တွေ့ဆုံမေးမြန်း - သတင်းအဖွဲ့

ပြိုင်ပွဲဝင်မည့် အားကစားသမားများ စခန်းသွင်းလေ့ကျင့်နေမှုကို တွေ့ရစဉ်။

မေး ။ မြန်မာမသန်စွမ်း အားကစားသမားတွေ အခုလာမယ့် ဇွန်လမှာ ကျင်းပမယ့် 12th ASEAN Para Games ကို သွားရောက်ယှဉ်ပြိုင်ရာမှာ အားကစားနည်း ဘယ်နှမျိုး ယှဉ်ပြိုင်ကြမလဲ၊ ဘယ်ကစားနည်းတွေဆိုတာ သိလိုပါတယ်။

ဖြေ ။ (၁၂) ကြိမ်မြောက် အာဆီယံမသန်စွမ်းသူများ အားကစားပြိုင်ပွဲ (12th ASEAN Para Games)ကို ဇွန်လ ၃ ရက်နေ့ကနေ ၉ ရက်နေ့အထိ ကမ္ဘောဒီးယားနိုင်ငံ ဖနောင်ပင်မြို့မှာ ကျင်းပပြုလုပ်မှာ ဖြစ်ပါတယ်။ ယခင် (၁၁)ကြိမ်မြောက် အာဆီယံ Para Games မှာ အားကစားနည်း ၁၄ မျိုးဖြစ်ပြီး မြန်မာက ခုနစ်မျိုး ပါဝင်ယှဉ်ပြိုင်ခဲ့ပါတယ်။ ဒီနှစ် (၁၂) ကြိမ်မြောက် အာဆီယံ Para Games မှာလည်း ပါဝင်တဲ့ အားကစားနည်း ၁၄ မျိုးအနက် ရှစ်မျိုးကို သွားရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ဒီကစားနည်းရှစ်မျိုးကတော့ ပြေးခုန်ပစ်၊ ရေကူး၊ ဘောလုံး၊ ဘော်လီဘော၊ Goal Ball ၊ အလေးမ၊ စားပွဲတင်တင်းနစ်နှင့် စစ်တုရင်တို့ပဲဖြစ်ပါတယ်။

မေး ။ မသန်စွမ်းအားကစားနည်းတွေမှာ မသန်စွမ်းမှု သတ်မှတ်ချက်အဆင့်တွေခွဲခြားပြီး အဆင့်တူသူအချင်းချင်းသာ ယှဉ်ပြိုင်ရတယ်လို့ သိရပါတယ်။ မြန်မာနိုင်ငံမှာရော မသန်စွမ်းမှုအဆင့်သတ်မှတ်ချက်၊ စစ်ဆေးမှုများ ဆောင်ရွက်ပါသလား။

ဖြေ ။ မှန်ပါတယ် မသန်စွမ်းအားကစားနည်းတွေမှာ ဆိုင်ရာကစားနည်းအလိုက် မသန်စွမ်းမှုအဆင့်တွေ သတ်မှတ်ပြီး အဆင့်တူသူချင်းပြိုင်ရသလို ပူးတွဲပြိုင်ရခြင်း၊ အသင်းဆိုရင် သတ်မှတ်ဖွဲ့စည်းမှုပုံစံအတိုင်း ဖွဲ့စည်းယှဉ်ပြိုင်ရခြင်းတွေ ဖြစ်ပါတယ်။ မြန်မာနိုင်ငံမှာတော့ မျိုးဆက်သစ်ကစားသမားရော ကစားသမားဟောင်းများကိုပါ လေ့ကျင့်မှုဆောင်ရွက်နေချိန်မှာ မသန်စွမ်းမှုအဆင့်သတ်မှတ်ခြင်းများကို စစ်ဆေးမှုပြုလုပ်ပြီး သတ်မှတ်ပေးပါတယ်။ အဖွဲ့ချုပ်မှာ International Classifier ပညာရှင်များ၊ ဆရာဝန်များရှိတဲ့အတွက် အဖွဲ့နဲ့ ကစားသမားအားလုံးကို ဆိုင်ရာကစားနည်းအလိုက် မသန်စွမ်းမှုအဆင့်များ စစ်ဆေးသတ်မှတ် ဆောင်ရွက်နိုင်ပါတယ်။

မေး ။ မသန်စွမ်းအားကစားနည်းတွေအတွက် မျိုးဆက်သစ်မသန်စွမ်းကစားသမားတွေ ရှာဖွေလေ့ကျင့်ပေးရမှုအခြေအနေတွေကိုလည်း သိလိုပါတယ်။

ဖြေ ။ သာမန်လူတွေ ကစားနိုင်တဲ့ အိုလံပစ် ကစားနည်းတွေအတွက် မျိုးဆက်သစ်ကစားသမားတွေကို ရှာဖွေရာမှာ ဆိုင်ရာကစားနည်းအလိုက် ကျင်းပတဲ့ပြိုင်ပွဲကြီးတွေနဲ့ တိုင်းဒေသကြီး/ပြည်နယ်၊ မြို့နယ်တွေကနေ အားကစားပြိုင်ပွဲတွေမှာ ရှာဖွေနိုင်ပေမယ့်၊ မသန်စွမ်းအားကစားနည်းများအတွက် မသန်စွမ်းကစားသမား မျိုးဆက်သစ်ရှာဖွေရာမှာ အလွန်ခက်ခဲပါတယ်။ မသန်စွမ်းမှုဖြစ်သူတွေကို ကနဦးစုံစမ်းရပါတယ်။ မသန်စွမ်းအားကစားတွေအတွက် ကစားနိုင်တဲ့ မသန်စွမ်းမှု အမျိုးအစားတွေက ကိုယ်အင်္ဂါ (ခြေ/လက်) စွန့်လွှတ်ထားရသူ/ မသန်စွမ်းသူ၊ ပိုလီယိုဖြစ်သူ၊ သူငယ်နာအကြောတင်းဖြစ်သူ၊ အမြင်အာရုံချို့ယွင်းသူများပဲ ဖြစ်ပါတယ်။ ဒီလိုမသန်စွမ်းသူတွေကို လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန၊ ကျန်းမာရေးဝန်ကြီးဌာန၊ ကာကွယ်ရေးဝန်ကြီးဌာနတို့မှာရှိတဲ့ သက်ဆိုင်တဲ့ဌာနတွေ၊ စစ်ဘက်/ အရပ်ဘက်ရှိ မသန်စွမ်းမှုနဲ့ ပတ်သက်တဲ့ ဆေးရုံတွေ၊ မျက်မမြင်ကျောင်းတွေ၊ အခြားမသန်စွမ်းမှုဆိုင်ရာ အရပ်ဘက်အဖွဲ့အစည်းတွေကို ဆက်သွယ်ပြီး ရှာဖွေရပါတယ်။

ရှာဖွေတွေ့ရှိရင်လည်း ကိုယ်တိုင်သွားရောက်စစ်ဆေးခြင်း၊ ကြည့်ရှုခြင်းများပြုလုပ်ပြီး မသန်စွမ်းသူကိုယ်တိုင်က စိတ်ပါဝင်စားမှုရှိရမှာဖြစ်သလို မိဘအုပ်ထိန်းသူများရဲ့ စိတ်ပါဝင်စားမှု၊ လိုက်ရောနိုင်မှု၊ ခွင့်ပြုပေးနိုင်မှုများကို ရရှိအောင် စည်းရုံးရပါတယ်။ အားလုံးအဆင်ပြေရင်တော့ မသန်စွမ်းသူရဲ့ အသက်အရွယ်နဲ့ သန်စွမ်းမှု အခြေအနေတွေ၊ ကိုက်ညီမယ့် ကစားနည်းတွေ ချိန်ဆရပါတယ်။ ကစားနည်းနဲ့ ကိုက်ညီမယ့် မျိုးဆက်သစ်ကစားသမားတွေကို ခေါ်ယူပြီး ကစားနည်းအလိုက် နည်းပြဆရာတွေက အခြေခံကနေ စပြီးလေ့ကျင့်ပေးခဲ့ရပါတယ်။

မေး ။ ပြိုင်ပွဲအတွက် စတင်စခန်းသွင်းလေ့ကျင့်မှု အခြေအနေတွေ၊ ပြိုင်ပွဲသွားရောက်ဖို့ နောက်ဆုံးလက်ရွေးစင်ရွေးချယ်မှု အခြေအနေတွေကိုလည်း ရှင်းပြပေးပါဦးခင်ဗျာ။

ဖြေ ။ မျိုးဆက်သစ်ကစားသမားတွေနဲ့ အတူ ယခင်နှစ်က ရွေးချယ်ယှဉ်ပြိုင်ခဲ့တဲ့ ကစားသမားလူဟောင်းတွေကို ၂၀၂၂ ခုနှစ် အောက်တိုဘာလက စတင်ပြီး ကစားနည်းအလိုက် နည်းပြချုပ်၊ နည်းပြ၊ အကူနည်းပြ စုံစုံလင်လင်နဲ့ လေ့ကျင့်မှုတွေ ဆောင်ရွက်ခဲ့ပါတယ်။ ၂၀၂၂ ခုနှစ် နိုဝင်ဘာလကုန်မှာတော့ မျိုးဆက်သစ်ထဲကနေ လေ့ကျင့်မှုအရ ဖြစ်နိုင်ခြေမရှိသူတွေကို ပြန်လည်စေလွှတ်ခဲ့ပါတယ်။ တိုးတက်မှုရှိပြီး ဖြစ်နိုင်ခြေရှိတဲ့သူတွေကိုပဲ ဆက်လက်လေ့ကျင့်ပေးခဲ့ပါတယ်။ ကစားနည်းအလိုက် ကစားသမားတစ်ဦးချင်းအလိုက် တိုးတက်မှုအခြေအနေကို အပတ်စဉ်၊ လစဉ် ဆန်းစစ်မှုများ ပြုလုပ်စိစစ်ခဲ့ပါတယ်။

သုံးလလောက် လေ့ကျင့်မှုတွေ ဆောင်ရွက်ပြီး အပြီးသတ်လူရွေးချယ်မှုကိုတော့ ၂၀၂၃ ခုနှစ် ဖေဖော်ဝါရီလကုန်မှာ ပြုလုပ်ခဲ့ပါတယ်။ ကစားနည်းအလိုက် စံချိန်ယူခြင်း၊ လိုအပ်တဲ့ ကစားနည်းတွေမှာ Third Party အဖွဲ့နဲ့ စံချိန်ယူစိစစ်ခြင်း၊ အသင်းလိုက်ကစားနည်းအတွက် ကစားသမားတွေရဲ့ တိုးတက်မှု၊ ကျွမ်းကျင်မှု အခြေအနေတွေအပေါ် စိစစ်ခြင်း၊ ယခင်နှစ်ပြိုင်ပွဲကနေ ပထမ၊ ဒုတိယ၊ တတိယစံချိန်တွေနဲ့ ချိန်ထိုးစိစစ်ခြင်းနဲ့ စိစစ်ရွေးချယ်ခဲ့ပါတယ်။ နောက်ဆုံး အဖွဲ့ချုပ်ရဲ့ EC Meeting မှာ အသေးစိတ် ဆွေးနွေးအတည်ပြုရွေးချယ်ပါတယ်။

လေ့ကျင့်ရေးကွင်းအနေနဲ့ ရန်ကုန်မြို့ ဒဂုံမြို့သစ်မြောက်ပိုင်း (၂၉)ရပ်ကွက် ပြည်ထောင်စု လမ်းမကြီးဘေးမှာရှိတဲ့ မြန်မာနိုင်ငံ မသန်စွမ်းအားကစား လေ့ကျင့်ရေးစခန်းမှာ ကစားနည်း ရှစ်မျိုးစလုံး စခန်းသွင်းလေ့ကျင့်ပါတယ်။ ဒါပေမယ့် အချို့လိုအပ်တဲ့ လေ့ကျင့်ချိန်၊ စံချိန်ယူ ပြိုင်ပွဲပြုလုပ်ချိန်တွေမှာ လက်ရှိလေ့ကျင့်ကွင်းတွေက စံချိန်စံညွှန်း လိုအပ်ချက်ရှိနေတဲ့အတွက် ပြေးခုန်ပစ်အနေနဲ့ဆိုရင် ကျိုက္ကဆံကွင်း/ တောင်ဥက္ကလာကွင်းမှာ၊ ရေကူးအနေနဲ့ဆိုရင် မြောက်ဒဂုံရေကူးကန်မှာ သွားရောက်လေ့ကျင့်စံချိန်ယူပါတယ်။ ကြီးကြပ်မှုအနေနဲ့ ကစားနည်းတစ်ခုစီက EC တစ်ဦးစီက အမြဲအနီးကပ်ကြီးကြပ်ပြီး နည်းပြချုပ်၊ နည်းပြ၊ အကူနည်းပြ ပြည့်ပြည့်စုံစုံနဲ့ လေ့ကျင့်မှုတွေ ဆောင်ရွက်စေပါတယ်။

မေး ။ ကစားသမားတွေ နေထိုင်စားသောက်ရေးအတွက် စီမံဆောင်ရွက်ပေးတာကိုလည်း သိလိုပါတယ်။

ဖြေ ။ ကစားသမားတွေအတွက်နေ့စဉ်စားသောက်စရိတ် တစ်ဦးကို ကျပ် ၅၀၀၀ နှုန်းနဲ့ လေ့ကျင့်ရေးပစ္စည်း၊ ဝတ်စုံစရိတ်၊ လေ့ကျင့်ရေးအထောက်အကူပစ္စည်းတွေကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့ပေးပါတယ်။ ပြည်ပကနေမှာယူရပြီး တန်ဖိုးများတဲ့ သတ္တုနဲ့ပြုလုပ်ထားတဲ့ ခြေတုနဲ့ ဆက်စပ်ပစ္စည်းတွေအတွက် ကုန်ကျငွေကို အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနကပဲ ထောက်ပံ့ပေးပါတယ်။ ဒါ့အပြင် အခါအားလျော်စွာ ကျန်းမာရေးအတွက် ဆေးဝါးတွေ၊ အားဆေးတွေကိုလည်း ထောက်ပံ့ပေးပါတယ်။ ထပ်မံလိုအပ်တဲ့ အချို့အင်အားပြည့် ဖြည့်စွက်စာတွေ၊ လေ့ကျင့်ရေးပစ္စည်းတွေ၊ လေ့ကျင့်ရေးအထောက်အကူပစ္စည်းတွေ၊ ဖြည့်စွက်အားဆေးတွေအတွက် အဖွဲ့ချုပ်ရန်ပုံငွေကနေ ကျခံသုံးစွဲပြီး အားကစားလေ့ကျင့်မှုမှာ အခက်အခဲမဖြစ်စေရေး အာဟာရပြည့်ဝစွာ စားသောက်နိုင်ရေးအတွက် ကြီးကြပ်ဆောင်ရွက်ပေးခဲ့ပါတယ်။

ပြိုင်ပွဲဝင်ဝတ်စုံတွေ၊ ပြိုင်ပွဲဝင်အထောက်အကူပြုပစ္စည်းတွေ၊ ပြိုင်ပွဲဝင်ကုန်ကျစရိတ်၊ လေယာဉ်ခရီးစဉ် စတဲ့ကုန်ကျစရိတ်တွေ (EURO ၊ US ၊ Baht ၊ ကျပ်) အတွက် နိုင်ငံတော်ရဲ့ ခွင့်ပြုချက်နဲ့ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနက ထောက်ပံ့ပေးပါတယ်။

မေး ။ အဖွဲ့ချုပ်တစ်ခုတည်းက အားကစားနည်းများစွာ၊ ကစားသမားများစွာကို စီမံခန့်ခွဲဆောင်ရွက်နေရတဲ့အတွက် အခက်အခဲများစွာ ရှိနိုင်တယ်လို့ သုံးသပ်မိပါတယ်၊ ဘယ်လိုစီမံခန့်ခွဲဆောင်ရွက်နေတယ်ဆိုတာလည်း သိရှိလိုပါတယ်။

ဖြေ ။ မြန်မာနိုင်ငံ မသန်စွမ်းသူများအားကစားအဖွဲ့ချုပ်ကို ၁၉၈၉-၉၀ ကတည်းက စတင်ဖွဲ့စည်း ခဲ့ပါတယ်။ မသန်စွမ်းသူတွေနဲ့ ပတ်သက်တဲ့ အရပ်ဘက်/ စစ်ဘက်ရှိ သက်ဆိုင်ရာဌာနများမှ တာဝန်ရှိသူများ၊ မသန်စွမ်းမှုဆိုင်ရာ လူမှုအဖွဲ့အစည်းများမှ တာဝန်ရှိသူများ၊ မသန်စွမ်းနဲ့ သက်ဆိုင်တဲ့ ဆေးရုံတွေက ဆရာဝန်ကြီးတွေ၊ အငြိမ်းစားဆရာဝန်ကြီးတွေ၊ မသန်စွမ်းအားကစားသမားဟောင်းတွေ၊ မသန်စွမ်းသူကစားသမားတွေရဲ့ မိဘတွေ၊ ပြင်ပက မသန်စွမ်းအားကစားကို စိတ်ပါဝင်စားသူတွေ၊ လုပ်ငန်းရှင်တွေနဲ့ ဖွဲ့စည်းထားပါတယ်။

အဖွဲ့ချုပ်ဥက္ကဋ္ဌရဲ့ ဦးဆောင်မှုနဲ့ ဒုတိယဥက္ကဋ္ဌ(စီ/မံ)၊ ဒုတိယဥက္ကဋ္ဌ (လေ့ကျင့်ရေး)၊ ဒုတိယဥက္ကဋ္ဌ(ကျန်းမာရေး)၊ ဒုတိယဥက္ကဋ္ဌ (ပြည်ပရေးရာ)၊ ဒုတိယဥက္ကဋ္ဌ(ဘဏ္ဍာရေး)၊ ဆေးမှူးချုပ်၊ အတွင်းရေးမှူး၊ တွဲဖက်အတွင်းရေးမှူး၊ အားကစားနည်းအလိုက် တာဝန်ခံ EC တွေ၊ ဆေးမှူး၊ စခန်းမှူး စတဲ့အသေးစိတ်တာဝန်တွေ ခွဲဝေကြီးကြပ်လျက် အားကစား အောင်မြင်ရေးအတွက် လေ့ကျင့် ဆောင်ရွက်လျက်ရှိပါတယ်။ အထူးသဖြင့် ကစားနည်းအလိုက် တာဝန်ခံ EC နဲ့ နည်းပြချုပ်တွေက နေ့စဉ်လေ့ကျင့်မှု ဆောင်ရွက်ချက်တွေကို အမှုဆောင်ကော်မတီကိုတင်ပြခြင်း၊ အခါအားလျော်စွာ EC Meeting မှာ ဆွေးနွေးခြင်းဖြင့် ကြီးကြပ်ပါတယ်။

မေး ။ နောက်ဆုံးအနေနဲ့ ယခုသွားရောက်မယ့် အာဆီယံ Para Games ကို သွားရောက်ယှဉ်ပြိုင်မယ့် အုပ်ချုပ်မှုအဖွဲ့၊ ကစားနည်းအလိုက် အုပ်ချုပ်သူ၊ နည်းပြ၊ ကစားသမား အရေအတွက် အင်အားစာရင်းနဲ့ ပြိုင်ပွဲမျှော်မှန်းချက်ကို ပြောပြပေးပါ။

ဖြေ ။ မသန်စွမ်းကစားသမားတွေအနေနဲ့ “**မသန်လည်းလူ၊ သန်လည်းလူ၊ စွမ်းဆောင်မှုသာအဓိက**” ဆိုတဲ့ ခံယူချက်အတိုင်း ဆုတံဆိပ်တွေရရှိရေး၊ မျှော်မှန်းချက်ထား လေ့ကျင့်နေကြပါတယ်။ ယခင်ပြိုင်ပွဲဖြစ်တဲ့ (၁၁) ကြိမ်မြောက် ASEAN Para Games မှာ အုပ်ချုပ်မှုအဖွဲ့ဝင်၊ နည်းပြ ၄၁ ဦး၊ ကစားသမား ၆၉ ဦး စုစုပေါင်း ၁၁၀ နဲ့ ကစားနည်းခုနစ်မျိုး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ရွှေ ၁၄ ၊ ငွေ ၁၂ ၊ ကြေး ၁၇ စုစုပေါင်း ဆုတံဆိပ် ၄၃ ခုနဲ့ အောင်မြင်မှုရရှိခဲ့ပါတယ်။ ဒီနှစ်မှာတော့ အုပ်ချုပ်မှုအဖွဲ့ဝင်၊ နည်းပြ ၄၄ ဦး၊ ကစားသမား ၈၂ ဦး စုစုပေါင်း ၁၂၆ ဦးနဲ့ ကစားနည်း ရှစ်မျိုး သွားရောက်ယှဉ်ပြိုင်မှာ ဖြစ်ပါတယ်။ ဒီနှစ်မှာလည်း အနိမ့်ဆုံးအဖြစ် ယခင်နှစ်ကရရှိခဲ့တဲ့ ဆုတံဆိပ်ထက်မလျော့စေဘဲ ရွှေတံဆိပ်တွေ ပိုမိုရရှိရေး၊ အားကစားနဲ့ နိုင်ငံ့ဂုဏ်သိက္ခာ မြှင့်တင်နိုင်ရေးအတွက် အစွမ်းကုန်ကြိုးပမ်း လေ့ကျင့်ဆောင်ရွက်လျက်ရှိပါကြောင်း ပြောလိုပါတယ်။

ဟုတ်ကဲ့ အခုလို သိရတဲ့အတွက် ကျေးဇူးတင်ပါတယ်။

ဆိုင်ကလုန်းမုန်တိုင်း မိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပြည်တွင်း/ပြည်ပ စေတနာရှင်ပြည်သူများက အလှူငွေများ လှူဒါန်းနိုင်ရေး အသိပေးကြေညာခြင်း

၁။ မြန်မာနိုင်ငံတွင် ၁၄-၅-၂၀၂၃ ရက်နေ့တွင် ဖြစ်ပွားခဲ့သည့် အလွန့်အလွန်အားကောင်းသော ဆိုင်ကလုန်းမုန်တိုင်းမိုခါကြောင့် ဘေးသင့်ပြည်သူများအတွက် ပါဝင်လှူဒါန်းလိုသော စေတနာရှင်ပြည်သူများအနေဖြင့် မြန်မာကျပ်ငွေစာရင်းအမှတ် OA -011834 နှင့် နိုင်ငံခြားငွေစာရင်းအမှတ် 1DA- 0300086 သို့ ထည့်ဝင်လှူဒါန်းနိုင်ကြောင်း ကြေညာခဲ့ပါသည်။

၂။ ထိုသို့ကြေညာရာတွင် အခြားသော အီလက်ထရွန်နစ်ငွေပေးချေမှုစနစ်နှင့် မိုဘိုင်းငွေပေးချေမှုစနစ်များဖြင့် လှူဒါန်းနိုင်ရန် ဆက်လက်ဆောင်ရွက်လျက်ရှိပြီး ထပ်မံအသိပေးကြေညာသွားမည်ဟု ပါရှိပါသည်။

၃။ လှူဒါန်းရာတွင် ယခင်ကြေညာထားသည့် ဖုန်းနံပါတ်နှင့် ဖွင့်လှစ်ထားသည့် အကောင့်သို့လှူဒါန်းမှုပြုနိုင်ရေး ကြေညာထားပြီး ဖုန်းနံပါတ်ဖြင့် လှူဒါန်းမှုပြုလုပ်ခြင်းမှာ ရောထွေးနိုင်သဖြင့် ဖုန်းနံပါတ်အစား QR ဖြင့် လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီးဖြစ်ပါသည်။

၄။ KBZ Pay၊ Wave Money တို့ဖြင့် လှူဒါန်းနိုင်ပြီး လှူဒါန်းလိုပါက KBZ Pay၊ Wave Money တို့၏ QR အား Scan ဖတ်ခြင်း၊ QR တွင် ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၅။ ယခုအခါ ပြည်သူများလှူဒါန်းမှုပြုလုပ်ရာတွင် ပိုမိုအဆင်ပြေစေရေး ပြည်သူများအသုံးပြုမှုများပြားသည့် CB Pay၊ AYA Pay၊ OK $ နှင့် UAB pay တို့ဖြင့်လည်း လှူဒါန်းနိုင်ရေး ဆောင်ရွက်ထားပြီး ဖြစ်သဖြင့် QR အား Scan ဖတ်ခြင်း၊ QR တွင်ပါဝင်သော ကုတ်နံပါတ်အား ရိုက်ထည့်၍ လှူဒါန်းခြင်းများ ဆောင်ရွက်နိုင်ပါသည်။

၆။ လှူဒါန်းလိုသူများအနေဖြင့် အောက်ပါပုဂ္ဂိုလ်များသို့ ဆက်သွယ်မေးမြန်းလှူဒါန်းနိုင်ပါသည်-

နေပြည်တော်	ရန်ကုန်မြို့	မန္တလေးမြို့
ဒေါ်လှဲ့လှဲ့အေး ညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀၆၇-၃၄၀၄၀၅၀ ၀၉-၂၀၂၃၄၉၁	ဦးသန်းစိုး ညွှန်ကြားရေးမှူး ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ရန်ကုန် တိုင်းဒေသကြီး ဦးစီးမှူးရုံး ၀၉-၂၅၀၁၂၃၈၈၅	ဦးအေးမင်းသူ ညွှန်ကြားရေးမှူး ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန မန္တလေးတိုင်း ဒေသကြီး ဦးစီးမှူးရုံး ၀၉-၄၂၀၇၀၈၈၂၇
ဦးဝင်းရွှေ ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀၆၇-၃၄၀၄၀၄၈ ၀၉-၂၅၄၁၇၀၀၁၁	ဒေါ်သန်းသန်းဝင်း ဒုတိယ ညွှန်ကြားရေးမှူး ဘေးအန္တရာယ် ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန ရန်ကုန်တိုင်း ဒေသကြီး ဦးစီးမှူးရုံး ၀၉-၄၂၀၇၄၀၁၆၀	
ဒေါ်ဖြူဖြူဝင်း ညွှန်ကြားရေးမှူး ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာန ၀၆၇-၃၄၀၄၃၁၆ ၀၉-၄၃၀၅၄၈၄၄		

အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုကော်မတီ

ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၃၁-၅-၂၀၂၃

ကျပ်/လီတာ

Fuel (လက်လီဈေးနှုန်း)	ရန်ကုန်	မန္တလေး	နေပြည်တော်	[illegible]	[illegible]	[illegible]	[illegible]	ပုသိမ်	မြစ်ကြီးနား	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
92 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
95 Ron	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (500 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (50 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]
HSD (10 ppm)	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]	[illegible]

ကျပ်/လီတာ

Fuel (လက်ကားဈေးနှုန်း)	ရန်ကုန်	မန္တလေး
92 Ron	၁၈၆၅	၁၉၃၆
95 Ron	၁၉၆၈	၂၀၄၁
HSD (500 ppm)	၁၇၉၄	၁၈၅၉
HSD (50 ppm)	၁၈၆၈	၁၉၃၅
HSD (10 ppm)	၁၈၆၈	၁၉၃၅

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၀၉၈၈၈၊ ၀၉-၆၉၉၆၁၁၁၁၆

၀၆၇- ၄၁၁၁၂၉၊ ၀၉-၄၄၀၄၃၃၅၃၃

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၉၂ ဦး တွေ့ရှိ

(၃၀-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီ

ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်-၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစစ်ဆေးခြင်း ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၂၉-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၃၀-၅-၂၀၂၃) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း (၉,၁၉၇) ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် (၉၂) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှုရာခိုင်နှုန်းမှာ (၁) ရာခိုင်နှုန်းရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၁၀,၆၃၉,၈၄၄) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်-၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၆၃၈,၈၁၈) ဦး ရှိပြီဖြစ်ပါသည်။

ဓာတ်ခွဲအတည်ပြုလူနာများအား နေအိမ်တွင်သီးခြားထားရှိခြင်းနှင့် ဆေးရုံများတွင် သီးခြားထားရှိကုသမှုပေးခြင်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် ပြန်လည်ကောင်းမွန်လာသူ (၈၂) ဦး ရှိသဖြင့် ယနေ့အထိ ပြန်လည်ကောင်းမွန်လာသူ စုစုပေါင်း (၆၁၇,၇၇၄) ဦး ရှိပြီ ဖြစ်ပါသည်။ ယနေ့တွင် ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ မရှိသဖြင့် ယနေ့အထိ သေဆုံးသူစုစုပေါင်း (၁၉,၄၉၄) ဦး ရှိပါသည်။

ကိုဗစ်-၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ အင်တာနက်စာမျက်နှာ moh.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။ **ကျန်းမာရေးဝန်ကြီးဌာန**

အသိပေး နှိုးဆော်ပန်ကြားခြင်း

၁။ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၊ မဟာန္တယ်စဉ်ရပ်ကွက်၊ ဇန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယကဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး သက်တော်(၉၄)နှစ်၊ သိက္ခာတော်(၇၄) ဝါသည် မြန်မာသက္ကရာဇ် ၁၃၈၅ ခုနှစ်၊ နယုန်လဆန်း ၇ ရက်၊ ၂၀၂၃ ခုနှစ်၊ မေလ ၂၅ ရက်၊ (ကြာသပတေးနေ့)၊ ည ၁၁ နာရီ ၁၁ မိနစ်တွင် ဘဝနတ်ထံပျံလွန်တော်မူခဲ့ပြီး ဆရာတော်ဘုရားကြီး၏ ဥတုဇရုပ်ကလာပ်တော်အား ဇန်းမော်ကျောင်းတိုက်၌ ပူဇော်ထားရှိပါသဖြင့် ရဟန်းရှင်လူပြည်သူအပေါင်းတို့ လာရောက်ဖူးမြော်ကြည်ညိုနိုင်ပါသည်။

၂။ ဇန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပနပူဇာသဘင် အခမ်းအနားကို နိုင်ငံတော်အဆင့်နှင့် လျော်ညီစွာ ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၄ ရက်၊ ၂၀၂၃ ခုနှစ်၊ ဇွန်လ ၆ ရက်၊ အင်္ဂါနေ့ ညနေပိုင်းတွင် ဇန်းမော်ကျောင်းတိုက်ရှိ ယာယီစံကျောင်းတော်မှ ချမ်းမြသာစည်လေဆိပ်ဟောင်းသို့ အောက်ဖော်ပြပါလမ်းမများအတိုင်း ပင့်ဆောင်သွားမည်ဖြစ်ပါ၍ ရဟန်းရှင်လူပြည်သူများအနေဖြင့် ဇန်းမော်ကျောင်းတိုက်နှင့် ချမ်းမြသာစည်လေဆိပ်ဟောင်းတို့တွင်လည်းကောင်း၊ ပင့်ဆောင်ရာ လမ်းကြောင်းတစ်လျှောက် လမ်း၏ ဘေးဘယ်ညာတွင်လည်းကောင်း လာရောက်ဖူးမြော်ကြည်ညိုနိုင်ပါသည် –

(က) ၃၉ လမ်း မှ ၇၃ လမ်းအတိုင်း
(ခ) ၇၃ လမ်း မှ ၃၈ လမ်းအတိုင်း
(ဂ) ၃၈ လမ်း မှ ၇၈ လမ်းအတိုင်း
(ဃ) ၇၈ လမ်းမှ ချမ်းမြသာစည်လေဆိပ်ဟောင်း

၃။ ဇန်းမော်ဆရာတော်ဘုရားကြီး၏ အန္တိမအဂ္ဂိစျာပန ပူဇာသဘင်အတွက် ရဟန်းရှင်လူပြည်သူများမှ နဝကမ္မဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများအား ကိုယ်တိုင်ကိုယ်ကျလှူဒါန်းလိုပါက ဇန်းမော်ကျောင်းတိုက်ရှိ အလှူခံမဏ္ဍပ်တွင် လာရောက်လှူဒါန်းနိုင်ပါကြောင်းနှင့် အောက်ပါပုဂ္ဂိုလ်များထံသို့လည်း ဆက်သွယ်လှူဒါန်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်ပန်ကြားအပ်ပါသည် –

(က) ဒေါ်မော်လီစန်း ဖုန်းနံပါတ်– ၀၉–၄၄၁၀၁၀၉၂၈၃
(ခ) ဦးစိုးမိုးသိမ်း ဖုန်းနံပါတ်– ၀၉–၉၇၀၈၂၃၆၈၈

အန္တိမအဂ္ဂိစျာပနပူဇာသဘင်အခမ်းအနားကျင်းပရေး ဦးစီးကော်မတီ



ရခိုင်ပြည်နယ် လေဘေးသင့်ပြည်သူများအတွက် အိမ်အမိုးသွပ်များ ပေးအပ်လှူဒါန်း

နေပြည်တော် မေ ၂၀

ရခိုင်ပြည်နယ် လေဘေးသင့်ပြည်သူများအတွက် အိမ်အမိုးသွပ်များ ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(မြောက်ပိုင်း) မြို့နယ်ရှိ သီတဂူဗုဒ္ဓတက္ကသိုလ်(ရန်ကုန်)၌ ပြုလုပ်ရာ နိုင်ငံတော်ဩဝါဒါစရိယ အဘိဓဇ မဟာရဋ္ဌဂုရု သောဠသမဂ္ဂကျင်သာသနာပိုင် သီတဂူအဓိပတိ ဆရာတော် ဘဒ္ဒန္တ ဉာဏိဿရ ကြွရောက်တော်မူပြီး ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ဇော်ဟိန်း၊ တိုင်းဒေသကြီးဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။ ထို့နောက် ဆရာတော်က ရခိုင်ပြည်နယ် လေဘေးသင့်ပြည်သူများအတွက် အိမ်အမိုးသွပ် ချပ် ၁၀၀၀၀ ကို ပေးအပ်လှူဒါန်းရာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တိုင်းမှူးတို့က လက်ခံရယူပြီး ကျေးဇူးတင်စကားများ ပြန်လည်လျှောက်ထားခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ဓမ္မသဘင် အထူးတရားပွဲများ ဖိတ်ကြားလွှာ

နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဥက္ကဋ္ဌ၊ မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ် မဟာန္တယ်စဉ်ရပ်ကွက်၊ ဇန်းမော်ကျောင်းတိုက်ကြီး၏ ပဓာနနာယက ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရာဘိဝံသ မဟာထေရ်မြတ်ကြီး သက်တော် (၉၄)နှစ်၊ သိက္ခာတော် (၇၄)ဝါ၏ အန္တိမ စျာပန ပူဇာသဘင် အထိမ်းအမှတ်အဖြစ် အောက်ဖော်ပြပါနေ့ရက်များတွင် ဆရာတော်ကြီးများက နိဗ္ဗာန်ရောက်ကြောင်း တရားတော်များကို ဇန်းမော်ကျောင်းတိုက်ကြီး၌ ညစဉ် ၇ နာရီတွင် ဟောကြားချီးမြှင့်မည်ဖြစ်ပါသဖြင့် တရားတော်နာကြွရောက်ကြပါရန် လေးစားစွာ ဖိတ်ကြားအပ်ပါသည်–

(၁) ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၁ ရက်၊ (၃–၆–၂၀၂၃)၊ (စနေနေ့) သီတဂူဆရာတော် ဒေါက်တာ ဘဒ္ဒန္တ ဉာဏိဿရ။
(၂) ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၂ ရက်၊ (၄–၆–၂၀၂၃)၊ (တနင်္ဂနွေနေ့) မြင်းမူဆရာတော် ဘဒ္ဒန္တဝံသပါလာလင်္ကာရ။
(၃) ၁၃၈၅ ခုနှစ်၊ နယုန်လပြည့်ကျော် ၃ ရက်၊ (၅–၆–၂၀၂၃)၊ (တနင်္လာနေ့) မစိုးရိမ်တိုက်သစ်ဆရာတော် ဘဒ္ဒန္တဝါသေဋ္ဌာဘိဝံသ။

တရားပွဲဖြစ်မြောက်ရေးကော်မတီ

နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် မေ ၂၀

နေပြည်တော်နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။ ရန်ကုန်မြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်သည်။ မန္တလေးမြို့နှင့်အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ နေပြည်တော်၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာစိပ်စိပ် မိုးထစ်ချုန်းရွာမည်။ **မိုး/ဇလ**

မိုခါမုန်တိုင်းဒဏ်သင့် ဘုန်းတော်ကြီးကျောင်းများအတွက် ဆန်နှင့်အသုံးအဆောင်ပစ္စည်းငါးမျိုး လှူဒါန်း

နေပြည်တော် မေ ၂၀

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါ်နုမြဇံသည် မေ ၁၄ ရက်က တိုက်ခတ်သွားသော မိုခါမုန်တိုင်းကြောင့် စစ်တွေမြို့ လမ်းမကြီးရှိ ရခိုင်ပြည်နယ် ယဉ်ကျေးမှုပြတိုက်၏ ခေါင်မိုးနှင့် မျက်နှာကြက်များ ပျက်စီးမှု၊ ပြတင်းမှန်များ ကွဲအက်မှု၊ တံခါးကျည်းပေါင်များ ကျိုးပဲ့မှု၊ ဆန်းရှိတ်များ ပျက်စီးမှုနှင့် ဝန်ထမ်းအိမ်ရာများ ပျက်စီးမှုအခြေအနေများကို မေ ၂၅ ရက်က ကြည့်ရှုစစ်ဆေးပြီး ဝန်ထမ်းများအား တွေ့ဆုံအားပေးစကား ပြောကြားသည်။ ဒုတိယဝန်ကြီးသည် မေ ၂၆ ရက်တွင် မကျည်းမြိုင်ရပ်ကွက် မေယုလမ်းရှိ ဗုဒ္ဓပြတိုက် ခေါင်မိုးများ၊ ပြတင်းတံခါးများ၊ ဝန်ထမ်းအိမ်ရာများ ပျက်စီးမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးကာ ဗုဒ္ဓပြတိုက်တွင် စစ်ကိုင်းတိုင်းဒေသကြီး အမှတ် (၃) ရဲလေ့ကျင့်ရေးသင်တန်းကျောင်းမှ လုပ်အားပေးရောက်ရှိနေကြသော ရဲသင်တန်းသား ၄၀၀ ကို နေရာချထားမှုကိုပါ ကြည့်ရှုအားပေးသည်။

ဒုတိယဝန်ကြီးသည် စစ်တွေမြို့ပေါ်ရှိ မိုခါမုန်တိုင်းဒဏ်သင့် ဘုန်းတော်ကြီးကျောင်း ၃၂၆ ကျောင်းအနက် ကျောင်းတက်လမ်းရပ်ကွက်ရှိ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းရှိသည့် ရွှေစေတီကျောင်းတိုက်၊ မကျည်းမြိုင်ရပ်ကွက်ရှိ နန္ဒာရာမပရိယတ္တိစာသင်တိုက်၊ ပြည်တော်သာရပ်ကွက်ရှိ တပ်ဦးဆုတောင်းပြည့်ပရိယတ္တိစာသင်တိုက်၊ ရွာကြီးတောင်ရပ်ကွက်ရှိ ပညာလင်္ကာရကျောင်းတိုက်နှင့် ကြွဖြူကျောင်းတိုက်၊ ဘောက်သီးစုရပ်ကွက်ရှိ မြို့မ ပရိယတ္တိစာသင်တိုက်နှင့် ကန်တော်ကြီးရပ်ကွက်ရှိ မဟာဇေယျသိဒ္ဓိအဓိဋ္ဌာန်ကျောင်းတို့၏ ကျောင်းဆောင်များ၊ စာသင်တိုက်များ၊ ဘုန်းတော်ကြီး သင်ပညာရေးကျောင်းဆောင်များ၊ သိမ်များ၊ စေတီများ ပျက်စီးမှုကို ကြည့်ရှုကာ ဘုန်းတော်ကြီးကျောင်းများအတွက် သွပ်နှင့်သစ်သားရရှိမှုနှင့် အမိုးများ မိုးပြီး မပြီး မေးမြန်းလျှောက်ထား၍ နဝကမ္မအလှူငွေများ ဆက်ကပ်သည်။

ဒုတိယဝန်ကြီးသည် မေ ၂၉ ရက် မွန်းတည့် ၁၂ နာရီမှစ၍ စစ်တွေမြို့ လောကာနန္ဒာစေတီတော်ဝင်းအတွင်းရှိ သာသနာ့ဗိမာန်တော်၌ မုန်တိုင်းဒဏ်သင့် ဘုန်းတော်ကြီးကျောင်း ၃၂၆ ကျောင်းအတွက် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ စီစဉ်မှုဖြင့် ဘာသာပေါင်းစုံ ချစ်ကြည်

ညီညွတ်ရေးအဖွဲ့(ဗဟို)မှ လှူဒါန်းသည့် ဆန်အိတ် ၄၉၀ အနက် ပထမအသုတ်အနေဖြင့် ဆန်အိတ် ၂၅၀ နှင့် ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာနမှ လှူဒါန်းသော ခြင်ထောင်၊ ပန်းကန်၊ ဇွန်း၊ သောက်ရေခွက်၊ ခေါး၊ ရေခွက်စသည့်အသုံးအဆောင်ငါးမျိုးကို သာသနာရေးဦးစီးဌာနမှတစ်ဆင့် လှူဒါန်းနေမှုကို သွားရောက်ကြည့်ရှု၍ ဝါတော်ကြီးသော ဆရာတော်ကြီးများအား ဆက်ကပ်လှူဒါန်းခဲ့ကြောင်းနှင့် ဘာသာပေါင်းစုံ ချစ်ကြည်ညီညွတ်ရေးအဖွဲ့(ဗဟို)မှတစ်ဆင့် အစ္စလာမ်ဘာသာဝင် အလှူရှင်များက အစ္စလာမ်ဘာသာဝင် ရွာများသို့ ဆန်၂၁၅၃ အိတ်၊ ဆီပိဿာ ၆၅၀၀ နှင့် မိုးကာလိပ် ၅၀၄ ခုကို ကူညီထောက်ပံ့ကြောင်း သိရသည်။ **သတင်းစဉ်**

သဘာဝဘေးအန္တရာယ်ကျရောက်သောဒေသများတွင် တပ်မတော်မှ ကူညီကယ်ဆယ်ရေးအဖွဲ့များက ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် မေ ၂၀

သဘာဝဘေးအန္တရာယ်ကျရောက်ခဲ့ရသည့် ဒေသများတွင် လိုအပ်သည့်ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် တပ်မတော်မှ ကြိုတင်စုဖွဲ့စေလွှတ်ထားသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် နယ်မြေခံလုံခြုံရေးတပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များနှင့်ပူးပေါင်း၍ သက်ဆိုင်ရာဒေသများတွင် အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်

ထိုသို့ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ပုဏ္ဏားကျွန်းမြို့၌ ရောက်ရှိအခြေပြုလျက်ရှိသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ပုဏ္ဏားကျွန်းမြို့ စံပြစာကြည့်တိုက်၌ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ စစ်တွေမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် စစ်တွေမြို့နယ် ရွာသစ်ကေကျေးရွာ၌ လိုအပ်သည့်ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်းနှင့် လမ်းဘေးဘယ်/ညာမှ လဲကျနေသော သစ်ပင်၊ သစ်ကိုင်းများ ခုတ်ထွင်ရှင်းလင်းခြင်းလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့အတူ ရသေ့တောင်မြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ရသေ့တောင်မြို့နယ်ရှိ သဘာဝလေဘေးသင့်ပြည်သူများအတွက် တာဝန်ရှိသူများအား ကယ်ဆယ်ရေးပစ္စည်းများ လွှဲပြောင်းပေးအပ်ခြင်းများ ဆောင်ရွက်လျက်ရှိသည်။

အလားတူ ကျောက်တော်မြို့သို့ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် ကျောက်တော်မြို့ မြို့တော်ခန်းမ၌ လေဘေးသင့်ပြည်သူများအား သောက်သုံးရေများ ဖြန့်ဝေပေးခြင်းနှင့် လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။ ထို့အတူ မောင်တောမြို့သို့ ရောက်ရှိနေသော ကူညီကယ်ဆယ်ရေးအဖွဲ့များသည် မောင်တောမြို့နယ်၊ ဒုညောင်ပင်ကြီးကျေးရွာ၊ မြို့ယုကျေးရွာနှင့် ကျောက်ပန္နူကျေးရွာတို့ရှိ လေဘေးသင့်ပြည်သူများအား သောက်သုံးရေများ ဖြန့်ဝေပေးခြင်းနှင့် လိုအပ်သည့်ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ ကျောက်ဖြူမြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များ သည် တိုးချဲ့ရပ်ကွက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးခြင်းနှင့် စားသောက်ဖွယ်ရာ လှူဒါန်းခြင်းများဆောင်ရွက်ပေးလျက်ရှိသည်။

သစ်ပင်သစ်ကိုင်းများ ဖယ်ရှားရှင်းလင်းပေး

ထို့အတူ ဘူးသီးတောင်မြို့သို့ ရောက်ရှိနေသည့် ကူညီကယ်ဆယ်ရေးအဖွဲ့များသည် အလယ်ချောင်းကျေးရွာအုပ်စု၌ ဒေသခံပြည်သူများအား လိုအပ်သည့် ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ဘူးသီးတောင်မြို့နယ်အတွင်း လဲကျနေသည့် သစ်ပင်သစ်ကိုင်းများ ဖယ်ရှားရှင်းလင်းပေးခြင်းနှင့် ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

အလားတူ မြောက်ဦးမြို့သို့ ရောက်ရှိနေသည့် ကူညီ ကယ်ဆယ်ရေးအဖွဲ့များသည် ဘောင်းဒွတ်အုပ်စု၊ ပန်းပဲတန်းကျေးရွာရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထို့ပြင် တပ်မတော်အကြီးအကဲ၏ လမ်းညွှန်မှုများအရ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ဆေးဝန်ထမ်းတပ်ဖွဲ့ညွှန်ကြားရေးမှူးရုံး ကွပ်ကဲမှုအောက်မှ ဆေးတပ်ဖွဲ့ဝင်များဖြင့် ဖွဲ့စည်းထားသည့် အထူးဆေးကုသရေးအဖွဲ့သည် စစ်တွေမြို့ နယ်မြေခံဆေးတပ်ရင်း၌ အခြေပြု၍ နယ်မြေခံကျန်းမာရေးအဖွဲ့များနှင့် ပူးပေါင်းကာ ဒေသခံပြည်သူ များအား လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့်ပြည်သူများအား ဆန်၊ ဆီ၊ ဆား၊ ကြက်ဥ၊ ဟင်းသီးဟင်းရွက်များနှင့် စားသောက်ကုန်ပစ္စည်းများကို ဈေးနှုန်းသက်သာစွာ ရောင်းချ

နေပြည်တော် မေ ၂၀

ဆိုင်ကလုန်းမုန်တိုင်း မိုခါ တိုက်ခတ်မှုကြောင့် ပျက်စီးဆုံးရှုံးမှုများဖြစ်ပေါ်ခဲ့ သည့် စစ်တွေမြို့ရှိ မုန်တိုင်းဒဏ်သင့် ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာဝန်ထမ်းများ၏ စားသောက်ရေးအဆင်ပြေစေရန်နှင့် မိမိတို့ အလိုရှိရာ စားသောက်ကုန် ပစ္စည်းများကို ဈေးနှုန်းသက်သာစွာဖြင့် ဝယ်ယူစားသောက်နိုင်ရေး အတွက် အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ နယ်မြေခံတပ်မတော်သားများနှင့် တာဝန်ရှိသူများက ယနေ့တွင် စစ်တွေမြို့ ဦးဥတ္တမပန်းခြံ၌ ဆန်၊ ဆီ၊ ဆား၊ အသား၊ ငါး၊ ကြက်ဥ၊ ဘဲဥ၊ နို့ထွက်ပစ္စည်းများ၊ ဟင်းသီးဟင်းရွက်များ၊ ကြက်သွန်နီ၊ ကြက်သွန်ဖြူနှင့် တပ်မတော်စက်ရုံများမှ ထုတ်လုပ်သည့် ခေါက်ဆွဲခြောက်၊ ဘီစကစ်နှင့် စည်သွတ်ဘူးများဖြစ်သည့် အမဲသားဘူး၊ မျှစ်စားတော်ပဲဘူး၊ ကြက်သားအာလူးဘူး၊ ငါးတန် အချိုပေါင်းဘူး၊ ငါးသလောက်ဘူး၊ ငါးပိကြော်ဘူး၊ ပဲထောပတ်ဘူး၊ ပဲခရမ်းဘူး၊ သရက်သီးသနပ်ဘူး စသည့် စားသောက်ကုန် ပစ္စည်းများကို ပြင်ပပေါက်ဈေးထက် သက်သာဈေးနှုန်းများဖြင့် ရောင်းချပေးခဲ့ရာ ဒေသခံပြည်သူများနှင့် ဌာနဆိုင်ရာ ဝန်ထမ်းမိသားစုများက တစ်ခဲနက် ဝယ်ယူခဲ့ကြကြောင်းနှင့် ယခုကဲ့သို့ စားရေးအခက်အခဲဖြစ်ပေါ်နေချိန်တွင် သက်သာသော ဈေးနှုန်းများဖြင့် ရောင်းချပေးမှုအပေါ် တာဝန်ရှိသူများအား အထူးပင် ကျေးဇူးတင်ရှိကြောင်း ပြောကြားခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

လက်ပံတန်းတွင် မြို့နယ်အဆင့်ကျောင်းအပ်နှံရေးနေ့ အခမ်းအနားကျင်းပ

လက်ပံတန်း မေ ၂၀

လက်ပံတန်းမြို့တွင် ၂၀၂၃ -၂၀၂၄ ပညာသင်နှစ် မြို့နယ်အဆင့် ကျောင်းအပ်နှံရေးနေ့အခမ်းအနားကို ယနေ့နံနက် ၉ နာရီက မြို့နယ်ပညာရေးမှူးရုံးခန်းမ၌ ကျင်းပခဲ့သည်။

အခမ်းအနားကို အ.ထ.က(၁)မှ ကျောင်းသား ကျောင်းသူများက "မြန်မာ့ကျောင်း" သီချင်းဖြင့် သီဆိုဖွင့်လှစ်ကာ သာယာဝတီခရိုင် ပညာရေးမှူး ဦးဇော်ဝင်းနှင့် လက်ပံတန်းမြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဘုန်းလှိုင်တို့က အမှာစကားပြောကြားပြီး မြို့နယ်ပညာရေးမှူး ဒေါ်ဥမ္မာဦးက ကျောင်းအပ်နှံရေးနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ နိုင်ငံတော်မှ အခြေခံကျောင်းများသို့ အခမဲ့ပေးအပ်သော ဗလာစာအုပ်၊ ကျောင်းသုံးပုံနှိပ်စာအုပ်၊ ခဲတံ၊ ဘောပင်နှင့် ကျောင်းဝတ်စုံများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများကပေးအပ်ရာ သက်ဆိုင်ရာကျောင်းအုပ်ကြီးများက လက်ခံရယူခဲ့ကြပြီး အ.ထ.ကကျေးနီတွင် တိုးချဲ့ဆောင်ဆောက်လုပ်ရန်အတွက် လယ်မြေကို အလှူရှင် ဦးဝင်းမြင့်နှင့် ကျောင်းသားမိဘများက လှူဒါန်းရာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဝင်(၃) ဦးတင်စိုးရှိန်က လက်ခံရယူခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်/ဆက်)

မြို့သစ်မြို့နယ်တွင် မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို မေ ၂၉ ရက်က ကံသာလေးကျေးရွာ အခြေခံပညာ မူလတန်းကျောင်း (ခွဲ) ကျောင်းဝင်းအတွင်း၌ ကျင်းပရာ အမှတ် (၁၇) ကာကွယ်ရေးပစ္စည်း စက်ရုံ စက်ရုံမှူး ဗိုလ်မှူးကြီးသိန်းလွင်၊ မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ ဥက္ကဋ္ဌ ဦးကျော်ဝင်းထက်နှင့် အဖွဲ့ဝင်များ၊ လူမှုရေးအသင်းအဖွဲ့များက ပျိုးပင်များကို စိုက်ပျိုးစဉ်။ ကိုဇော်(ပြန်/ဆက်)

ရွှေတောင်မြို့နယ် သစ်တောဦးစီးဌာနမှ မိုးရာသီအကြို သစ်ပင်စိုက်ပျိုးပွဲကို ယမန်နေ့က တရုတ်မှော်ကြိုးဝိုင်း အကွက်အမှတ် (၂၂)၌ ကျင်းပရာ မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးဟံဝင်းအောင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်သစ်တောဦးစီးဌာန ဦးစီးမှူး ဦးဇာနည်ဝင်းနှင့် ဝန်ထမ်းများ၊ ဒေသခံပြည်သူများက ပျိုးပင်များကို စုပေါင်းစိုက်ပျိုးစဉ်။

ကိုကိုမင်း (ပြန်/ဆက်)

ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများကို ဇွန် ၁ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ပြီး ကျောင်းသား ကျောင်းသူ ၃၂၉၁၂၉ ဦး ကျောင်းအပ်နှံထားလျက်ရှိ

စစ်တွေ မေ ၃၀ မြန်မာတစ်နိုင်ငံလုံး အနေဖြင့် အခြေခံပညာကျောင်းများကို ဇွန် ၁ ရက်တွင် ဖွင့်လှစ်သွားမည်ဖြစ်ရာ ရခိုင်ပြည်နယ်အတွင်းရှိ အခြေခံပညာကျောင်းများကိုလည်း ဖွင့်လှစ်နိုင်ရန်စီစဉ်လျက်ရှိကြောင်း ရခိုင်ပြည်နယ် ပညာရေးမှူးရုံးမှ သိရသည်။

ထိုသို့ ကျောင်းများဖွင့်လှစ်နိုင်ရေးအတွက်အခြေခံပညာကျောင်းများ ကျောင်းအပ်နှံရေးရက်သတ္တပတ်အဖြစ် မေလ ၂၃ ရက်မှ ၃၁ ရက်အထိ ဆောင်ရွက်လျက်ရှိရာ ရခိုင်ပြည်နယ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ် အခြေခံပညာကျောင်းများ၊ ကိုယ်ပိုင်ကျောင်းများနှင့် ဘုန်းတော်ကြီးသင်ကျောင်းများ၌ ယနေ့ မေ ၃၀ ရက်ထိ ကျောင်းသား ကျောင်းသူ ၃၂၉၁၂၉ ဦး ကျောင်းအပ်နှံထားပြီးဖြစ်ကြောင်း သိရသည်။

ကျောင်းများ ဖွင့်လှစ်နိုင်ရေး ကျောင်းအပ်လက်ခံနေမှုနှင့် ပတ်သက်၍ စစ်တွေမြို့ အမှတ်(၄) အခြေခံပညာ အထက်တန်းကျောင်း ကျောင်းအုပ်ဆရာကြီး ဦးဝင်းမောင်က "ကျွန်တော်တို့ကျောင်းမှာ မေ ၂၃ ရက် ကတည်းက စတင်ပြီး ကျောင်းအပ်နှံရေးရက်သတ္တပတ် အစီအစဉ်နဲ့ ကျောင်းအပ် လက်ခံလျက်ရှိပါတယ်၊ ဒီလို ကျောင်းအပ်လက်ခံလာခဲ့တာမှာ ဒီနေ့ဆိုရင် ကျောင်းသား ကျောင်းသူ ၆၀၉ ဦး လက်ခံထားပြီး ဖြစ်ပါတယ်၊ အတန်းလိုက်ဆိုရင် Grade – 6 မှာ ကျောင်းသား ၅၁ ဦး၊ ကျောင်းသူ ၆၃ ဦး၊ Grade – 8 မှာ ကျောင်းသား ၃၁ ဦး၊ ကျောင်းသူ ၄၆ ဦး၊ Grade – 9 မှာ ကျောင်းသား ၅၄ ဦး၊ ကျောင်းသူ ၆၇ ဦး၊ Grade– 10 မှာ ကျောင်းသား ၄၁ ဦး၊ ကျောင်းသူ ၄၉ ဦး၊ Grade – 11 မှာ ကျောင်းသား ၄၇ ဦး၊ ကျောင်းသူ ၅၀၊ Grade – 12 မှာ ကျောင်းသား ၄၄ ဦး၊ ကျောင်းသူ ၆၆ ဦး အပ်နှံထားပြီး ဖြစ်ပါတယ်၊ ဒီနှစ်က ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) တိုက်ခတ်မှုကြောင့် မုန်တိုင်းအလွန်ကာလမှာ ကျောင်းဆောင်တွေကလည်း အပျက်အစီးတွေရှိတော့ ကျောင်းအပ်လက်ခံရတာ အခက်အခဲ နည်းနည်းတော့ရှိခဲ့ပါတယ်၊ အခုဆိုရင် ကျောင်းဆောင်တွေလည်းပြန်လည်မိုးကာပြီးဖြစ်တဲ့အတွက် ကျောင်းသားကျောင်းသူတွေ ကျောင်းတက်ဖို့အတွက် ကျောင်းဆောင်တွေ မိုးတာ၊ ပြုပြင်တာဆိုရင် ၉၉ ရာခိုင်နှုန်းလောက် ပြီးစီးသွားပါပြီ၊ ကျောင်းသား ကျောင်းသူတွေလည်း ကျောင်းတက်ဖို့အတွက် အမိုးအကာအောက်မှာ လုံခြုံစွာနဲ့ နွေးနွေးထွေးထွေး စာသင်နိုင်ပါပြီ၊ ကျောင်းသားမိဘတွေနဲ့ အချို့ပြည်သူတွေက ဒီလာမယ့် ဇွန် ၁ ရက်မှာ ကျောင်းတွေဖွင့်လှစ်မယ်ဆိုတာကို ဖြစ်နိုင်မှာမဟုတ်ဘူးလို့ သံသယစိတ်တော့ရှိကြပါလိမ့်မယ်၊ တွေးနေကြပါလိမ့်မယ်၊ ကျွန်တော်တို့ ကျောင်းအနေနဲ့ကတော့ သတ်မှတ်ထားတဲ့နေ့မှာ ကျောင်းဖွင့်လှစ်နိုင်ဖို့ အဆင်သင့်ဖြစ်နေပါပြီခင်ဗျာ၊ ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) ကြောင့် ကျောင်းဆောင်သစ်တွေ၊ ကျောင်းဆောင်ဟောင်းတွေပါ ပျက်စီးတဲ့နေရာမှာ ခေါင်းမိုးအပြင် မြားတွေ၊ ဒိုင်းတွေပါ ပျက်စီးခဲ့ပါတယ်၊ အခုဆိုရင် ပြန်လည်ပြုပြင်ခဲ့တာကြောင့် ၉၉ ရာခိုင်နှုန်းကျော် ပြီးစီးသွားပါပြီ၊ ကျွန်တော်ကတော့ ကျောင်းအုပ်ဆရာကြီး တစ်ဦးအနေနဲ့ ကိုယ်စွမ်းဉာဏ်စွမ်းရှိသလောက် ကျောင်းဖွင့်လှစ်သင်ကြားနိုင်အောင် လုပ်ဆောင်ထားပါပြီ။ မုန်တိုင်းမတိုက်ခတ်မီကာလနဲ့ မုန်တိုင်းအလွန်ကာလ အခြေအနေကတော့ သိပ်မကွာတော့ပါဘူး။ အားလုံးကျောင်းဖွင့်လှစ်သင်ကြားဖို့ အဆင်သင့်ဖြစ်နေပါပြီ" ဟု ပြောကြားခဲ့သည်။

ကျောင်းအုပ်ဆရာကြီး ဦးဝင်းမောင်

ဒေါ်ရွှေလဲ့လဲ့သစ်

မောင်သန်းထူးဇော်

ရခိုင်ပြည်နယ်တွင် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်အတွက် ကျောင်းအပ်နှံမှုအနေဖြင့် မေ ၃၀ ရက်အထိ KG တန်းတွင် ၃၂၀၀၄ ဦး၊ G –1 တွင် ၃၆၂၄၅ ဦး၊ G – 2 တွင် ၄၂၄၆၉ ဦး၊ G –3 တွင် ၄၁၄၂၃ ဦး၊ G – 4 တွင် ၃၁၂၀၃ ဦး၊ G – 5 တွင် ၃၂၇၁၇ ဦး၊ G – 6 တွင် ၃၀၀၉၈ ဦး၊ G – 7 တွင် ၂၄၅ ဦး၊ G –8 တွင် ၂၄၄၆၇ ဦး၊ G – 9 တွင် ၂၀၃၀၇ ဦး၊ G –10 တွင် ၁၄၀၁၄ ဦး၊ G–11 တွင် ၁၂၆၂၁ ဦးနှင့် G–12 တွင် ၁၁၃၁၅ ဦး ကျောင်းအပ်လက်ခံထားပြီးဖြစ်သည်။

ကျောင်းအပ်နှံမှုနှင့် ပတ်သက်၍ စစ်တွေမြို့ ကျေးပင်ကြီးရပ်ကွက်မှာ နေထိုင်သည့် Grade– 8 ကျောင်းသားမိဘတစ်ဦးဖြစ်သော ဒေါ်ရွှေလဲ့လဲ့သစ်က "မုန်တိုင်းအလွန်ကာလ ကလေးတွေ ကျောင်းတက်ရတော့မှာဆိုတော့ နည်းနည်းတော့ စိတ်ပူမိခဲ့ပါတယ်၊ အခုတော့ ကျောင်းဆောင်တွေကို ပြန်လည်ပြင်တာတွေ၊ ပြုပြင်ပြီးစီးနေတာတွေကို မြင်ရတော့ စိတ်ချမ်းသာသလို၊ ဝမ်းလည်း ဝမ်းသာမိပါတယ်၊ ဇွန် ၁ ရက်အမီ ကျောင်းဖွင့်လှစ်သင်ကြားဖို့ လုပ်ထားတာတွေ့ရတော့ ကလေးတွေ ကျောင်းတက်ဖို့ အသင့်ဖြစ်နေပြီလို့လည်း မြင်မိပါတယ်၊ အခုလည်း ဆရာကြီးက ကျောင်းသားမိဘတွေကို တွေ့ဆုံပြီးတော့ ပုံနှိပ်စာအုပ်တွေ၊ ဗလာစာအုပ်တွေ၊ ခဲတံတွေကို အကုန်ထုတ်ပေးတာတွေကို တွေ့ရပါတယ်၊ ဒီလိုအခြေအနေမျိုးမှာ ဆရာ၊ မိဘ၊ ကျောင်းကော်မတီတွေ ဝိုင်းဝန်းပူးပေါင်းပြီး ဆောင်ရွက်သွားရင်တော့ ကျောင်းတော်ကြီးက စည်ပင်သာယာလှပလာမှာပါ"ဟု ပြောကြားသည်။

အလားတူ Grade – 8 တွင် ပညာသင်ကြားရန် အတွက် ကျောင်းအပ်နှံနေသည့် ကျောင်းသား မောင်သန်းထူးဇော်က "သားက စစ်တွေမြို့ ပြည်တော်သာရပ်ကွက်မှာ နေပါတယ်၊ မုန်တိုင်း တိုက်တုန်းကတော့ မြောက်ဦးမြို့ကို မုန်တိုင်းရှောင်ဖို့ သွားခဲ့ကြပါတယ်၊ မုန်တိုင်းပြီးတော့ သားတို့ပြန်လာကြတဲ့အခါ ကျောင်းတွေ၊ အိမ်တွေပျက်စီးနေတာ တွေ့ရတော့ စိတ်ပျက်မိခဲ့ပါတယ်၊ အခုတော့ ကျောင်းတွေလည်း အမိုးတွေ ပြန်လည်ပြုပြင်ပြီးကြပါပြီ၊ လမ်းတွေလည်း သွားလို့ရနေပါပြီ၊ ဒါကြောင့် ကျောင်းတက်ရတော့မှာ ဖြစ်တဲ့အတွက် ပျော်ရွှင်နေပါတယ်၊ ဘာကြောင့်လဲဆိုတော့ တစ်နှစ်လုံးခွဲခွာခဲ့ရတဲ့ သူငယ်ချင်းတွေနဲ့ ပြန်လည်ဆုံတွေ့ရတော့မှာ ဖြစ်တဲ့အတွက်ကြောင့် ဖြစ်ပါတယ်"ဟု ပြောသည်။

ရခိုင်ပြည်နယ်အတွင်း ဆိုင်ကလုန်းမုန်တိုင်း (မိုခါ) ဒဏ်ကြောင့်သာသနိကအဆောက်အဦများ၊ ဘုန်းတော်ကြီးကျောင်းများ၊ စာသင်ကျောင်းများ၊ ရုံးအဆောက်အဦများ၊ လူနေအိမ်များစသည်ဖြင့် ပျက်စီးဆုံးရှုံးမှုများရှိခဲ့ရာ ယခုအခါ နိုင်ငံတော်အစိုးရ၊ တပ်မတော်၊ ပြည်နယ်အစိုးရ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ စေတနာ့ဝန်ထမ်းများ၊ ဌာနဆိုင်ရာဝန်ထမ်းများက အချိန်မီကျောင်းများဖွင့်လှစ်သင်ကြားနိုင်ရေးကို အင်တိုက်အားတိုက် ဆောင်ရွက်လျက်ရှိသည်။

တွေ့ဆုံမေးမြန်း – တင်ထွန်း
ဓာတ်ပုံ – တင်ထွန်း(ပြန်/ဆက်)

ဥပဒေဘောင်အတွင်း လက်နက် / ခဲယမ်းများနှင့်အတူ ဝင်ရောက်လာသည့် PDF အဖွဲ့ဝင်များအား ဆုကြေးငွေများ ထောက်ပံ့ပေးအပ်

နေပြည်တော် မေ ၃၀ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီသည် PDF အပါအဝင် အဖွဲ့အစည်းအမျိုးမျိုး အမည်ခံ၍ လက်နက်ကိုင် ဆန့်ကျင်လျက်ရှိသည့် အဖွဲ့အစည်းများအတွင်း ရောက်ရှိနေသူများအား ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဖိတ်ခေါ်လျက်ရှိရာ ဥပဒေဘောင်အတွင်းသို့ ဝင်ရောက်လာသူများကို လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်းနှင့် လက်နက် / ခဲယမ်းများဖြင့် ဝင်ရောက်လာသူများကို ဆုကြေးငွေများ ထောက်ပံ့ပေးသွားမည် ဖြစ်ကြောင်း ဖိတ်ခေါ်မှုအား ၂၀၂၃ ခုနှစ် မေ ၉ ရက်မှ ၁၆ ရက်အထိ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ယင်းသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန် ဖိတ်ခေါ်ခဲ့မှုကြောင့် ယနေ့နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့သစ်(တောင်ပိုင်း) မြို့နယ်နှင့် မွန်ပြည်နယ် ရေးမြို့တို့မှ PDF အဖွဲ့ဝင်အမျိုးသားနှစ်ဦးတို့သည် SigSauer P320 အမျိုးအစား ပစ္စတိုသေနတ် တစ်လက်၊ ၎င်းကျည်အိမ် တစ်ခု၊ ကျည် ငါးတောင့်နှင့်အတူ မွန်ပြည်နယ် ရေးမြို့ နယ်မြေခံတပ်နယ်ရှိ ဆင်ဖြူရှင်ခန်းမ၌ တာဝန်ရှိသူများထံသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့ရာ တာဝန်ရှိသူများက နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဆုကြေးငွေအဖြစ် ပေးအပ်သည့် ပစ္စတိုသေနတ် တစ်လက်အတွက် ငွေကျပ်သိန်း ၂၀ နှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ပြီး ဝန်ခံကတိလက်မှတ် ရေးထိုးစေကာ ၎င်းတို့၏ မိဘ အုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

အလားတူ မွန်ပြည်နယ် သထုံမြို့နယ်မှ PDF အဖွဲ့ဝင်အမျိုးသားတစ်ဦးသည် သထုံမြို့ရှိ ခရိုင်ရဲတပ်ဖွဲ့မှူးရုံးခန်းမ၌လည်းကောင်း၊ ရန်ကုန်တိုင်းဒေသကြီး သဃ်န်းကျွန်းမြို့နယ်မှ PDF အဖွဲ့ဝင် အမျိုးသားတစ်ဦးသည် ကရင်ပြည်နယ် မြဝတီမြို့နယ်မြေခံတပ်ရင်း၌လည်းကောင်း သက်ဆိုင်ရာတာဝန်ရှိသူများထံသို့ ဥပဒေဘောင်အတွင်း ပြန်လည်ဝင်ရောက်ခဲ့သည့်အတွက် တာဝန်ရှိသူများက ဝန်ခံကတိလက်မှတ်ရေးထိုးစေကာ ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ၎င်းတို့၏ မိဘ အုပ်ထိန်းသူများထံသို့ လွှဲပြောင်းပေးအပ်သည်။

ထိုသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ဥပဒေဘောင်အတွင်း ဝင်ရောက်လာသူများအား ပြန်လည်ကြိုဆိုလက်ခံ၍ လိုအပ်သည့် ကူညီပံ့ပိုးမှုများ ဆောင်ရွက်ပေးကာ လက်နက်/ခဲယမ်းများပါရှိမှုအတွက် ဆုကြေးငွေများ ထိုက်ထိုက်တန်တန် ထောက်ပံ့ ပေးအပ်လျက်ရှိခြင်းကြောင့် ဥပဒေဘောင်အတွင်းသို့ ပြန်လည်ဝင်ရောက်ရန် ဆန္ဒရှိသူများ ကျန်ရှိနေသေးကြောင်း သိရှိရပြီး ဥပဒေဘောင်အတွင်း ပြန်လည် ဝင်ရောက်လိုသူများ အနေဖြင့် နီးစပ်ရာ ခရိုင်/မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့များ၊ တပ်စခန်းများနှင့် ရဲစခန်းများသို့ အမြန်ဆက်သွယ် သတင်းပေးပို့လာပါက ကြိုဆိုလက်ခံပေးသွားမည်ဖြစ်ကြောင်းနှင့် လက်နက်/ခဲယမ်းများအတွက် ဆုကြေးငွေများ ပေးအပ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့ (၂၀၂၃)

(မေလ ၃၁ ရက် ၂၀၂၃)

World No Tobacco Day (2023)

ဆေးလိပ်ဆေးရွက်ကြီး တို့မလို ၊ စားရေရိက္ခာကိုသာလို

We need food, not tobacco

အနုပညာဖန်တီးမှုများကို ခိုးယူပြီး အခကြေးငွေရယူ၍ တရားမဝင်ထုတ်လွှင့်ပြသခဲ့သူအား ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် မေ ၃၀

ရုပ်ရှင်၊ ဗီဒီယိုဇာတ်ကားများ၊ ဇာတ်လမ်းတွဲများ၊ သီချင်းများ၊ ဖျော်ဖြေမှုအစီအစဉ်များ စသည့်အနုပညာဖန်တီးမှုများကို မူပိုင်ခွင့်ရရှိထားသူများထံမှ တရားမဝင်ခိုးယူ၍ Online Platform များ အသုံးပြုကာ တရားမဝင် ထုတ်လွှင့်ဖြန့်ချိနေမှုများနှင့်စပ်လျဉ်းပြီး အရေးယူဆောင်ရွက်နိုင်ရေးအတွက် **"အနုပညာဖန်တီးမှုများအား တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့"** ကို ပြန်ကြားရေးဝန်ကြီးဌာနက သက်ဆိုင်ရာဌာနများနှင့် မြန်မာနိုင်ငံ စာရေးဆရာများအသင်း၊ မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံး၊ မြန်မာနိုင်ငံ ဂီတအစည်းအရုံး (ဗဟို)၊ မြန်မာနိုင်ငံသဘင်အစည်းအရုံး (ဗဟို)တို့မှ ကိုယ်စားလှယ်များဖြင့် ဖွဲ့စည်းဆောင်ရွက်လျက်ရှိသည်။

အောင်သီရိရုပ်ရှင်ထုတ်လုပ်ရေးက ရိုက်ကူးထုတ်လွှင့်ပြသလျက်ရှိသော "အိမ်ထောင်" ဇာတ်လမ်းတွဲကို ဧပြီ ၂၃ ရက်မှစ၍ ပြသခဲ့ရာ ၎င်းဇာတ်လမ်းတွဲ၏ အပိုင်း ၁ မှ ၁၅ အထိကို Z Stream Application၊ Myanmar Live Series Application၊ Telegram၊ Facebook၊ Youtube တို့ ပေါ်တွင် တရားမဝင် ကြိုတင်ပြသလျက်ရှိသဖြင့် လိုအပ်သလို ကူညီဆောင်ရွက်ပေးပါရန် မူပိုင်ခွင့်ရှိသူများက တိုင်ကြားလာခဲ့သည်။

အဆိုပါ တိုင်ကြားမှုနှင့်ပတ်သက်၍ ဗဟန်းမြို့မရဲစခန်းတွင် အမှုဖွင့်ပြီး အမြန်ဆုံးအရေးယူ ဆောင်ရွက်နိုင်ရေးအတွက် တာဝန်ရှိသူများက ပူးပေါင်းဆောင်ရွက်ခဲ့ရာ Z Stream Application တရားမဝင်တည်ထောင်လုပ်ကိုင်သူ အောင်မင်းဦး (၃၀) နှစ်၊ (ဘ)ဦးသန်းဦးကို ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ်ရှိ ၎င်း၏နေအိမ်၌ သက်သေခံပစ္စည်းများနှင့်အတူ မေ ၂၀ ရက်တွင် ဖမ်းဆီးရမိခဲ့ပြီး ၎င်းနှင့်ဆက်စပ်ကျူးလွန်သူများကိုလည်း ဥပဒေကြောင်းအရ လိုအပ်သောစုံစမ်းမှုများ၊ အရေးယူမှုများ ပြုလုပ်ဆောင်ရွက်လျက်ရှိသည်။

ထို့အတွက် အနုပညာဖန်တီးမှုများကို မူပိုင်ခွင့်ရရှိသူများထံမှ ခိုးယူ၍သမားရိုးကျနည်းလမ်းဖြင့်သော်လည်းကောင်း၊ အွန်လိုင်းပလက်ဖောင်းမျိုးစုံ အသုံးပြု၍သော်လည်းကောင်း တရားမဝင် ထုတ်လွှင့်ဖြန့်ချိသူများအား "အနုပညာဖန်တီးမှုများအား တရားမဝင်ခိုးယူဖြန့်ချိခြင်းဆိုင်ရာ ကာကွယ်တားဆီးရေးအဖွဲ့"က တည်ဆဲဥပဒေများနှင့်အညီ ထိထိရောက်ရောက် အရေးယူနိုင်ရေး ညှိနှိုင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း သိရသည်။

သတင်းစဉ်

လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ ရောက်ရှိ

နေပြည်တော် မေ ၃၀

အမျိုးသားအဆင့် လျှပ်စစ်သုံးယာဉ်နှင့် ဆက်စပ်လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ဦးဆောင်ကော်မတီ၏ ခွင့်ပြုချက်ဖြင့် Aung Kan Bo Motorcycle Industrial Co., Ltd. မှ တင်သွင်းလာသော Kanbo အမျိုးအစား လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်အစီး ၆၄၀ သည် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်သို့ ရောက်ရှိလာသဖြင့် ယနေ့တွင် လုပ်ထုံးလုပ်နည်းနှင့်အညီ ထုတ်ယူခွင့်ပြုခဲ့ကြောင်းနှင့် အဆိုပါ လျှပ်စစ်သုံးမော်တော်ဆိုင်ကယ်များ တင်သွင်းမှုအတွက် အကောက်ခွန်ကင်းလွတ်ခွင့်ပြုထားကြောင်း သိရသည်။

သတင်းစဉ်

မြန်မာ့ဒေသရင်း "မြန်မာတစ်" ငှက်ပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုး ရောင်းချပေးမည်

နေပြည်တော် မေ ၃၀

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန မြန်မာ့စာတိုက်လုပ်ငန်းမှ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာနက မြန်မာနိုင်ငံ၌သာကျက်စားသည့် ဒေသရင်းငှက်မျိုးစိတ်အဖြစ် မှတ်တမ်းတင် သဘောထားမှတ်ချက်ပြုထားသည့် မြန်မာ့ဒေသရင်း **"မြန်မာတစ်"** ငှက်ပုံ (၂၀၀ ကျပ်တန်) စာပို့တံဆိပ်ခေါင်းသစ် တစ်မျိုးအား **၂၀၂၃ ခုနှစ် ဇွန် ၁ ရက် နံနက် ၉ နာရီခွဲမှစတင်၍** နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီး၊ မန္တလေး စာတိုက်ကြီးတို့နှင့် တိုင်းဒေသကြီး / ပြည်နယ်များရှိ စာတိုက်ကြီးများတွင် တစ်ပြိုင်တည်း ရောင်းချပေးသွားမည်ဖြစ်သည်။

အထူးအစီအစဉ်တစ်ရပ်အနေဖြင့် နေပြည်တော်ဗဟိုစာတိုက်ကြီး၊ ရန်ကုန်စာတိုက်ကြီးနှင့် မန္တလေးစာတိုက်ကြီးတို့တွင် **ဇွန် ၁ ရက်တွင်** ဝယ်ယူသော စာပို့တံဆိပ်ခေါင်းများပေါ်တွင် နေ့စွဲအမှတ်အသားတံဆိပ် ရိုက်နှိပ်ပေးမည်ဖြစ်သည်။ **သတင်းစဉ်**

မြန်မာ့အလင်း

စာတည်းမှူးချုပ်	- အောင်နိုင်ဦး
ခေတ္တစာတည်းမှူး	- မြင့်စိုး
သတင်းထောက်မှူး	- ခင်ရတနာ
စာတည်းများ	- ကြည်ဝင်း၊ ဝင်းကျော်၊ သိမ့်သိမ့်မိုး
ဘာသာပြန်စာတည်း	- ခြူးစန္ဒီမွှေး၊ တင်လင်းအောင်
အကြီးတန်းသတင်းထောက်များ	- ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်းသတင်းထောက်များ	- ဝေသူနွယ်၊ ဇော်ဝိုင်းအောင်၊ ခင်ဖြူထွေး
ဓာတ်ပုံသတင်းထောက်	- တင်စိုး
သုတေသန	- အိအိခင်နှင့် အဖွဲ့
စာပြင်	- အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့်ဒီဇိုင်း	- သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း	- သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ်	- (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ်	- (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ **စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

ယနေ့ဈေးကွက်ပေါက်ဈေးများ

၃၀ - ၅ - ၂၀၂၃

စက်သုံးဆီ(လက်လီဈေးနှုန်းများ)

စက်သုံးဆီ	(ရန်ကုန်)	(မန္တလေး)
ဒီဇယ်(တစ်လီတာ)	၁၉၁၀ ကျပ်	၁၉၆၀ ကျပ်
ပရီမီယံဒီဇယ်(တစ်လီတာ)	၁၉၉၀ ကျပ်	၂၀၄၀ ကျပ်
အောက်တိန်း ၉၂	၁၉၈၅ ကျပ်	၂၀၃၀ ကျပ်
အောက်တိန်း ၉၅	၂၀၉၀ ကျပ်	၂၁၄၀ ကျပ်

(Moon Sun စက်သုံးဆီအရောင်းဆိုင်မှ ရယူပါသည်)

ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

ကုမ္ပဏီအမည်	အဖွင့်ဈေး (ကျပ်)	အပိတ်ဈေး (ကျပ်)	ရှယ်ယာစောင်ရေ	ရှယ်ယာတန်ဖိုး (ကျပ်)
FMI	၈၁၀၀	၈၁၀၀	၈၄၄	၆၈၃၆၄၀၀
MTSH	၂၉၅၀	၂၉၅၀	၈၃၄၅	၂၄၆၀၇၇၅၀
MCB	၇၄၀၀	၇၄၀၀	၂၀	၁၄၈၀၀၀
FPB	၁၄၅၀	၁၄၅၀	၅၅၁၆	၇၉၉၈၂၀၀
TMH	၂၅၀၀	၂၅၀၀	၇	၁၇၅၀၀
EFR	၂၅၀၀	၂၅၀၀	၇၀	၁၇၅၀၀၀
AHP	၅၀၀၀	၅၀၀၀	၁၀	၅၀၀၀၀

ညီညီ - စုစည်းသည်

ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားဆင်းတုတော်များအနက် ဥာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ခြင်းလုပ်ငန်းများတွင် အလှူငွေထည့်ဝင်လှူဒါန်းနိုင်ရေးနှိုးဆော်ခြင်း

ကျောက်စာနန်းစေတီ(၁၂ × ၁၂ × ၁၈)ပေ ၁ ဆူ တန်ဖိုး-၂၇၉ သိန်း

မုစလိန္ဒကန်

၁။ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ဦးဆောင်သည့် (၇)ရက်သား၊ သမီး၊ ဘုရားဒါယကာ၊ ဒါယိကာမတို့က "မာရဝိဇယ"ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး နိုင်မာစွာထွန်းလင်းတောက်ပလျက်ရှိမှုအား ကမ္ဘာကိုပြသရန်၊ မြန်မာနိုင်ငံသည် ထေရဝါဒဗုဒ္ဓဘာသာကိုးကွယ်မှု၏ဗဟိုချက်ဖြစ်စေရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ကမ္ဘာကြီးငြိမ်းချမ်းသာယာမှုဖြစ်စေရန် စသည့်ရည်ရွယ်ချက် ၄ ရပ်ဖြင့်တည်ထားကိုးကွယ်ရန် ရည်သန်လျက် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်အတွင်း၌ သာသနာတော်ထုံး၊ ရုပ်ပွားဆင်းတုတော်ထုံး၊ မြန်မာ့ရိုးရာတည်ထုံးများနှင့်အညီ တည်ဆောက်ပူဇော်လျက်ရှိပါသည်။

၂။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းများအား တပ်မတော်(ကြည်း၊ ရေ၊ လေ)မိသားစုများ၊ စေတနာရှင်များ၊ တိုင်းရင်းသားပြည်သူတို့၏ စုပေါင်းလှူဒါန်းမှုဖြင့် အောက်ပါအတိုင်းတည်ဆောက်ပူဇော်သွားမည်ဖြစ်ပါသည်-

စဉ်	လှူဒါန်းနိုင်သည့်အမျိုးအစား	တန်ဖိုး (ကျပ်သိန်း)	လှူဒါန်းနိုင်သည့် အရေအတွက်	လှူဒါန်းပြီး အရေအတွက်	လှူဒါန်းရန်ကျန်ရှိ အရေအတွက်
၁။	ကျောက်စာနန်းစေတီ ၁ ဆူ(ပိဋကတ်သုံးပုံ မြန်မာပါဠိနှင့် နိမ့်အစိုင်သိ ၂ ချပ်)	၂၇၉.၀၀	၇၂၉ ဆူ	၇၂၉	-
၂။	သာသနာ့ဗိမာန်တော်(သိမ်တော်ကြီး)(၂၈၀×၂၈၀)ပေ	၆၀၀၀၀	၁ ထုံး	၁၃၁၃၃ သိန်း	၄၁၈၈၇ သိန်း
၃။	သုဓမ္မာဇရပ်(၅၄×၁၁၀)ပေ	၂၅၇၀.၀၀	၆	၆	-
၄။	ဆင်းကားတိုက်(၁၈၀×၂၄၀)ပေ	၄၈၁၀.၀၀	၁	-	၁
၅။	မော်ကွန်းတိုက်(၇၂×၁၀၀)ပေ	၈၀၇၉	၁	၁	-
၆။	အဝင်မုခ်ဦး(အနောက်ဘက်)	၂၈၅	၁	၁	-
၇။	ရွေ့လျားစင်္ကြံလှေကား(Walking Escalator)				
	(က) Acrylic အမိုးအကာလုပ်ငန်း	၄၇၄၄.၁၀	၁	-	၁
	(ခ) Pile Foundation လုပ်ငန်း အဆောက်အအုံ RC Structure လုပ်ငန်း ဓာတ်လှေကားတပ်ဆင်ခြင်းလုပ်ငန်း ထိန်းချုပ်ခန်းများတည်ဆောက်ခြင်းလုပ်ငန်း	၇၂၈၄.၇၀	၁	-	၁
၈။	ရေပန်းအသေး(အချင်း ၁၅ ပေ အမြင့် ၉ ပေ)	၈၀၅.၀၀	၁၈ ခု	၄ ခု	၁၄ ခု
၉။	High Mast မီးတိုင်(၂၀ မီတာ) ၁ တိုင်လျှင်	၅၉၅.၀၀	၉ တိုင်	၆ တိုင်	၃ တိုင်
၁၀။	မဟာရံတံတိုင်းဆောင်ရှည်(၁၀ ပေ ၁ ခန်း)	၇၂.၀၀	၂၀၀ ခန်း	၁၆ ခန်း	၁၈၄ ခန်း
၁၁။	မြန်မာ့ရှေးဟောင်းလက်ရာပြဆောင် ၂၇ ပေခန်း	၃၁.၀၀	၄၅၅ ခန်း	၉၅ ခန်း	၃၆၀ ခန်း
၁၂။	မဟာရံတံတိုင်းရှိ ဆောင်တိုင်(ကျောက်မြန်မာမှုပါ)	၇၂.၀၀	၅၀ တိုင်	-	၅၀ တိုင်
၁၃။	လမ်းမီးတိုင်(၆ မီတာ) ၁ တိုင်လျှင်	၁၈.၈၅	၂၀၈ တိုင်	-	၂၀၈ တိုင်
၁၄။	Garden Light (၄ မီတာ) ၁ တိုင်လျှင်	၁၉.၀၀	၃၆၆ တိုင်	-	၃၆၆ တိုင်
၁၅။	မဟာရံတံတိုင်း မီးဆောင်ကျောက်ကနုတ်ပန်း (ကျောက်မြန်မာမှုပါ)	၇.၀၀	၆၅၂ ခု	၁၅၅ ခု	၄၉၇ ခု
၁၆။	ကျောက်ကျောက်ပြား ၁ ကျင်းနှုန်း	၈.၅၀	၇၅၇၈.၄၅ ကျင်း	-	၇၅၇၈.၄၅ ကျင်း

စဉ်	လှူဒါန်းနိုင်သည့်အမျိုးအစား	တန်ဖိုး (ကျပ်သိန်း)	လှူဒါန်းနိုင်သည့် အရေအတွက်	လှူဒါန်းပြီး အရေအတွက်	လှူဒါန်းရန်ကျန်ရှိ အရေအတွက်
၁၇။	မဟာရံတံတိုင်း(အင်္ဂတေမြန်မာမှု)	၄.၅၀	၂၀၈.၁၄ ကျင်း	၂၉ ကျင်း	၁၇၉.၁၄ ကျင်း
၁၈။	ကျွန်းတံခါး ၈ လက်မထုခင်းခြင်း	၆.၅၀	၈၄၃၃ ကျင်း	-	၈၄၃၃ ကျင်း
၁၉။	မုစလိန္ဒကန်	၂,၃၇၁.၀၂	၁	၅၃၈၅ သိန်း	၁၇၄၅၆.၀၂ သိန်း
	(က) မုစလိန္ဒကန်ရေကန်လုပ်ငန်း	၆၅၀၀.၅၉	၁	-	၁
	(ခ) မုစလိန္ဒကန်အဝင်မုခ်ဦးတည်ဆောက်ခြင်း	၃၈၀၈.၃၈	၁	-	၁
	(ဂ) မုစလိန္ဒကန်အတွင်းအမြင့်ပတ်လည်ရေပြင်ကျွန်းကန်ခင်းလှေကားများဖြင့်လုပ်ဆောင်ခြင်း				
	၁။ အရှေ့ဘက်အမိုး(၇၃၉၉ စပေ)	၁၇၁၀.၈၅	၁	-	၁
	၂။ အနောက်ဘက်အမိုး(၇၃၉၉ စပေ)	၁၇၁၀.၈၅	၁	-	၁
	၃။ တောင်ဘက်ရင်ပြင်(၆၄၈၂ စပေ)	၁၅၉၅.၂၈	၁	-	၁
	၄။ မြောက်ဘက်ရင်ပြင်(၅၅၅၂ စပေ)	၁၂၈၈.၄၀	၁	-	၁
	(ဃ) ကျောင်းကျောက်ပြားခင်းခြင်း(၃၀၇.၆၅ ကျင်း)	၈.၅၀	၃၀၇.၆၅	-	၃၀၇.၆၅
	(င) ရေစက်ပန်းပုံသည် ကနုတ်သဲပန်းကော်ရန်တပ်ဆင်ခြင်း	၅၁.၂၀	၅၇	-	၅၇
	(စ) အလှဆင်/အမြင် မီးနှင့်အလှဆင်ရေပန်းတပ်ဆင်ခြင်း				
	၁။ အလှဆင်/အမြင် မီးဆက်သွယ်ခြင်း	၅၅၀.၀၀	၁	-	၁
	၂။ အလှဆင်ရေပန်းတပ်ဆင်ခြင်း	၇၂၀.၀၀	၁	-	၁
၂၀။	ရေချိုးခန်းဆောင်ကျွန်းတိုင်(၁၂ ပေ × ၁၀၆ ပေ)	၂၅၉.၀၀	၁၂၇ ခု	-	၁၂၇ ခု
၂၁။	ပိဋကတ်သုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် မြန်မာပြန် ၂ မျက်နှာစီ)(Creamy Paper) လှူဒါန်းနိုင်ရေး၅၃ ကျမ်း(၄၀ အုပ်)ပါတစ်စုံလျှင်	၁၂.၀၀	၁၀၀၀ စုံ	၅၈၆ စုံ	၄၁၄ စုံ
၂၂။	ပိဋကတ်သုံးပုံကျမ်းစာအုပ်များ(မြန်မာပါဠိနှင့် မြန်မာပြန် ၂ မျက်နှာစီ)(Bible Paper) လှူဒါန်းနိုင်ရေး၅၃ ကျမ်း(၄၀ အုပ်)ပါတစ်စုံလျှင်	၂၀.၀၀	၅၀၀ စုံ	၂၄၄ စုံ	၂၅၆ စုံ

၃။ မာရဝိဇယဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး၏ မဟာရံအတွင်း တည်ဆောက်လှူဒါန်းမည့် သာသနိကအဆောက်အဦများအတွက် **ကြိုတင်လျာထားစာရင်းပေးသွင်းလှူဒါန်းထားကြသည့် ဘုရားဒါယကာ၊ ဒါယိကာမများအနေဖြင့်** မိမိတို့ရည်စူးလှူဒါန်းထားသည့် အလှူငွေများအားလည်းကောင်း၊ အထက်ပါတည်ဆောက်ရေးလုပ်ငန်းများအတွက် အလှူငွေများထည့်ဝင်လှူဒါန်းလိုသည့် ဘုရားဒါယကာ၊ ဒါယိကာမများသည်လည်းကောင်း၊ **အင်းဝဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၁၃၃၅၆၁၇၊ မြဝတီဘဏ်ငွေစာရင်းအမှတ်၊ ၁၀၀၀၁၀၀၀၀၇၆၂၆၆၆၊ ကမ္ဘောဇဘဏ်ငွေစာရင်းအမှတ်၊ ၀၃၄၃၀၂၀၁၇၀၀၂၈၇၀၀၁** တို့သို့ ငွေသားဖြင့်ဖြစ်စေ၊ Account Transfer ဖြင့်ဖြစ်စေ ဦးစွာဆက်သွယ်ပေးသွင်းလှူဒါန်းနိုင်ပြီဖြစ်ပါကြောင်းနှင့် အသေးစိတ်သိရှိလိုပါက အောက်ပါဖုန်းနံပါတ်များတွင် စုံစမ်းနိုင်ပါကြောင်း နိဗ္ဗာန်အကျိုးမျှော်၍ အသိပေးနှိုးဆော်အပ်ပါသည်-

(က) ဒုတိယဗိုလ်မှူးကြီးအောင်ကျော်ဇော ၀၉-၆၅၀၁၉၉၉၉၆၊ ၀၃၆-၃၁၀၀၅

(ခ) ဒေါ်အေးအေးကြည် ၀၉-၄၂၉၃၂၂၅၄၈၊ ၀၉-၂၅၅၈၂၅၂၁၆

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ပြည်လမ်း၊ အမှတ်(၂၇၅)၊ Red Hill Tower ၊ အခန်းအမှတ်(14–I) ကွန်ဒိုတိုက်ခန်းနှင့်ယင်းကွန်ဒိုတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံပြောဆိုသူဖြစ်သော ဒေါ်နန်းစမ်ဆိုင်တစ်(ပ်)(ခ)ဒေါ်ဇာလီခိုင်ဦး ၁၂/ဗတထ(နိုင်)၀၃၂၄၂၄က ရောင်းချရန် ကမ်းလှမ်းရာ ကျွန်ုပ်မိတ်ဆွေ ဒေါ်စိုးလှဲ့သန္တာ ၆/ကသန(နိုင်) ၀၆၃၉၂၄မှလည်း ဝယ်ယူရန်အတွက် ကွန်ဒိုတိုက်ခန်း၏ ရောင်းဖိုးစရန်ငွေများကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်းအရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသော ပိုင်ဆိုင်မှု စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့် ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ထက်ကျော်လွန်ပါက ကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်သက်သက်မွန်
တရားလွှတ်တော်ရှေ့နေ
(စဉ်–၁၀၆၀၅/၂၀၁၅)

ဦးသုထက်ကျော်လွင်
အထက်တန်းရှေ့နေ
(စဉ်–၄၉၅၀၂/၂၀၁၈)

ဒေါ်ကြည်လပြည့်ဝန်း
တရားလွှတ်တော်ရှေ့နေ
(စဉ်–၅၁၉၂၄/၂၀၁၉)

တိုက်(၄)၊ အခန်း(၃၁)၊ မြို့ပြအိမ်ရာ(တောင်ဘက်ခြမ်း)၊ (၈)မိုင်မီးပွိုင့်အနီး၊ (၆)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၇၉၅၅၃၄၇၅၃၊ ၀၉–၇၅၀၃၉၈၄၀၆

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ချောက်ခရိုင်၊ ချောက်မြို့နယ်၊ အမှတ်(၁၅) ရပ်ကွက်နေ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း Grade–4 မှ မောင်ခန့်နောင်နှင့် Grade–9 မှ မောင်ဟိန်းဝေယံတို့၏ ဖခင်အမည်မှန်မှာ ဦးငြိမ်းချမ်းဆွေ ၈/ခမန(နိုင်) ၁၄၂၁၄ ဖြစ်ပါကြောင်း။

ဦးငြိမ်းချမ်းဆွေ

ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ ချောက်ခရိုင်၊ ချောက်မြို့နယ်၊ နယ်ဆယ်ကန်ကျေးရွာနေ အလက (ဆယ်ကန်) ကျောင်းမှ Grade–5 မှ မစိုးပြည့်ပြည့်မော်နှင့် Grade–9 မှ မောင်မျိုးသန့်တို့၏ ဖခင်အမည်မှန်မှာ ဦးဝင်းလှိုင် ၈/ခမန(နိုင်) ၀၀၃၂၅၆ဖြစ်ပါကြောင်း။

ဦးဝင်းလှိုင်

အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ အောင်ဆန်းရပ်ကွက်၊ ရွာသစ်အရှေ့အောင်မင်္ဂလာလမ်း၊ အမှတ် (၁၅၇) ဟုခေါ်တွင်သော အလျား(၉')xအနံ(၃၃')ရှိ မြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဦးမင်းထွန်း ၁၂/အစန(နိုင်)၀၀၅၇၁၄ မှ အရပ်ကတိစာချုပ် အဆက်အစပ်များဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသည့်အတွက် ကျွန်တော်၏မိတ်ဆွေ ဒေါ်ခင်အေးနန်း ၁၄/တခန(နိုင်)၀၂၁၈၈၃ မှ ၁၅–၄–၂၀၂၁ ခုနှစ် တွင် ငွေအပြေအကျေပေးချေကာ အပြီးအပြတ်ဝယ်ယူလက်ရောက်ရရှိပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ခင်အေးနန်း၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်ခင်သီတာအောင်(LL.B)
တရားလွှတ်တော်ရှေ့နေ
(စဉ်–၁၃၆၈၄)
ဖုန်း–၀၉–၄၄၈၀၂၂၇၃၇

ဦးချစ်သဲမောင်(LL.B)
အထက်တန်းရှေ့နေ
(စဉ်–၅၂၅၉၉)
ဖုန်း–၀၉–၇၇၉၅၂၆၈၆၈

အမည်ပြောင်း

ဦးသိန်းမင်းထိုက် ၁၄/ဇလန(နိုင်)၁၁၅၃၉၄ ၏သားဖြစ်သူ ကြံခင်းမြို့ အမက အင်းလပ်အရှေ့ Grade–2 မှ မောင်ညီတေဇ အား မောင်စည်သူဘုန်းထိုက်ဟု ပြောင်းလဲခေါ်ဆိုပါရန်။

မောင်စည်သူဘုန်းထိုက်

အမည်မှန်နှင့် မွေးသက္ကရာဇ်အမှန်

ဆီဆိုင်မြို့နယ်၊ အထက (နောင်မွန်) Grade–2မှ နန်းဆောင်းကြူ၏ အမည်မှန်မှာ နန်းခင်ထွေးဖြစ်ပြီးငင်း၏ မွေးသက္ကရာဇ်အမှန်မှာ (၃–၉–၂၀၁၆) ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

တောင်ကြီးမြို့၊ ညောင်ရွှေဟော်ကုန်းရပ်ကွက်နေ ဦးစိုင်းသိန်းအောင်၏သား စိုင်းဟန်နို့ (မွေးစာရင်း) ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ် အမှတ်(MD –967505)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၄၉၃၀၆၀၇၃

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 79W/66301 ၏ ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6B/9831, Mitsubishi Canter, EE659E, Light Truck (4x2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်သင်းသင်းချို ၁၄/အမန(နိုင်) ၀၃၄၆၉၆ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ (ရွာသာကြီး) ရန်ကုန်မြို့

အထူးကိုယ်စားလှယ်လွှဲစာများအား ရုပ်သိမ်းကြောင်းကြေညာခြင်း

ကျွန်ုပ် ဦးမြင့်(ခ)ဦးမြင့်စိန် ၉/မမန(နိုင်)၀၂၁၂၆၀(ဘ)ဦးဝိုင်းမှ ပြင်ဦးလွင်မြို့နယ်၊ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ လွှဲအပ်ထားသော အထွေထွေကိုယ်စားလှယ်လွှဲစာ မှတ်ပုံတင်နံပါတ်(၅၀၆/၂၀၁၁)အရ ကျွန်ုပ်မှ ဦးမန်းကိုကို(ဘ) ဦးလှမောင်ထံသို့လည်းကောင်း၊ အထွေထွေကိုယ်စားလှယ်လွှဲစာမှတ်ပုံတင်အမှတ်(၂၄၂၆/၂၀၁၁)အရ ကျွန်ုပ်မှ ဒေါ်ညိုမီ(ဘ)ဦးရဲဒင်ထံသို့လည်းကောင်း အသီးသီးလွှဲအပ်ထားသည့် အထူးကိုယ်စားလှယ်လွှဲစာများအား ယနေ့မှစ၍ တစ်ဖက်သတ်ပြန်လည်ရုပ်သိမ်းပြီးဖြစ်ပါကြောင်း၊ ၎င်းတို့နှင့်တကွ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ **ဦးမြင့်(ခ)ဦးမြင့်စိန်(ဘ)ဦးဝိုင်း ၉/မမန(နိုင်)၀၂၁၂၆၀**

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်(RA–V/ ကွက်ပြင်)၊ ဦးပိုင်အမှတ်(၂၇/က–၃)၊ မြေဧရိယာ(၀.၁၄)ဧကရှိမြေအား ဂရန်သက် တမ်းတိုးလျှောက်ထားနိုင်ရေးအတွက် ဒေါ်နှင်းနှင်းမြင့်နိုင် ၉/မမန(နိုင်) ၀၀၀၈၄၀မှ မြေငှားဂရန်သက်တမ်းတိုးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြင်ဦးလွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၅)၊ ကွင်း/အကွက်အမှတ်(RA–V/ ကွက်ပြင်)၊ ဦးပိုင်အမှတ်(၁၉/ဒ–၂)၊ မြေကွက်အမှတ်(124–H2)၊ မြေဧရိယာ(၀.၁၂)ဧကရှိမြေအား ဂရန်သက်တမ်းတိုး လျှောက်ထားနိုင်ရေးအတွက် ဒေါ်အောင်မေမြင့်နိုင် ၉/မမန(နိုင်) ၀၁၃၆၉၉မှ မြေငှားဂရန်သက်တမ်းတိုးရန် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့်ရက်မှစ၍ ရက်ပေါင်း ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှု အထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ပြင်ဦးလွင်မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

ပျောက်ဆုံးကြောင်း

မြိုင်မြို့နယ်၊ ကုန်းရွာနေ မဇင်မာသိမ့်(ဘ)ဦးဖိုးဆင် ၈/မမန(နိုင်)၂၆၂၉၃၂ ၏ နိုင်ငံကူးလက်မှတ် အမှတ် ME–484650 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၈၉၂၄၄၃၁၇၅

ပျောက်ဆုံးကြောင်း

အောင်လံမြို့နယ်၊ သံဘိုကြီးကျေးရွာနေ မိုင်မေသဥ္စာဦး (ဘ) ဦးအောင်လှငွေ ၈/ အလန(နိုင်) ၂၀၉၆၇၂ ၏ နိုင်ငံကူးလက်မှတ် အမှတ် MC 176894 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉– ၄၂၇၅၄၃၈၅၄

ပျောက်ဆုံးကြောင်း

တောင်တွင်းကြီးမြို့၊ ဂုံပင်ကျေးရွာနေ လှဲ့လှဲ့ဝင်း ၈/တတက (နိုင်)၂၂၆၇၉၉ ၏ နိုင်ငံကူးလက်မှတ် အမှတ် MF518715 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၆၈၈၃၃၇၅၄၁

ပျောက်ဆုံးကြောင်း

ရခိုင်ပြည်နယ်၊ စစ်တွေမြို့၊ ကံပြင်ရွာဟောင်း ကျေးရွာနေ (ဘ) ဦးစံထွန်းကျော်၏သား မောင်နိုင်နိုင်ထွန်း ၁၁/စတန(နိုင်) ၀၉၅၃၀၉ ၏ နိုင်ငံကူးလက် မှတ်အမှတ်(မမှတ်မိ)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ **ဖုန်း–၀၉–၄၂၆၂၉၅၉၂၀**

အမည်ပြောင်း

ဦးသန်းလှိုင် ၈/မထန (နိုင်) ၀၈၉၁၂၉ ၏ သမီး မင်းဘူးမြို့၊ အမက(သီရိမင်္ဂလာ) ကျောင်း Grade–2 မှ မအိမ့်မှူးသဥ္စာ အား မသီရိစံဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မသီရိစံ

ပြင်ဆင်ဖတ်ရှုပါရန်

၂၉–၅–၂၀၂၃ရက် ဤသတင်းစာ စာမျက်နှာ (၂၇) တွင် ပါသော အများသိစေရန် ကြေညာချက်ကြော်ငြာတွင် ဦးမြင့်ထူး LL.B တရားလွှတ်တော်ရှေ့နေ (စဉ်–၂၁၂၃၉/၉၇) အစား ဦးမြင့်ထူး LL.B အထက်တန်းရှေ့နေ(စဉ်–၂၁၂၃၉/၉၇) ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 48W/62541, Honda Scoopy 110 ယာဉ်လက်ဝယ်ရှိသူ ဒေါ်ခင်ပြုံး ၁၃/သနန(နိုင်)၀၂၆၆၀၇ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး (မန္တလေးမြောက်ပိုင်း) မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 6M/3484, Toyota IPSUM ACM21 S/W (4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးထွန်းထွန်း ၁၂/ဗဟန(နိုင်) ၀၈၈၄၅၈က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/02983, Honda Wave 100, M/C ယာဉ်လက်ဝယ်ရှိသူ ဦးစိုးဝင်း ၁၄/ကကန(နိုင်)၀၇၂၇၁၂ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊တိုင်းဒေသကြီးရုံး (ပုသိမ်မြို့)**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၂ယ/၇၇၇၂၆, Honda Click 125, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်အိအိမြတ် ၇/ပမန(နိုင်)၀၀၉၈၂၅ က(ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ပြည်)ပြည်မြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 2E/5162, Hinc Profia Truck (8x4)R ယာဉ်လက်ဝယ်ရှိသူ ဦးဇော်လွင်အောင် ၅/ခလတ(နိုင်) ၁၀၄၅၄၇ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (မန္တလေးတောင်ပိုင်း) မန္တလေးမြို့**

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 16U/5913 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ တိုင်းဒေသကြီး ဦးစီးမှူးရုံး(ပဲခူး)

ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ်5B/1619, Nissan Diesel ၏ဖောင်းကြွနံပါတ်ပြားပျောက်ဆုံး၍ ထုတ်ပေးရန်လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြားပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **ကညန၊ တောင်ကြီး**

အမည်ပြောင်း

တောင်သာမြို့၊ အမှတ်(၃) တန်းမြင့်ကျောင်းရပ်နေဦးအောင်ဌေးလွင် ၉/တသန(နိုင်)၁၀၆၇၂၇ ၏ သား မောင်ဒီလင်းထက် အား မောင်သူရလင်းထက် ဟု အမည်ပြောင်းလဲခေါ်ပါရန်။

မောင်သူရလင်းထက်

တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် မွေးသက္ကရာဇ်အမှန်

ရွှင်မြို့နယ်၊ ကြီးကျေးရွာအုပ်စု၊ ယကြီးကျေးရွာနေ ဦးစံကောင်း၏ သမီး မသီရိဒွံ(ခ)မသီသီစိုး ၁၃/ရငန(နိုင်) ၀၄၃၇၃၁ မှာ တစ်ဦးတည်းဖြစ်ပါကြောင်းနှင့် ၎င်း၏ မွေးသက္ကရာဇ်အမှန်မှာ (၁၇–၂–၁၉၈၉)ဖြစ်ပါကြောင်း။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8D/3366,SSS SUPER CARRIER , P/U(4X2)R ယာဉ်လက်ဝယ်ရှိသူ ဒေါ်မြတ်စုနိုင် ၁၂/မရက(နိုင်)၁၂၆၁၄၄ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ် တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်အရှေ့ပိုင်း)ရန်ကုန်မြို့**

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9I/5544, Toyota Harrier Acu30,S/W(4X2) R ယာဉ်လက်ဝယ်ရှိသူ ဦးသူရအောင် ၁၂/ဥကတ(နိုင်)၁၂၆၈၀၅ က(ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

အလိမ္မာ စာမှာရှိ

ကန့်ကွက်နိုင်ပါကြောင်းနှင့် အများသိစေရန် အသိပေးကြေညာခြင်း

ပခုက္ကူမြို့နယ်၊ ကျွဲတဲကျေးရွာအုပ်စု၊ ကွင်း/အကွက်အမှတ်နှင့်အမည်(၃၄၀/စိုတွင်းကွင်း)၊ ဦးပိုင်အမှတ်(D/၂၄၆)၊ မြေဧရိယာ(၀.၀၅၅) ဧကရှိမြေကွက်အား မြို့မြေနေရာရှာဖွေရေး အဖွဲ့မှ ၁၉၉၀–၁၉၉၁ ခုနှစ်တွင် ဦးအုန်းရွှေ၊ ၈/ပခက(နိုင်)၂၅၄၇၂၂အမည်ဖြင့် မြေကွက်ချထား ပေးခဲ့ပြီး ၎င်းအမည်ဖြင့်ချထားပေးခဲ့သည့် မြေပေးမိန့်(မူရင်း)နှင့် စာရွက်စာတမ်းအထောက်အထားများမှာ ပျောက်ဆုံးနေပါသည်။ အဆိုပါချထားပေးခဲ့သည့်မြေကွက်အား မူလပိုင်ရှင်ဖြစ်သူ ဦးအုန်းရွှေ ထံမှ ဒေါ်မော်မော်ဌေးသည် (၉– ၄ ၂၀၀၈)ရက်နေ့၌ အသိသက်သေများရှေ့မှောက်တွင် နှစ်ဦးသဘောတူ အိမ်ဝိုင်းမြေအရောင်းအဝယ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့ပြီး စဉ်ဆက်မပြတ်လက်ရှိနေထိုင် အကျိုးခံစားလာခဲ့သည်မှာ ယနေ့အချိန်ထိ ဖြစ်ပါသည်။

အထက်ပါဦးပိုင်/မြေကွက်အမှတ်(D/၂၄၆)၊ ဧရိယာ(၀.၀၅၅)ဧကရှိ မြေကွက်အား ကျွန်မ၏ မိတ်ဆွေ ဒေါ်မော်မော်ဌေး၊ ၁၂/ကမရ(နိုင်) ၀၄၀၂၃၂အမည်ဖြင့် မြေငှားဂရန်အသစ်ရရှိရေး လျှောက်ထားမည်ဖြစ်၍ အဆိုပါမြေကွက်နှင့်ပတ်သက်၍ သက်ဆိုင်သည့် မည်သည့်ပုဂ္ဂိုလ်မဆို ခိုင်လုံသော တရားဝင်စာရွက်စာတမ်းအထောက်အထားများဖြင့် မည်သူမဆို ကန့်ကွက်လိုသူများရှိပါက ယခုကြော်ငြာစာပါသည့်ရက်မှစ၍ ရက်ပေါင်း ၁၅ ရက်အတွင်း သက်ဆိုင်ရာခရိုင်/မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာနနှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန(ယခင်မြို့နယ် မြေစာရင်းဦးစီးဌာန)တို့၌ တရားဝင်စာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက် ကျော်လွန်သည်အထိ လာရောက်ကန့်ကွက်ခြင်း များမရှိပါက ဒေါ်မော်မော်ဌေး၊ ၁၂/ကမရ(နိုင်)၀၄၀၂၃၂အမည်ဖြင့် ဥပဒေ၊ လုပ်ထုံးလုပ်နည်း၊ ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန်အသစ်ရရှိရေး ဆက်လက်လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်မော်မော်ဌေး၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်အိသိမ့်ကျော် (LL.B) တရားလွှတ်တော်ရှေ့နေ

(စဉ်–၁၄၆၂၉) (၁၄. ၆. ၂၀၁၈)

ရွှေကံသာရပ်၊ အမှတ်(၃)ရပ်ကွက်၊ ပခုက္ကူမြို့။

စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန
ပြည်တွင်းအခွန်များဦးစီးဌာန
အောင်ဘာလေသိန်းဆုဌာနခွဲ
ကြေညာချက်
(ရက် စွဲ၊ ၂၀၂၃ ခုနှစ်၊ မေ လ ၃၁ ရက်)

၁။ ၂၀၂၃ခုနှစ်၊ ဇွန် လ(၁)ရက်နေ့တွင် ကျင်းပမည့် (၅၁) ကြိမ်မြောက် ကျပ် ၁၀၀၀ တန် အောင်ဘာလေ သိန်းဆုဖွင့်ပွဲအတွက် ထီလက်မှတ်များကို **"က"အက္ခရာမှ အစဉ်လိုက်"ဆ"အက္ခရာအထိ** စုစုပေါင်း အက္ခရာ (၇) လုံးတွင် ထီစာအုပ် (၅၀၇၄၆၅) အုပ်ရောင်းချခဲ့ပါသည်။

၂။ ထီလက်မှတ်များရောင်းချရငွေမှာ ကျပ်သန်း (၅၀၇၄.၆၅၀) ဖြစ်သဖြင့် ၇၀ % ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေမှာ ကျပ်သန်း (၃၅၅၂.၂၅၅) ဖြစ်ပါသည်။

၃။ အဆိုပါ ၇၀% ခွဲဝေချီးမြှင့်ပေးမည့် ထီဆုငွေများနှင့် ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း (၁၄၂၂.၁၅၀) ကို ပြန်လည်ချီးမြှင့်ပေးမည့် ထီဆုငွေတို့မှ အောက်ဖော်ပြပါဆုမဲများ ချီးမြှင့်သွားမည်ဖြစ်ပါသည်-

(က)	**အထူးဆုကြီး**				
	(၁)	ကျပ်သိန်းငါးထောင်	=	(၁)	ဆု
	(၂)	ကျပ်သိန်းတစ်ထောင်	=	(၁)	ဆု
(ခ)	**ဆုတစ်ဆုချင်း**				
	(၁)	ကျပ်သိန်းငါးရာ	=	(၃)	ဆု
	(၂)	ကျပ်သိန်းနှစ်ရာ	=	(၄)	ဆု
	(၃)	ကျပ်သိန်းတစ်ရာ	=	(၈)	ဆု
	(၄)	ကျပ်သိန်းငါးဆယ်	=	(၈)	ဆု
	(၅)	ကျပ်သိန်းနှစ်ဆယ်	=	(၁၁)	ဆု
	(၆)	ကျပ်တစ်ဆယ်သိန်း	=	(၁၁)	ဆု
(ဂ)	**ဝေဝေဆာဆာပဒေသာဆု**				
	(၁)	ကျပ်သုံးသိန်း	=	(၃၀)	ဆု
	(၂)	ကျပ်နှစ်သိန်း	=	(၃၀၀)	ဆု
	(၃)	ကျပ်တစ်သိန်း	=	(၅၀၀၀)	ဆု
	(၄)	ကျပ်ငါးသောင်း	=	(၂၀၀၀၀)	ဆု
	(၅)	ကျပ်တစ်သောင်း	=	(၁၀၀၀၀၀)	ဆု
(ဃ)	**ဘဏ္ဍာသိမ်းရငွေ ကျပ်သန်း(၁၄၂၂.၁၅၀)မှ ချီးမြှင့်သည့်ဆု**				
	(၁)	ကျပ် တစ်ဆယ်သိန်း	=	(၄)	ဆု
	(၂)	ကျပ် သုံးသိန်း	=	(၆၀)	ဆု
	(၃)	ကျပ် နှစ်သိန်း	=	(၁၀၀)	ဆု
	(၄)	ကျပ် တစ်သိန်း	=	(၁၀၀၀)	ဆု

၄။ ဖော်ပြပါခွဲဝေထားသော ဆုမဲအရေအတွက်မှာ ရောင်းရငွေ၏ ၇၀% အပေါ်အခြေခံ၍ ခွဲဝေထားခြင်းဖြစ်ပြီး ထီဖွင့်ပွဲတွင် ဝေဝေဆာဆာပဒေသာဆုမဲစနစ်မှ ရောင်းမကုန် ထီလက်မှတ်နံပါတ်များ ထွက်ပေါ်လာပါက အဆိုပါဆုမဲ တန်ဖိုးစုစုပေါင်းအား အခြားသင့်လျော်သောဆုမဲများအဖြစ် ဆုတစ်ဆုချင်းစနစ်နှင့် ဝေဝေဆာဆာပဒေသာဆုမဲများ ပြန်လည်ဖွင့်လှစ်ပေးမည်ဖြစ်သဖြင့် ခွဲဝေထားသော ဆုမဲအရေအတွက် အပြောင်းအလဲရှိနိုင်ပါသည်။ ဆုမဲတန်ဖိုးငွေ စုစုပေါင်းမှာ ပြောင်းလဲမှုမရှိပါ။

၅။ (၅၁) ကြိမ်မြောက်ကျပ် ၁၀၀၀ တန် အောင်ဘာလေသိန်းဆုဖွင့်ပွဲကို (၁-၆-၂၀၂၃) ရက်နေ့(ကြာသပတေးနေ့)၊ နံနက်(၈)နာရီအချိန်တွင် အမှတ်(၃၈၄)၊ မဟာဗန္ဓုလလမ်းနှင့်(၃၇)လမ်းထောင့်၊ ကျောက်တံတားမြို့နယ်ရှိ အောင်ဘာလေသိန်းဆုဌာနခွဲ၊ ထီဖွင့်ပွဲခန်းမ၌ ကျင်းပသွားမည်ဖြစ်ကြောင်းကြေညာအပ်ပါသည်။

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း
ယာဉ်အမှတ် 2G/7567,Chana Dump Truck (4x2)Rယာဉ်လက်ဝယ်ရှိသူ ဦးဇော်ဝင်းအောင် ၁၂/သခန(နိုင်)၁၄၇၀၄၂က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊တိုင်းဒေသကြီးရုံးခွဲ
(ရွာသာကြီး)ရန်ကုန်မြို့

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း
ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ရွှေခင်းသာရပ်ကွက်၊ အဆင့်မြင့်အိမ်ရာစီမံကိန်း အဆင့် (၇) အမှတ် (E3) အခန်း (၁၀၄) ဒေါ်ခင်သောင်းညွန့်(ကစ) ဒေါ်အေးအေးလွင် အမည်ပေါက် တိုက်ခန်းနေရာချခြင်းလက်မှတ် (မူရင်း) ဖြင့်ပေ (၂၀×၃၀) တိုက်ခန်းနှင့် အကျိုးခံစား ခွင့်အရပ်ရပ်တို့ကို လက်ရှိပိုင်ဆိုင်၍ ရောင်းချ ပိုင်ခွင့်ရှိသည်ဟု ဝန်ခံကတိပြုသူ ဒေါ်ခင်စန္ဒာလွင် (ခ) ဒေါ်ခင်မိုးသက် (၁၃/တကန (နိုင်) ၀၀၅၉၂၃) ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ ဒေါ်ဆွေဇင်ကျော် (၁၄/လမန (နိုင်) ၀၆၉၉၅၂) သည် အပြီးအပြတ် ဝယ်ယူရန် စရံငွေ တစိတ်တဒေသကို ပေးချေထားပြီးဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇) ရက်တွင်းတိကျခိုင်လုံသော စာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်သည့်နေ့ရက်အထိ ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်မေမေခင်
အထက်တန်းရှေ့နေ (စဉ် - ၄၈၀၂၃)
အမှတ် (၇၃၈)၊ မင်းရဲကျော်စွာလမ်း (၇၀) ရပ်ကွက်၊
ဒဂုံမြို့သစ် (တောင်ပိုင်း) မြို့နယ်၊
ဖုန်း ၀၉ - ၄၂၁၁၅၂၄၄၈

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း
မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ လယ်ကုန်းရပ်ကွက်၊ ကွင်းအမှတ် (၂၀က/၂-က)၊ ဦးပိုင်အမှတ် (၇၉/၁)၊ မြေဧရိယာ ၀ ဒသမ ၀၈၈ ဧကရှိ မြေကွက်သည် မူလက ဦးထွယ်အောင် အမည်ဖြင့် မြို့မြေခွန် ပြေစာစည်းကြပ်လျက်ရှိရာမှ ဦးထွယ်အောင်က ၂၆-၉-၂၀၁၉ ရက်တွင်မေတ္တာဖြင့်အပိုင်ပေးကမ်းခြင်းကတိစာချုပ်ဖြင့် ဒေါ်ဂျာဆန်အောင် ၁/မကန(နိုင်)၁၆၉၂၄၁ ထံသို့ အပြီးအပိုင် ပေးကမ်းခဲ့ပြီး လက်ရှိတွင် ဒေါ်ဂျာဆန်အောင်အမည်ဖြင့် မြို့မြေခွန်ပြေစာစည်းကြပ်လျက်ရှိပါသည်။ ယခုအခါ ဒေါ်ဂျာဆန်အောင် အမည်ဖြင့် မြေငှားဂရန်(အသစ်)လျှောက်ထားလာပါသဖြင့် လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်နေ့အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
မြစ်ကြီးနားမြို့

ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း
ယာဉ်အမှတ် 7R/4172 ၏ ဖောင်းကြွနံပါတ်ပြား ပျောက် ဆုံး၍ ထုတ်ပေးရန် လျှောက်ထား လာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ် ပါသည်။

ကညန၊(ရွာသာကြီး)

တင်ဒါပိတ်မည့်ရက် – ၁၄-၆-၂၀၂၃ ရက်၊ ၁၆:၀၀ နာရီ
တင်ဒါပေးသွင်းရမည့်နေရာ – MICC-2 အဆောက်အဦရုံးခန်း၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ

၂။ တင်ဒါပုံစံနှင့် တင်ဒါစည်းမျဉ်း၊ စည်းကမ်းအသေးစိတ်အချက်အလက်များအား ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် မေးမြန်းစုံစမ်းဝယ်ယူနိုင်ပါသည်–

စုံစမ်းရန်နေရာ/ဌာန – MICC-2 အဆောက်အဦရုံးခန်း၊ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ
ဆက်သွယ်ရန်ဖုန်း – ၀၆၇-၃၄၂၂၉၉၉

ငြင်းချက်ထုတ်ရန်သမ္မန်စာ (တရားမကျင့်ထုံးကိုဥပဒေအမိန့်-၅၊ နည်းဥပဒေ – ၂၀) ပန်းတနော်မြို့နယ်တရားရုံးတော်၌ ၂၀၂၃ ခုနှစ် တရားမကြီးမှုအမှတ် – ၇

ဦးဇော်လင်းထိုက် **နှင့်** ၁။ ဦးမြင့်အောင်
၂။ ဒေါ်သေးသေး(ခ)ဒေါ်ခင်စန်းဦး
တရားလို **တရားပြိုင်များ**

ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မြို့၊ အလယ်ပိုင်းရပ်ကွက်၊ ဒေါနခြံနေ (၁)တရားပြိုင် ဦးမြင့်အောင် (ဘ) ဦးတင်နောင် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ ဦးဇော်လင်းထိုက်က ခွင့်ပြုချက်ဖြင့် အခမဲ့နေထိုင်ခွင့်ပြုထားသူများအား အိမ်ရာမြေကွက်နှင့် တင်းကုတ်ခုံ၊ မြေကွက်ဥပစာမှ နှင်ထုတ်ဖယ်ရှား ထွက်ခွာပေးစေလိုမှုအား စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်ပေးပါရန် လျှောက်ထားစွဲဆိုချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်အခွင့်အမိန့်အရ ရှေ့နေဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်ဆိုင်သည့်အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဇွန် ၂၉ (၁၃၈၅ ခုနှစ် ပထမဝါဆိုလဆန်း ၁၂ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် အထက် အမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် မအူပင်ခရိုင်၊ ပန်းတနော်မြို့နယ် တရားရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် လိုအပ်သည့် စာရွက်စာတမ်းများနှင့် သင်ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် မေ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

(အောင်သူဟိန်း)
မြို့နယ်တရားသူကြီး
ပန်းတနော်မြို့နယ်တရားရုံး

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 80W/96090 Luojia 110 ယာဉ်လက်ဝယ်ရှိသူ ဦးဝင်းလှိုင် ၁၄/အဂပ(နိုင်)၁၃၉၄၃၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ဟသ်ာတ)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 69W/ 30245 Yamha FZ 150 ယာဉ်လက်ဝယ်ရှိသူ ဦးငြိမ်းချမ်းမောင် ၉/တကန(နိုင်) ၂၁၄၁၅၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ နေပြည်တော်ရုံး

ရောင်းချရန်ကြော်ငြာစာ တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆ မရမ်းကုန်းခရိုင်တရားရုံးတော် ၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ် – ၂၆၈

ဒေါ်သင်းသင်းခိုင် **နှင့်** ဒေါ်အေးအေးမော်
ဒီကရီအနိုင်ရသူ **တရားရှုံး**

ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၆၁၄/၂၀၂၀အမှုတွင်အနိုင်ဒီကရီကိုအတည်ပြုဆောင်ရွက်ရန်အတွက် အောက်တွင်ဖော်ပြထားသောပစ္စည်းကို ၂၀၂၃ ခုနှစ် ဇူလိုင် ၆ ရက် နံနက် ၁၀:၀၀ နာရီတွင် ၎င်းပစ္စည်းတည်ရှိရာအရပ်၌ လေလံတင်ရောင်းချလိမ့်မည်။ ကိုယ်တိုင်သော်လည်းကောင်း၊ တရားဝင်လွှဲအပ်သည့်ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လေလံဆွဲဝယ်ယူနိုင်ကြောင်း ကြေညာလိုက်သည်။

ပစ္စည်းစာရင်း

ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ၄ မူ တိုးချဲ့ရပ်ကွက်၊ ငွေလမ်း၊ ရတနာကျွန်းရိပ်သာ၊ အမှတ်-၄၇ ဟု ခေါ်တွင်သော အလျား(၈၀ပေxအနံ၆၀ပေ) အကျယ်အဝန်းရှိမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံ အပါအဝင် မရွှေ့မပြောင်းနိုင်သော ပစ္စည်းအရပ်ရပ်အားလုံး။

လေလံကြမ်းခင်းဈေး – ငွေကျပ် (၅၀၀၀) သိန်းတိတိ (ငွေကျပ်သိန်းငါးထောင်တိတိ)

လေလံတင်ရောင်းချမည့်စည်းကမ်းချက်များ

၁။ ပစ္စည်းစာရင်းတွင် ဖော်ပြထားသော အချက်အလက်များမှာ တရားနိုင်က တရားရုံးသို့ တင်ပြချက်အရ သိရသမျှဖြစ်သည်။ မှားယွင်းခြင်း၊ ကြွင်းကျန်ခြင်း တစ်ခုခုပေါ်ပေါက်ပါက တရားရုံးက တာဝန်ယူမည်မဟုတ်ပါ။ တရားရှုံး၏ အကျိုးသက်ဆိုင်သမျှကိုသာ ရောင်းချလိမ့်မည့်အကြောင်း လေလံဆွဲဝယ်မည့်သူတို့အား အထူးသတိပြုရန် နှိုးဆော်လိုက်သည်။

၂။ လေလံတင်ရောင်းချမည့် နည်းစနစ်ကို ရောင်းချသူအရာရှိက သတ်မှတ်သည့်အတိုင်း ရောင်းချမည်ဖြစ်သည်။

၃။ ဈေးနှုန်းအမြင့်ဆုံး ဝယ်ယူသူအား လေလံဆွဲဝယ်ယူသူအဖြစ် သတ်မှတ်မည်။ သို့သော် အမြင့်ဆုံးပေးသည့်ဈေးနှုန်းမှာ ရောင်းချသည့်ပစ္စည်းအတွက် လက်ခံရန်မသင့်ကြောင်း ရောင်းချသူအရာရှိက ထင်မြင်လျှင် လက်မခံဘဲ ငြင်းပယ်ပိုင်ခွင့်ရှိသည်။

၄။ လေလံတင်ရောင်းချပြီး မရွှေ့မပြောင်းနိုင်သော ပစ္စည်းအတွက် လေလံဆွဲဝယ်သူက ငွေကျပ် ၁၀၀ လျှင် ၂၅ ကျပ်ကို လေလံဆွဲဝယ်ယူပြီးသည်နှင့် တစ်ပြိုင်နက် နေ့ချင်းပေးသွင်းရမည်။ ထိုသို့ ပေးသွင်းခြင်းမပြုလျှင် တစ်ဖန်ပြန်လည်လေလံတင်ရောင်းချလိမ့်မည်။

၅။ လေလံဆွဲဝယ်သူများသည် ရောင်းချသည့်အရာရှိက သတ်မှတ်ထားသည့် စပေါ်ငွေကို တင်သွင်းမှသာ လေလံဆွဲဝယ်ယူခွင့်ရှိရမည်။

၆။ လေလံဆွဲဝယ်ယူရရှိသူသည် ၂၅ ရာခိုင်နှုန်း နေ့ချင်းပေးသွင်းပြီးနောက် ကျန်ငွေများကို လေလံတင်ရောင်းချသည့်ရက်ကို ပယ်၍ ၁၅ ရက်မြောက်နေ့ ရုံးဆင်းချိန်မတိုင်မီ ပေးဆောင်ရမည်။ ၁၅ ရက်မြောက်သည့်နေ့သည် ရုံးပိတ်ရက်ဖြစ်လျှင် ပထမရုံးဖွင့်သည့်ရက်တွင် အပြေအကျေပေးသွင်းရမည်။

၇။ လေလံကျန်ငွေများကို အထက်ပါနေ့ရက်များကို ပေးဆောင်ရန် ပျက်ကွက်ပါက ပစ္စည်းကို တစ်ဖန်လေလံတင်ရောင်းချလိမ့်မည်။ ပေးသွင်းထားသည့် လေလံငွေများကို ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းခံရမည်။

၂၀၂၃ ခုနှစ် မေ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ လေလံတင်ရောင်းချရန် ကြော်ငြာစာထုတ်ပေးလိုက်သည်။

မှတ်ချက်။ အရောင်းကြော်ငြာထုတ်ဆင့်သော အထက်ဖော်ပြပါ အိမ်ခြံမြေနှင့် ပတ်သက်သော အကျိုးခံစားခွင့် အရပ်ရပ်အား မြန်မာ့ရှေ့ဆောင်ဘဏ်တွင် ပေါင်နှံထားသော ပစ္စည်းဖြစ်ပြီး ပိုင်ဆိုင်မှုစာချုပ်စာတမ်းများမှာ မြန်မာ့ရှေ့ဆောင်ဘဏ်လီမိတက်၏ လက်ဝယ်တွင် ရှိပါသည်။

(မြတ်ခိုင်ဝင်း)
ခရိုင်တရားသူကြီး
မရမ်းကုန်းခရိုင်တရားရုံး

ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ၃၇ ရပ်ကွက်၊ စွမ်းအင်လမ်း၊ အမှတ်(၆၉၃)၊ ဧရိယာပေ (၄၀x၆၀)ရှိ မြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော (၂)ခန်းတွဲ (၆)ထပ်တိုက်၊ ဒုတိယထပ်၊ ၃-လွှာ (ခြေရင်းခန်း)၊ အကျယ်အဝန်းပေ(၁၇x၅၄)ရှိ တိုက်ခန်းနှင့် ၎င်းတိုက်ခန်းနှင့်စပ်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်တင်သန်း ၁၂/မဂတ(နိုင်)၁၂၁၄၈၀ ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူ နော်ဆာခီးလား ၁၂/အစန(နိုင်)၁၈၇၆၉၄ မှ ဝယ်ယူရန်အတွက် စရန်ငွေတစ်ချို့တဝက်ပေးချေပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အထက်ဖော်ပြပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ် ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးစောကျော်စွာထွန်း (LL.B)
တရားလွှတ်တော်ရှေ့နေ (စဉ်– ၁၃၀၀၁)
တိုက်(၉/၁၁)၊ မြေညီထပ်၊ (၃၆)လမ်းအောက်၊ ကျောက်တံတားမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉-၄၄၀၆၅၅၇၃၈

နေ့ရက်ပြင်ဆင်သတ်မှတ်ခြင်း

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်တွင်းရေကြောင်းပို့ဆောင်ရေးမှ ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းသုံးပစ္စည်း (၁၂)မျိုးတို့ကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူရာတွင် တင်ဒါဈေးနှုန်းစိစစ်လက်ခံဆောင်ရွက်မည့်ရက်အား အောက်ပါအတိုင်း ပြင်ဆင်ပြောင်းလဲသတ်မှတ်လိုက်ပါသည်–

စဉ်	အကြောင်းအရာ	နေ့ရက်/အချိန်
(က)	Technical Specification ဆိုင်ရာအချက်အလက်စိစစ်ဆောင်ရွက်ခြင်း	– ၁-၆- ၂၀၂၃ ရက် မွန်းလွဲ(၁၃:၀၀)နာရီ
(ခ)	တင်ဒါဈေးနှုန်းစိစစ်လက်ခံဆောင်ရွက်ခြင်း	– ၇-၆-၂၀၂၃ ရက် နံနက်(၁၀:၀၀)နာရီ

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
ပြည်တွင်းရေကြောင်းပို့ဆောင်ရေး

၂၀၂၃ ခုနှစ် လက်မှတ်ရပိုးသတ်ဆေးသင်တန်းသားခေါ်ယူခြင်း

ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်တိုင်း၊ သီးနှံကာကွယ်ရေးဌာနခွဲသို့ အမှတ်စဉ် (၁)လက်မှတ်ရပိုးသတ်ဆေး သင်တန်းအား ဖွင့်လှစ်မည်ဖြစ်ပါသဖြင့် သင်တန်းသားများအား ဖိတ်ခေါ်အပ်ပါသည်။

ရက် – ၈-၆-၂၀၂၃ ရက် မှ ၁၀-၆-၂၀၂၃ ရက်
အချိန် – ၀၈:၀၀နာရီမှ ညနေ ၄:၀၀နာရီ
နေရာ – ပျဉ်းမနားစိုက်သိပ္ပံကျောင်း

ဆက်သွယ်ရန်ဖုန်း – ၀၉-၄၅၆၄၃၄၂၄၄

နေပြည်တော်တိုင်းသီးနှံကာကွယ်ရေးဌာနခွဲ

ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ကျွန်တော် ဦးအောင်ချစ် ၁၂/မဂတ(နိုင်)၀၁၀၁၅၆ မှ ရန်ကုန်မြို့၊ သဃ်န်းကျွန်းမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-ရန်ကုန်သစ်၊ မြေကွက်အမှတ် ၆၂၁၊ အိမ်အမှတ် ၂၊ အောင်ဇေယျ ၁ လမ်းရှိ (၅လွှာ၊ ခြေရင်း) ၁၉'x၅၄' တိုက်ခန်းအား ၎င်းအခန်းပိုင်ရှင် ဒေါ်ကေသီအေး ၁၂/ဒဂရ(နိုင်)၀၀၆၇၉၀ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုပါက ကျွန်တော်ထံ ပိုင်ဆိုင်မှုအထောက်အထားခိုင်လုံစွာဖြင့် ခုနစ်ရက်အတွင်း လာရောက် ကန့်ကွက်နိုင်ပါသည်။

ဦးအောင်ချစ်
ဖုန်း–၀၉-၄၄၅၄၀၂၀၀၂

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါက်တာဇော်ဝင်းလှိုင် ၁၂/သကတ(နိုင်) ၁၆၀၈၁၀ ၏ လွှဲအပ်ညွှန်ကြားချက်အရ ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန် ကြေညာအပ်သည်မှာ–

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၁၀/မြောက်ရပ်ကွက်၊ ရတနာပုံ (၁)လမ်း၊ တိုက်အမှတ်(၈၀)၊ အခန်းအမှတ်(၁၀၁)ပထမထပ်၊ ခေါင်းရင်းခန်း၊ အိုးအိမ်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အား မူလအမည်ပေါက်သူ ထံမှဦးဝင်းရွှေက ရန်ကုန်မြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ ပါဝါအမှတ် (၅၈၇၉)အရ အရောင်းအဝယ်စာချုပ်ဖြင့်ဝယ်ယူပိုင်ဆိုင်ကြောင်း၊ ၎င်းသာလျှင် လိုအပ်သလို စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ထုတ်ဖော်ဝန်ခံလျက် ရောင်းချရန် စကားကမ်းလှမ်းလာသည့်အပေါ် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူမှ သဘောရိုးဖြင့် ယုံကြည်ပါသောကြောင့် ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်ထားပြီး ဖြစ်ပါသည်။

ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း တရားဝင်ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ပြုလုပ်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဒေါ်ခင်ခက်ခက်နီလာခိုင်သဇင်မြင့်(LL.B)	**ဦးရဲမြင့်အောင်(LL.B)**
(စဉ်–၁၂၉၈၆/၂၀၁၇)	**(စဉ်–၄၁၇၀၃/၂၀၁၃)**
(တရားလွှတ်တော်ရှေ့နေ)	**ဒေါ်တင်ဇာမျိုး(LL.B)**
	(စဉ်–၄၅၂၆၅/၂၀၁၄)
	ဒေါ်လဲ့လဲ့ဝင်းထူး(LL.B)
	(စဉ်–၄၉၉၀၄/၂၀၁၈)
	(အထက်တန်းရှေ့နေများ)

အမှတ်(၈၉၉)၊မြင်တော်သာလမ်းမ ၊ ၄/မြောက်ရပ်ကွက်၊ သာကေတမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း– ၀၉-၄၂၀၀၈၀၅၁၂၊ ၀၉-၇၃၁၆၇၈၁၅

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် ၈၅၊ မြေကွက်အမှတ် ၁၂၉၊ အကျယ်အဝန်းဧရိယာ ပေ ၄၀ x ၆၀ ရှိ ဦးတင်ထွန်း ၁၂/သဃက(နိုင်)၀၉၄၁၆၀ အမည်ပေါက်ပါမစ်မြေ အမျိုးအစားမြေနှင့် ယင်းမြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဒေါ်ခင်ထွေး ၁၀/ကမရ(နိုင်)၀၁၆၈၅၇ ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီး ဖြစ်ပါသည်။ အဆိုပါ မြေကွက်နှင့် ပတ်သက်ပြီး ပိုင်ရေးဆိုင်ခွင့်ရှိပါကြောင်း ကန့်ကွက်လိုသူများရှိပါက ယနေ့ကြော်ငြာစာပါသည့်ရက်မှစ၍(၁၄)ရက်အတွင်း ပိုင်ဆိုင်မှုအထောက်အထားစာရွက်စာတမ်းမူရင်းများဖြင့် ကျွန်ုပ်တို့ထံသို့ ကိုယ်တိုင်ကိုယ်ကျ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် ပြည့်မြောက်သည်အထိ လာရောက်ကန့်ကွက်မှု တစ်စုံတစ်ရာ ပေါ်ပေါက်ခြင်းမရှိပါက အရောင်းအဝယ် အလွှဲအပြောင်းကို ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးမျိုးမြင့်အောင်	**ဦးအေးမင်းသူ**	**ဒေါ်လင်းလင်းကြည်**
စဉ်–၂၅၁၆၅	**စဉ်–၂၆၁၉၉**	**စဉ်– ၄၆၃၂၈**

အထက်တန်းရှေ့နေများ
အမှတ် – ၅၈/၆၀ (ပထမထပ်)၊ မဟာဗန္ဓုလပန်းခြံလမ်း၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း – ၀၉-၅၁၄၅၇၆၇၊ ၀၉-၄၂၀၀၂၈၃၆၆၊ ၀၉-၄၂၅၂၈၈၆၅၁

ဖခင်အမည်မှန်

ကချင်ပြည်နယ်၊ ရွှေကူမြို့၊ အထက(၁)တွင် ပညာသင်ကြားနေသော မဝိုင်းစုခိုင်ချစ် (Grade-11)၊ မောင်မင်းချစ်သူ (Grade-5)၊ မောင်သော်ဇင်ချစ်တို့၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းထွန်း ၁/ရကန(နိုင်)၀၃၀၆၇၉ ဖြစ်ပါကြောင်း။

ပျောက်ဆုံးကြောင်း

ဦးဝင်းမောင် (SKI-၀၀၁၆၆၉) ၏ စက်ခန်းအုပ်လက်မှတ် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉-၂၅၂၂၇၈၃၀၁

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 6R/ 7168 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွ နံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(သာယာဝတီ)

တစ်ဦးတည်းဖြစ်ပါကြောင်း

ရန်ကုန် တိုင်းဒေသကြီး၊ ပညာရေးမှူးရုံးမှ ယာဉ်မောင်း(၅) ဦးမင်းမင်းစိုး ၁၂/တတန (နိုင်) ၁၁၉၂၂၈ နှင့် ဦးမင်းစိုးသည် တစ်ဦးတည်း ဖြစ်ပါကြောင်း။

ဦးမင်းမင်းစိုး(ခ)ဦးမင်းစိုး

အမည်မှန်

ပဲခူး တိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်၊ အလက (ဒိုးတန်း)မှ လယ်/ပြ ဒေါ်နန်းလေးစံ(ဘ) ဦးမောင်သောင်း၏ အမည်မှန်မှာ ဒေါ်လေးစံ ဖြစ်ပါကြောင်း။

ဒေါ်လေးစံ

အမည်ပြောင်း

ပုသိမ်မြို့၊ သမ္မတ(၄)လမ်း၊ အမှတ် ၁၄၈ နေ ဦးထွန်းမျိုးအောင်၏သား Precious Educare Center Pathein Grade-8 တွင် ပညာသင်ကြားနေသော မောင်သုတအောင်အား မောင်သုတထွန်းဟု ပြောင်းလဲခေါ်ပါရန်။

မောင်သုတထွန်း

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9C/4433 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်မြောက်ပိုင်း)အင်းစိန်

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 9E/3196 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်မြောက်ပိုင်း)အင်းစိန်

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန စက်မှုတိုင်း(၂)၊ တောင်ငူမြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊ စက်မှုတိုင်း(၂)၊ တောင်ငူမြို့ရှိ မြေထိုးစက်၊ မြေတူးစက်၊ မြေသယ်စက်၊ ဝန်ချီစက်များ ပြုပြင်ရန်အတွက် လိုအပ်သော စက်အရန်ပစ္စည်း၊ စက်ဆီ၊ ချောဆီများနှင့် အလုပ်ရုံအဆောက်အဦပြုပြင်ခြင်း (၄၅ပေx၄၀ပေ) အတွက် ဆောက်လုပ်ရေး လုပ်ငန်းသုံးပစ္စည်းများနှင့် ဆက်စပ်ပစ္စည်းများကို လုပ်ငန်းခွင်အရောက် ဝယ်ယူခြင်း၊ လုပ်ငန်းအပ်နှံခြင်းများအတွက် မြန်မာငွေ(ကျပ်)ဖြင့် ဝယ်ယူလိုပါသည်။

၂။ အိတ်ဖွင့်တင်ဒါ ပိတ်ရက်မှာ ၂၀၂၃ ခုနှစ် ဇွန် ၁၄ ရက်ဖြစ်ပြီး ၊ ပိတ်ချိန်မှာ ၁၄:၀၀နာရီ ဖြစ်ပါသည်။

၃။ တင်ဒါပုံစံနှင့် အသေးစိတ်အချက်အလက်များကို ရုံးချိန်အတွင်း အောက်ပါဌာနတွင် လာရောက်စုံစမ်းနိုင်ပါသည်–

တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ
စက်မှုတိုင်း(၂)
ဆည်မြောင်းနှင့်ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန၊
စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန၊
တောင်ငူမြို့
ဖုန်း–၀၉–၈၉၈၁၁၀၀၅၇၊ ၀၉–၉၅၇၆၂၆၆၉၈

ရောင်းချမည့်အကြောင်းကြော်ငြာစာတွင်ပါရှိရန် အကြောင်းရာများကို စီစဉ်သတ်မှတ်ရန် ချိန်းဆိုသောနေ့ရက်ကို အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့်-၂၁၊ နည်းဥပဒေ-၆၆)

ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

၂၀၂၀ ပြည့်နှစ်၊ တရားမကြီးမှုအမှတ်-၇ နှင့်ဆက်နွယ်သည့်

၂၀၂၂ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၈

အာရှစီမ်းလန်းမှုဖွံ့ဖြိုးရေး ဘဏ်လီမိတက် IBD (HO)ဘဏ်ခွဲ (၎င်း၏ကိုယ်စား တာဝန်ပေးအပ်ခြင်းခံရသူ အထွေထွေမန်နေဂျာ ဒေါ်နုနုလွင်) **နှင့်** Intelmax Co.,Ltd

ဒီကရီအနိုင်ရသူ **တရားရှုံး**

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ဖဆပလ)ရပ်ကွက်၊ ဂျိုးဖြူလမ်း၊ အမှတ်(၂၀/၂၂)၊ မြေညီထပ် Unit–1 နေ တရားရှုံး Intelmax Co.,Ltd (ယခုလိပ်စာမသိ) သိစေရမည်။

အထက်ပါအမှုတွင် ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ရွှေနဂါးဆီစက်လမ်း၊ အမှတ်(၆၁)၊ အခန်းအမှတ်(၅၀၅)၊ (၆၀၅)၊ (၉၀၅)၊ (၁၀၀၅) ဟု ခေါ်တွင်သော တစ်ခန်းလျှင် အကျယ်(၁၆၅၀) စတုရန်းပေရှိ တိုက်ခန်း(၅)ခန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ကမာရွတ်မြို့နယ်၊ (၁)ရပ်ကွက်၊ ခိုင်ရွှေဝါလမ်း၊ အမှတ်(၃၄)၊ အခန်းအမှတ်(၆–စီ)ဟု ခေါ်တွင်သော အကျယ်(၁၀၁၂) စတုရန်းပေရှိ တိုက်ခန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ (ဖဆပလ)ရပ်ကွက်၊ ဂျိုးဖြူလမ်း၊ အမှတ်–(၂၀/၂၂)၊ အခန်းအမှတ် မြေညီထပ် Unit–1 ဟု ခေါ်တွင်သော အကျယ်(၂၂၃၇) စတုရန်းပေရှိ တိုက်ခန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ (၈) ရပ်ကွက်၊ ကုန်သည်လမ်း၊ အမှတ်–(၄၄၀/၄၄၂/၄၄၄/၄၄၆)၊ အခန်းအမှတ် PenthHouse(လက်ယာ)ဟုခေါ်တွင်သော အကျယ်(၂၅၂၀) စတုရန်းပေရှိ တိုက်ခန်း၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်–ရွှေနံ့သာစံပြ၊ အင်ကြင်းလမ်း၊ မြေကွက်အမှတ်(ခ) ဟု ခေါ်တွင်သော ဧရိယာ ၀ ဒသမ ၄၀၈ ဧက ရှိ နှစ်(၆၀)ဂရန်မြေ အမျိုးအစားမြေကွက်တို့ကို ရောင်းချပါမည့်အကြောင်း ဒီကရီရသူ အာရှစီမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ်လီမိတက် IBD (HO) ဘဏ်ခွဲ(၎င်း၏ကိုယ်စား တာဝန်ပေးအပ်ခြင်း ခံရသူ အထွေထွေမန်နေဂျာ ဒေါ်နုနုလွင်)က လျှောက်ထားသောကြောင့် ရောင်းချမည့်အကြောင်း ကြော်ငြာစာတွင်ပါရှိရန် အကြောင်းအရာများကို စီစဉ်သတ်မှတ်ရန် ၂၀၂၃ ခုနှစ် ဇွန် ၅ ရက် မွန်းမတည့်မီ ၁၀ နာရီတွင်ချိန်းဆိုပြီးဖြစ်ပါသည်။

၂၀၂၃ ခုနှစ် မေ ၂၅ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သီတာကျော်)
လက်ထောက်ညွှန်ကြားရေးမှူး
ရန်ကုန်တိုင်းဒေသကြီးတရားလွှတ်တော်

ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၁/ရေငယ်)၊ ကွင်း/အကွက်အမှတ်(၆၈၁/ခ၊ ရေငယ်တောင်ကွင်း)၊ မြေကွက်အမှတ်(287/411)၊ မြေဧရိယာ ၀ ဒသမ ၀၉၈ ဧကရှိမြေကွက်အား မြေငှားဂရန်(ဂရန်သစ်) လျှောက်ထားနိုင်ရေး ဒေါ်သန္တာထွန်း ၁၃/နစန(နိုင်)၀၀၈၅၅၈ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန
ပြင်ဦးလွင်မြို့

သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ အမှတ်(၈၀)(ခ)၊ လော်ကားလမ်းနေ ဦးမြစိုး ၁၄/မအပ(နိုင်)၁၄၀၇၄၈–ဒေါ်သီတာထွန်း ၁၄/မအပ(နိုင်) ၁၄၈၇၂၉ ၏သား မောင်ဝေဖြိုးအောင်(ခ)ဖိုးခွား ၁၂/ဒဂတ(နိုင်)၁၁၆၀၅၅ သည် မိဘ၏ဆိုဆုံးမမှုကိုမနာခံဘဲ ၎င်း၏သဘောဆန္ဒအလျောက် ပြုမူသွားပါသဖြင့် ယနေ့မှစ၍ သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်းနှင့် နောက်နောင် ၎င်းနှင့်ပတ်သက်သော ကိစ္စအဝဝကို တာဝန်ယူဖြေရှင်းပေးမည် မဟုတ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဖခင်–ဦးမြစိုး
မိခင်–ဒေါ်သီတာထွန်း

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ဆောက်လုပ်ရေးဝန်ကြီးဌာန တံတားဦးစီးဌာန တံတားပုံထုတ်ဌာနခွဲ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

တင်ဒါအမှတ် – DOB/ပုံထုတ်/၂၀၂၃–၂၀၂၄/၀၁

၁။ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားပုံထုတ်ဌာနခွဲမှ ၂၀၂၃–၂၀၂၄ ဘဏ္ဍာနှစ်အတွင်း ပြည်ထောင်စုငွေလုံးငွေရင်း မူလခွင့်ပြုရန်ပုံငွေမှ တိုင်းတာရေးလုပ်ငန်းသုံး Total Station Set & Accessories (Lot–1) နှင့် တံတားဒီဇိုင်းတွက်ချက်ခြင်း Midas Civil Software (Lot–2)တို့အား မြန်မာကျပ်ငွေဖြင့် အိတ်ဖွင့်တင်ဒါခေါ်ယူမည်ဖြစ်ပါ၍ မြန်မာနိုင်ငံသား/တိုင်းရင်းသားလုပ်ငန်းရှင် ကုမ္ပဏီများအား တင်ဒါတင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံများ ရောင်းချမည့်ရက်** – ၅–၆–၂၀၂၃ ရက် မှ ၁၆–၆–၂၀၂၃ ရက်အထိ (ရုံးချိန်အတွင်း)

၃။ **Pre–Bid Meeting ကျင်းပမည့်ရက်/နေရာ** – ၂၁–၆–၂၀၂၃ရက်၊ အစည်းအဝေးခန်းမ၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁၁)၊ နေပြည်တော်

၄။ **ပစ္စည်း၏Specification တင်ပြရမည့် နောက်ဆုံးရက်** – ၂၈–၆–၂၀၂၃ ရက်၊ ၁၅:၀၀နာရီ

၅။ **တင်ဒါဖွင့်ပွဲ ကျင်းပမည့် ရက်/အချိန်** – အသိပေးအကြောင်းကြားပါမည်။

၆။ **တင်ဒါဖွင့်ပွဲကျင်းပမည့် နေရာ** – အစည်းအဝေးခန်းမ ၊ တံတားဦးစီးဌာန၊ ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်

၇။ တင်ဒါနှင့်ပတ်သက်၍ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ဆောက်လုပ်ရေးဝန်ကြီးဌာန၊ တံတားဦးစီးဌာန၊ တံတားပုံထုတ်ဌာနခွဲ၊ ရုံးအမှတ်(၁၁)၊ နေပြည်တော်၊ ဖုန်း–၀၉–၅၀၀၅၃၄၁၊ ၀၉–၂၅၀၄၄၂၈၈၀ တို့သို့ ရုံးချိန်အတွင်း မေးမြန်းစုံစမ်းနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

မှတ်ချက်။ တင်ဒါပုံစံဝယ်ယူခြင်းကို ဆောက်လုပ်ရေးဝန်ကြီးဌာန၊ ရုံးအမှတ် (၁၁)၊ တံတားဦးစီးဌာနသို့ လူကိုယ်တိုင်ဖြစ်စေ၊ Online စနစ်ဖြင့် Mail Address: nptbridgedesign@gmail.com သို့ဖြစ်စေ ဝယ်ယူနိုင်ပြီး တင်ဒါလျှောက်လွှာပုံစံကြေးအား မြန်မာ့စီးပွားရေးဘဏ်(ရုံးချုပ်)၊ နေပြည်တော်ရှိ တံတားဦးစီးဌာန၏ MD–012939 သို့ ပေးသွင်းရမည် ဖြစ်ပါသည်။

တင်ဒါလက်ခံရေးနှင့် စိစစ်ရေးကော်မတီ

ကန့်ကွက်နိုင်ပါကြောင်း

ရခိုင်ပြည်နယ်၊ သံတွဲခရိုင်၊ တောင်ကုတ်မြို့၊ ကိုင်းရှည်ကျေးရွာအုပ်စု၊ ၁/ကိုင်းရှည်မြောက်ပိုင်းကွက်၊ ဦးပိုင်အမှတ် ၂၈၅၊ ဧရိယာ ၀ ဒသမ ၀၇၁၊ ဦးအောင်လင်းထွန်း အမည်ပေါက် မြေကွက်နှင့်ပတ်သက်၍ လက်ရှိပိုင်ဆိုင်သူ ဦးအောင်နိုင် ၁၁/တကန(နိုင်)၀၆၈၁၈၈ ထံမှ ဝယ်ယူရန် သဘောတူခဲ့ပြီး ၁၂–၃–၂၀၂၃ ရက်တွင် မြေကွက်တန်ဖိုး တစ်စိတ်တစ်ဒေသအား စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။

ယခုအခါ အဆိုပါမြေကွက်နှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ပိုင်ရေးဆိုင်ခွင့်ရှိသူမည်သူမဆို ခုနစ်ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း။

ဒေါ်မသိန်းကျန် ၁၁/ကဖန(နိုင်)၀၃၀၉၂၂
ဖုန်း–၀၉–၄၄၈၀၄၀၁၉၄

အများသိစေရန်အသိပေးကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ အင်းထိပ်ဦးကျေးရွာ၊ ဦးပိုင်အမှတ်(၂၈)၊ မြေအကျယ်အဝန်းပေ(၁၀၀x၁၀၀)ရှိမြေကွက်နှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးအား ၂၀၂၃ ခုနှစ် မေ ၂၃ ရက်စွဲပါ"နှစ်ဦးသဘောတူ အိမ်နှင့်မြေ အရောင်းအဝယ်ပဋိညာဉ်စာချုပ်" ချုပ်ဆို၍ ဒေါ်တင်မြတ်မွန် ၉/ခမစ(နိုင်)၀၁၆၉၅၈ ထံမှ ကျွန်မ ဒေါ်အိခိုင် ၁၂/ဥကတ(နိုင်)၁၆၂၂၅၈ က အပြီးအပိုင်ဝယ်ယူထားပြီး အဆိုပါမြေကွက်နှင့် အဆောက်အအုံအပါအဝင် မြေပေါ်မြေအောက် အကျိုးခံစားခွင့်များအား ကျွန်မ ဒေါ်အိခိုင်တစ်ဦးတည်း တရားဝင်ပိုင်ဆိုင်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဒေါ်အိခိုင် ၁၂/ဥကတ(နိုင်)၁၆၂၂၅၈
ရန်ကုန်မြို့
ဖုန်း–၀၉–၂၆၀၆၂၂၆၇၆

အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ မြင်းခြံမြို့၊ အမှတ် (၁၃)ရပ်ကွက်၊ ကွင်းအမှတ်(၃၁)၊ ဦးပိုင်အမှတ်(၃၅၁/က)၊ အရှေ့အနောက်(၄၅)ပေ၊ တောင်မြောက်ပေ(၁၃၀) အကျယ်အဝန်းရှိ မြေကွက်မှာ ဦးတင်ထွန်း အမည်ပေါက် ဂရန်မြေကွက်ဖြစ်ပါသည်။ အဆိုပါမြေကွက်နှင့် မြေကွက်ပေါ်ရှိ ပိုင်ဆိုင်အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိစာချုပ်အဆင့်ဆင့်ဖြင့် တရားဝင်လက်ရှိဝယ်ယူပိုင်ဆိုင်ထားသူဟု အဆိုရှိသူ ဦးစိုင်းအောင်ဝင်းမောင် ၁၂/လမန(နိုင်)၁၀၄၂၉၄၊ ဒေါ်စုစုကျော် ၉/မခန(နိုင်)၁၄၂၀၈၀ ဇနီးမောင်နှံထံမှ ကျွန်ုပ်၏မိတ်ဆွေက အဆုံးအပိုင် လက်ရောက်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေအချို့ပေးချေထားပြီး ဖြစ်ပါသည်။

အထက်ပါမြေကွက်နှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ ၁၄ ရက်အတွင်း ကျွန်ုပ်ထံသို့ဖြစ်စေ၊ ကျွန်ုပ်၏မိတ်ဆွေထံသို့ဖြစ်စေ စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့် လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်သည့်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အဆိုပါအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်အိအိသူ(LL.B) (D.B.L)
တရားလွှတ်တော်ရှေ့နေ
အကွက်(၂၂၀)၊ မရမ်းခြံရပ်၊ အောင်မြေသာစံမြို့နယ်၊ မန္တလေးမြို့
ဖုန်း–၀၉–၄၅၇၃၂၄၂၄၂

အသိပေးကြေညာချက်

SPRITE သည် The Coca-Cola Company (TCCC) မှ ပိုင်ဆိုင်သော အရသာရှိလှတဲ့ ရှောက်-သံပုရာသီး အနံ့အရသာနဲ့ ကြည်လင်သော အရောင်ရှိသည့် အချိုရည် အမှတ်တံဆိပ် ဖြစ်သည်။

TCCC သည် Sprite နှင့် Sprite ကဲ့သို့သော "SPRITE" (၄/၅၈၄၁/၂၀၁၂) [T/2021/020162] အမှတ်တံဆိပ်အား "အရက်မပါဝင်သော အဖျော်ရည်များ" အတွက် ကုန်ပစ္စည်းအမျိုးအစား ၃၂ အပါအဝင် ကုန်ပစ္စည်းအမျိုးအစားအမျိုးအမျိုးကို မြန်မာနိုင်ငံတွင် မှတ်ပုံတင်ထားရှိပြီးဖြစ်ကာ ကုန်အမှတ်တံဆိပ်သတိပေးကြေညာချက်များကို ပြည်တွင်းသတင်းစာများတွင် ပုံမှန် ထည့်သွင်း ကြေညာခဲ့ပါသည်။

မြန်မာပြည်တွင် SPRITE အား TCCC ၏ ခွင့်ပြုချက်ဖြင့်လုပ်ကိုင်ခွင့်ရရှိထားသည့် (under a license granted by TCCC) တရားဝင်ထုတ်လုပ်သူ ဖြစ်သော အမှတ် (၅၀)၊ မြို့ရှောင်လမ်း၊ မှော်ဘီမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံရှိ Coca-Cola Pinya Beverages Myanmar Limited တစ်ဦးတည်းမှ ထုတ်လုပ်ဖြန့်ဖြူးလျက်ရှိပါသည်။

အများပြည်သူများနှင့် ဈေးဝယ်သူများအနေဖြင့် SPRITE ကို မဝယ်ယူခင် အောက်ဖော်ပြပါဇယားတွင်ပါရှိသော ပုလင်းအကြည်၊ အဖုံးအစိမ်း၊ အင်္ဂလိပ်ဘာသာ၊ မြန်မာဘာသာတို့ဖြင့် ဖော်ပြထားသည့် ကုန်အညွှန်း အမှတ်အသား (label) နှင့် မြန်မာနိုင်ငံ အစားအသောက်နှင့် ဆေးဝါး ကွပ်ကဲရေးဦးစီးဌာန (FDA) ၏ ထောက်ခံချက်အမှတ် စသည့် ညွှန်းဆိုချက်တို့အား သတိပြုသင့်ပါသည်–

အဆိုပါအမှတ်တံဆိပ်အား ဆင်တူရိုးမှားပြုလုပ်ခြင်း၊ မရိုးမဖြောင့်သော သဘောအားဖြင့် ထင်ယောင်ထင်မှား ဖြစ်စေရန် ပြုလုပ်ခြင်း၊ ထိပါးချိုးဖောက်ခြင်း နှင့် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်ပိုင်ရှင်၏ ခွင့်ပြုချက်မရှိဘဲ သုံးစွဲခြင်းများ တွေ့ရှိပါက မြန်မာနိုင်ငံ တည်ဆဲဥပဒေများအရ အရေးယူ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးအပ်ပါသည်။

The Coca-Cola Company ၏လွှဲအပ်ညွှန်ကြားချက်အရ
ဦးမိုးမင်းသူ (LL.B, LL.M, M.Res)
တရားလွှတ်တော်ရှေ့နေ(စဉ် - ၁၅၅၄၅)
ဖုန်း-၉၅၁၃၇၁၃၈၅

ပျောက်ဆုံးကြောင်း

မနှင်းပိုးအိမ်အောင် (ဘ) ဦးအောင်အောင်ထွန်း ၉/ပဥလ (နိုင်)၁၀၇၆၈၉ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၅၂၀၀၃၅၇

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 72W/65345 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(မန္တလေးတောင်ပိုင်း)
မန္တလေးမြို့

ဖခင်အမည်မှန်

ကျောက်ဆည်မြို့၊ တောင်တော်(အမက) စတုတ္ထတန်း အောင်မြင်သူ မခက်ဖူးဝေ၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးမောင်နိုင် ၉/ကဆန(နိုင်)၁၂၂၆၄၆ ဖြစ်ပါကြောင်း။

ဦးမောင်နိုင် ၉/ကဆန(နိုင်)၁၂၂၆၄၆

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 9H/7521 Sino Truck Tractor Head (6x4)L ယာဉ်လက်ဝယ်ရှိသူ Civil Technics Myanmar Co.,Ltd က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 1E/6026 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊
ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3D/7173 Toyota Harrier (MCU10) S/W(4x2)R ယာဉ်လက်ဝယ်ရှိသူ ဦးသန့်ဇင်ဝင်း ၇/ရတရ(နိုင်)၁၀၇၅၁၉ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

အများသိစေရန်ကြေညာခြင်း

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ၈၃လမ်း၊ ၃၀လမ်းနှင့် ၃၁လမ်းကြားနေ ဦးအောင်ဇော်ဝင်း (ခ) မွဖ်သီအာရစ်ဖ် (မြစ်ငယ်ကျောင်းဆရာ) ၁၂/သကတ(နိုင်)၁၅၁၄၆၀၊ ဒေါ်နီနီဝင်း(ခ)ဒေါ်ဖဲရီဒါ ၁၂ /သကတ(နိုင်)၁၃၅၇၉၄ တို့၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒေါ်သိန်းတင်လမ်းတွင်ရှိသော (Olive Kabab House) စားသောက်ဆိုင်ပိုင်ရှင် ဦးအောင်ကျော်ဦး (ခ) ဟာရွန်ဘိုင်၏ ငွေကြေးဆိုင်ရာ အရှုပ်အရှင်းကိစ္စများသည် ကျွန်ုပ်၏မိတ်ဆွေများဖြစ်သော လွှဲအပ်ညွှန်ကြားကြေညာခိုင်းသူများနှင့် တစ်စုံတစ်ရာ ပတ်သက်ဆက်နွှယ်ခြင်း လုံးဝမရှိပါ။ ဦးအောင်ကျော်ဦး(ခ)ဟာရွန်ဘိုင် ကိစ္စများနှင့် ပတ်သက်၍ လုံးဝသက်ဆိုင်ခြင်းမရှိသည့် ကျွန်ုပ်၏ မိတ်ဆွေများဖြစ်သော မြစ်ငယ်ကျောင်းကြီး၏ စာချ ဆရာတော်တစ်ပါးဖြစ်သည့် ဆရာမွဖ်သီအာရစ်ဖ်နှင့် မိခင်ဒေါ်နီနီဝင်းတို့၏ ဓာတ်ပုံများပူးတွဲ၍ လူမှုကွန်ရက် စာမျက်နှာများ၊ ဆိုရှယ်မီဒီယာများတွင် ဖော်ပြခြင်းများ တွေ့ရှိခဲ့ပါသည်။ ထိုသို့ ရေးသားဖော်ပြချက်များကြောင့် ကျွန်ုပ်မိတ်ဆွေများ၏ ဂုဏ်သိက္ခာများစွာ ကျဆင်းစေခဲ့ရပါသည်။

ကျွန်ုပ်မိတ်ဆွေများ၏ ဂုဏ်သိက္ခာကျဆင်းစေမည့် ပြောဆိုရေးသားဖြန့်ဝေမှု တစ်စုံတစ်ရာ ထပ်မံ ပြုလုပ်ခဲ့ပါက ပြစ်မှုကြောင်းအရသော်လည်းကောင်း၊ တရားမကြောင်းအရသော်လည်းကောင်း တည်ဆဲဥပဒေနှင့်အညီ ပြင်းထန်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးထွန်းထွန်းမြင့်(LL.B,D.B.L)
တရားလွှတ်တော်ရှေ့နေ (စဉ်–၉၇၅၀)
အကွက် (၆၇၄)၊ ၇၅လမ်း၊ ၃၇လမ်းထောင့်၊ စကြာနွယ်စဉ်ရပ်ကွက်
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့
ဖုန်း – ၀၉–၄၃၀၉၉၃၈၀၊ ၀၉–၉၇၃၆၃၈၀၀၇

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၄)၊ သရဖီ(၄)လမ်း၊ မြေကွက်အမှတ်(၃၀၉)၊ အကျယ်အဝန်း(၄၀ပေ× ၆၀ပေ)(၀.၀၅၅ – ဧက)ရှိ ဦးဝင်းမြင့်(BR–၀၁၇၈၀၅)အမည်ပေါက်နှစ်(၆၀)ဂရန်မြေနှင့်အိမ်အကျိုးခံစားခွင့်အရပ်ရပ် အားလုံးတို့ကို သားသမီးများအဖြစ်အမွေဆက်ခံခွင့်ရကာ ရောင်းချပိုင်ခွင့်ရှိကြောင်းအဆိုပြုသူ ဦးမြတ်မိုးဝင်း(၁၂/ကမရ(နိုင်) ၀၃၀၁၅၀) နှင့် ဒေါ်တင်မြတ်နွယ် (၁၂/ကမရ(နိုင်) ၀၃၀၇၈၄) တို့ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ခင်စိုး (၇/လပတ(နိုင်)၁၂၇၇၀၁)က ဝယ်ယူရန်အတွက် စရံငွေများပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အားကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်းအထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍(၁၄)ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ပါသည်။ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ–

ဦးထိန်လင်းသန်း	ဒေါ်ပြည့်ပြည့်ဖြိုး
LL.B, D.B.L, D.I.L, D.M.L,	LL.B, D.B.L, D.I.P.L,
တရားလွှတ်တော်ရှေ့နေ (စဉ်–၈၈၈၂)	တရားလွှတ်တော်ရှေ့နေ (စဉ်–၁၄၂၀၄)

ဖုန်း – ၀၉၅၅၀၄၂၆၅ ၊ ၀၉၄၅၀၀၁၇၁၃၆ ၊ ၀၉၄၂၈၀၂၀၃၆၉ ၊ ၀၉၇၇၅၅၀၄၂၆၅

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 43W/24702 Kenbo 125 M/C ယာဉ်လက်ဝယ်ရှိသူ Aung Kanbo Co.,Ltd က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထား လာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံ/နောက်၊ အကွက်(၃၈၉)၊ နေပူရွာရပ်တွင် တည်ရှိသော ဦးပိုင်အမှတ်(၂၆/၃)၊ မြေရီယာ အရှေ့အနောက်(၂၁)ပေ၊ တောင်မြောက် (၆၀)ပေ အရှိအတိုင်း အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်အဆောက်အအုံ၊ ရေ+မီးအစုံ အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံအကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆိုပြုရောင်းချသူများဖြစ်သူ ဦးကျော်စိုး (ဘ)ဦးလှရွှေ ၉/မနတ(နိုင်)၀၃၅၂၂၈ နှင့် ဒေါ်ခင်ညို(ဘ)ဦးလှရွှေ ၉/မနတ(နိုင်)၀၄၂၄၁၁ ပါ မောင်နှမ (၇)ဦးတို့မှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်နော်လူးလူး(ဘ)ဦးတိမသေ ၁၂/ရပသ(နိုင်)၀၂၆၃၇၆ အား အပြီးအပိုင်လက်ရောက်လွှဲပြောင်းဝယ်ယူရန် အတွက် ရောင်းကြေးငွေများဖြစ်သော စရန်ငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ် ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–
ဦးဇော်မင်းဦး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၆၄၅)
အကွက်(၃၈၄)၊ အရာတော်ရပ်၊ သံ/နောက်၊
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့
ဖုန်း–၀၉–၉၁၀၁၃၈၄၀၊ ၀၉–၉၄၂၆၀၂၁၄၀

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 72W/65345 Jialing 90 M/C ယာဉ်လက်ဝယ်ရှိသူ Khwar Nyo Co.,Ltd က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ သံ/နောက်၊ အကွက်(၃၇၅)၊ လက်ပံရပ်တွင် တည်ရှိသော ဦးပိုင်အမှတ်(၂၅/ခ)၊ မြေရီယာ အရှေ့အနောက်(၁၉)ပေ၊ တောင်မြောက် (၂၁)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်အဆောက်အအုံ၊ ရေ+မီးအစုံ အပါအဝင် ပေါက်ရောက်သစ်ပင် ဝင်းခြံ အကာအရံနှင့်တကွ နေထိုင်ပိုင်ဆိုင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အဆိုပြုရောင်းချသူဖြစ်သူ ဒေါ်စိုးစိုးသန့် (ဘ) ဦးတင်သိန်း ၉/မနတ(နိုင်)၀၃၆၄၉၉ ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ရီရီမွန်မှ အပြီးအပိုင် လက်ရောက်လွှဲပြောင်း ဝယ်ယူရန်အတွက် ရောင်းကြေးငွေများ အနက်မှ စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

အဆိုပါ မြေကွက်၏ ပိုင်ဆိုင်မှုနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသည့် စာချုပ်စာတမ်းမူရင်းများဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက် အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးစီးသည့်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။

ဝယ်ယူသူ၏ လွှဲအပ်ချက်အရ–
ဦးဇော်မင်းဦး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၆၄၅)
အကွက်(၃၈၄)၊ အရာတော်ရပ်၊ သံ/နောက်၊
မဟာအောင်မြေမြို့နယ်၊ မန္တလေးမြို့
ဖုန်း–၀၉–၉၁၀၁၃၈၄၀၊ ၀၉–၉၄၂၆၀၂၁၄၀

မိခင်အမည်မှန်

မန္တလေးတိုင်းဒေသကြီး၊ အမရပူရမြို့နယ်၊ တလင်းကြီးကျေးရွာအုပ်စု၊ ဝဲကြီးဆင်ရွာ၊ တလင်းကြီး၊ အထက(ခွဲ)၊ Grade–10မှ မောင်သက်နောင်ဇော် နှင့် Grade–8 မှ မောင်ဟိန်းထက်ဇော်တို့၏ မိခင်အမည်မှန်မှာ နိုင်ငံသားစိစစ်ရေး ကတ်အရ ဒေါ်မာမာဝင်း ၉/အမရ(နိုင်)၁၁၂၉၆၁ ဖြစ်ပါကြောင်း။

ဒေါ်မာမာဝင်း

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံး ဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
မြစ်ကြီးနားမြို့နယ်တရားရုံးတော်
၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ်–၁၁

ဦးစိုင်းမြတ်သူ	နှင့်	ဒေါ်ခင်ခင်စိန်
(တရားလို)		(တရားပြိုင်)

ကချင်ပြည်နယ်၊ ဗန်းမော်မြို့၊ မြို့သစ်ရပ်ကွက်၊ ခမရ(၂၃၆) နေ တရားပြိုင်ဖြစ်သော ဒေါ်ခင်ခင်စိန် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ တရားလိုက "အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲ ပေးစေလိုမှု" လျှောက်ထားချက်ရှိသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပ ပြောဆိုနိုင်သူ သင့်ကိုယ်စားရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ၊ သို့မဟုတ် ၎င်းအမှုနှင့် စပ်လျဉ်းသည့်အချက်များကို ချေပပြောဆိုနိုင်သူတစ်ဦးတစ်ယောက်၊ ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ၊ ၂၀၂၃ခုနှစ် ဇွန် ၂၆ ရက်(၁၃၈၅ ခုနှစ်၊ ပထမဝါဆို လဆန်း ၉ ရက်) မွန်းမတည့်မီ ၁၀ နာရီအတွင်း အထက်ကအမည်ရေးသားပါရှိသူ တရားလိုစွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့်ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာ၌ ငြင်းချက်များကိုထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုကကြည့်ရှုလိုသည့် အမှုနှင့်သက်ဆိုင်သည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ လေးရက်အတွင်းက တင်သွင်းရမည်။

၂၀၂၃ ခုနှစ် မေ ၂၆ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ် ရေးထိုး ထုတ်ပေးလိုက်သည်။

(အားစီမီး)
တွဲဖက်မြို့နယ်တရားသူကြီး(၂)
မြစ်ကြီးနားမြို့နယ်တရားရုံး

အများသိစေရန်နှင့် ကန့်ကွက်နိုင်ကြောင်း ကြော်ငြာခြင်း

မြစ်ကြီးနားခရိုင်၊ မြစ်ကြီးနားမြို့၊ ရှမ်းစုမြောက်ရပ်ကွက်၊ ကွင်းအမှတ်(၂၇)၊ ဦးပိုင်အမှတ် (၁၅၃/၁)၊ မြေရီယာ ၀ ဒသမ ၀၄၁ဧကရှိ မြေကွက်သည် မူလက ဦးတင်မျိုးဝေ–ဒေါ်ခင်မာဆန်း(၂)ဦး အမည်ဖြင့် ခရိုင်အမှုတွဲအမှတ် ၅၁၈/V၂၀၁၇–၂၀၁၈ အရ (၇–၅–၂၀၄၉) ရက်ထိ နှစ်(၃၀)မြေငှား ဂရန်ရရှိခဲ့ပါသည်။ ဂရန်အမည်ပေါက်သူ ဦးတင်မျိုးဝေပါ (၂)ဦးက ၃–၃–၂၀၂၃ ရက်စွဲပါ မြို့နယ်စာချုပ်စာတမ်းမှတ်ပုံတင်အမှတ် (၉၁/၂၀၂၃) အရ ၎င်းတို့ပိုင်ဆိုင်သည့်ခြံမြေကွက်အား ဒေါ်ချောင်အွိုင်လင်း (ခ)မစိုးစိုးလှိုင် ၁၂/လမန(ဧည့်) ၀၀၀၄၇၃ ထံသို့ အပြီးအပိုင်ရောင်းချခဲ့ပါသည်။ ယခုအခါ ဒေါ်ချောင်အွိုင်လင်း(ခ)မစိုးစိုးလှိုင်အမည်ဖြင့် မြေငှားဂရန် (အမည်ပြောင်း) လျှောက်ထားလာပါသဖြင့် လျှောက်ထားမှုအပေါ် ကျိုးကြောင်းဖော်ပြချက်ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြသူမည်သူမဆို ယခုကြော်ငြာစာပါသည့်ရက်မှစ၍ (၁၅)ရက်ပြည့်မြောက်သည့်ရက်အထိ ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်သူမရှိပါက လျှောက်ထားမှုအား လုပ်ထုံးလုပ်နည်းညွှန်ကြားချက်များနှင့်အညီ ဆက်လက်ဆောင်ရွက် သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ကော်လိတ္တော်အရာရှိ
ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊
မြစ်ကြီးနားမြို့

ကန့်ကွက်နိုင်ကြောင်းအသိပေးကြေညာခြင်း

ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၈)၊ ကွင်း/အကွက်အမှတ်(၇/ပဒေသာ)၊ ဦးပိုင်အမှတ်(၁၈၃)၊ မြေရီယာ ၀ ဒသမ ၁၁၀ဧကရှိမြေကွက်အား မြေငှားဂရန် (ဂရန်သစ်) လျှောက်ထားနိုင်ရေး ဦးသိန်းထွန်း ၁၂/ပဘတ(နိုင်) ၀၀၃၁၉၆ မှ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် ကန့်ကွက်လိုသူများရှိပါက ပြင်ဦးလွင်ခရိုင်/မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးသို့ ကြော်ငြာပါသည့် ရက်မှစ၍ ၁၄ရက်အတွင်း မြေပိုင်ဆိုင်မှုအထောက်အထားပြည့်စုံစွာဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းကြေညာအပ်ပါသည်။

မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ပြင်ဦးလွင်မြို့

"အများသိစေရန် အသိပေးကြေညာခြင်း"

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ (၁၂)ရပ်ကွက်၊ ရေချမ်းအိုးကျေးရွာတွင် နေထိုင်သူ ဦးဝင်းမောင်(ဘ) ဦးရမ်ပရာဘတ်(ဒ်) ၉/မရမ(နိုင်)၀၇၀၇၄၁၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်–

ကျွန်ုပ်တို့၏ မိတ်ဆွေ ဦးဝင်းမောင်(ဘ)ဦးရမ်ပရာဘတ်(ဒ်) ၉/မရမ(နိုင်)၀၇၀၇၄၁သည် ဦးဟံဝင်းအောင် (ဘ) ဦးမောင်တင် ၉/နထက(နိုင်)၁၀၂၄၅၆ ထံမှ မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့၊ ရပ်ကွက်ကြီး(၁၁)၊ ရေငယ်ကျေးရွာ၊ ကွင်းအမှတ် (၆၈၁/၀)၊ ဦးပိုင်အမှတ်(N–9,N–10,N–14, N–15)၊ မြေရီယာ ၄၁ ဒသမ ၅၅ ဧကထဲမှ ဧက(၃၀)မှ ခွဲ၍ အကွက်အမှတ် (C–14,CC–14) ဧရိယာ (၄၀x၁၂၀)ပေ၊ (C–15,CC–15) ဧရိယာ (၄၀x၁၂၀)ပေ၊ (C–16, CC–16) ဧရိယာ (၄၀x၁၂၀)ပေ နှင့် (C–17,CC–17) ဧရိယာ (၄၀x၁၂၀)ပေ အကျယ်အဝန်းရှိ မြေကွက်များနှင့် မြေပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို အရပ်ကတိ အရောင်းအဝယ်စာချုပ်ဖြင့် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူ ဖြစ်ပါသည်။

ယနေ့အချိန်တွင် လက်ရှိပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်၊ စီမံခန့်ခွဲပိုင်ခွင့်ရှိသူ ဦးဝင်းမောင်မှ ပြန်လည် ရောင်းချမည်ဖြစ်ပါသဖြင့် အဆိုပါမြေကွက်များနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြေညာသည့်ရက်မှစ၍ (၇)ရက် အတွင်း ပိုင်ဆိုင်မှုစာချုပ်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက် တင်ပြကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်း အဝယ်ကိစ္စများကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဒေါ်သန္တာထွန်း (မဟာဥပဒေတွဲ့)
တရားလွှတ်တော်ရှေ့နေ(စဉ်–၁၀၇၈၁/၂၀၁၆)
၅၈–လမ်း၊ ၂၈ x၂၉လမ်းကြား၊
ယာဉ်ပျံရပ်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့
ဖုန်း–၀၉–၂၀၃၈၂၀၆

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပြင်ဦးလွင်မြို့နယ်၊ ရပ်ကွက်ကြီး (၁၂)၊ ရေချမ်းအိုးကျေးရွာ၊ ကွင်း/အကွက်အမှတ် (၆၇၅/ရေချမ်းအိုးမြောက်)၊ ဦးပိုင် အမှတ်(၁၄)၊ မြေရီယာ (၁၂၀x၅၀)ပေမှ ခွဲထွက်၍ မြေရီယာ (၃၀x၅၅)ပေရှိ အကွက်အမှတ် (ဃ) ဟုခေါ်တွင်သော မြေကွက်နှင့် ယင်းမြေပေါ်မြေအောက်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား ဒေါ်မြင့်မြင့်ထွေး ၉/အမဇ(နိုင်) ၀၃၅၄၀၉ မှ လက်ဝယ်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့် ရှိကြောင်း ဝန်ခံကတိပြု ပြောဆိုလာရာ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် ရောင်းကြေးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေ အဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ၎င်းခြံမြေ အရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိက ဤကြေညာပါသည့်ရက်မှစ၍ (၁၄) ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသောစာရွက်စာတမ်း အထောက် အထားမူရင်းများနှင့်တကွ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်အား ပြီးမြောက်အောင်မြင်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာ အပ်ပါသည် ။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်ထက်ထက်ပိုင် (LL.B)
အထက်တန်းရှေ့နေ (စဉ် – ၃၉၇၇၁)
အမှတ် (၃၁၇)၊ ရောဝတီလမ်း၊ ရပ်ကွက်ကြီး (၁၂)၊ ပြင်ဦးလွင်မြို့နယ်၊
မန္တလေးတိုင်းဒေသကြီး၊ ဖုန်း–၀၉–၄၂၅၂၆၁၂၃၅

ကန့်ကွက်နိုင်ပါသည်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးခရိုင်၊ ကလေးမြို့၊ တောင်ဇလပ်ရပ်ကွက်၊ ကွင်း/အကွက်အမှတ်(၉/တာဟန်း ရပ်ကွက်)၊ ဦးပိုင်အမှတ်(၆၇)၊ ဧရိယာ ၀ ဒသမ ၁၂၉ ဧကရှိ ဝင်းမြေအား ဦးလားလ်ထန်လျံနာ ၁၂/အစန(နိုင်)၀၀၂၆၆၆ သည် ၎င်းအမည်ပေါက် မြေငှားဂရန် အမည်ပြောင်း လျှောက်ထားမည် ဖြစ်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ ၁၀ရက်အတွင်း မှတ်ပုံတင်စာချုပ်စာတမ်းမူရင်းများဖြင့် ကန့်ကွက် လျှောက်ထားနိုင်ပါသည်။

ဦးလားလ်ထန်လျံနာ ၁၂/အစန(နိုင်)၀၀၂၆၆၆
တောင်ဇလပ်ရပ်ကွက်၊ ကလေးမြို့
ဖုန်း–၀၉–၂၅၈၁၁၆၉၄၇

ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျားကွက်သစ်ရပ်ကွက်၊ သတိပဋ္ဌာန်လမ်း၊ အမှတ် ၅၀(၈ လွှာ)၊ ခေါင်းရင်းခန်းဟုခေါ်တွင်သည့်တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်ကို တရားဝင်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသည်ဆိုသူ ဒေါ်မော်မော်စိုး(ခ)ဒေါ်သန်းသန်းစိုး ၁၂/ကမရ(နိုင်)၀၀၆၃၉၈ ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးတင်မောင်မြင့်(ခ)ဦးစိန်မောင်ဦး ၁၃/တကန(နိုင်)၀၂၄၂၉၃ က ဝယ်ယူရန် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။

သို့ဖြစ်ပါ၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသည့်မူရင်းစာရွက်စာတမ်းအထောက်အထားများနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း တစ်စုံတစ်ရာ ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးပြတ်အောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးမင်းသိန်းဇော်(LL.B,D.B.L)	ဒေါ်တင်ဇာကျော်(LL.B,D.B.L,D.M.L)
တရားလွှတ်တော်ရှေ့နေ	တရားလွှတ်တော်ရှေ့နေ
(စဉ်–၁၀၉၄၂/၃၀–၆–၂၀၁၆)	(စဉ်–၁၆၂၀၉/၁၉–၁၁–၂၀၁၉)

အမှတ်(၁)၊ စံပြ(၂)လမ်း၊ ကြံခင်းစုရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊
ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း–၀၉–၄၂၅၀၂၆၈၂၅၊ ၀၉–၉၇၃၃၁၄၆၀၉

ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၅/တပင်ရွှေထီးရပ်၊ တပင်ရွှေထီးရပ်ကွက်ရှိ တပ်ကြပ်ကြီး အောင်နေဝင်း (ကိုယ်ပိုင်အမှတ် ၆၉၄၇၈၂) (ဘ) ဦးအောင်ဝင်း အမည်ပေါက် ပါမစ်မြေကွက်အမှတ် ပစ(င) ၄၀၇၇ အမည်ပေါက်(ကွယ်လွန်)၏ တရားဝင်အမွေခံဇနီးဖြစ်သူ ဒေါ်အေးအေးသင်း ၁၀/သထန(နိုင်)၁၄၃၅၂၂ (ဘ) ဦးစံရွှေမှ တရားဝင်အမွေခံဖြစ်ကြောင်း တရားရုံး ကျမ်းကျိန်ဆိုချက်မူရင်း၊ မြေကွက်ဖိုးပေးသွင်းချလန်မိတ္တူ၊ တပ်ကြပ်ကြီး အောင်နေဝင်း သေဆုံးခြင်းလက်မှတ်မိတ္တူ၊ မြေကွက်ပေါ်ရှိ အဆောက်အအုံပုံများ တင်ပြပြီး ၎င်း၏အမည်ဖြင့် မြေငှားစာချုပ် ချထားပေးပါရန် လျှောက်ထား လာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာ တင်ပြ၍ နေပြည်တော် စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ရက်အတွင်း လာရောက်ကန့်ကွက် နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံး လုပ်နည်းများနှင့်အညီ မြေငှားစာချုပ်လျှောက်ထားလာမှုအား ဆက်လက် ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4L/2730 Suzuki Carry DA63T p/u(4x4)R ယာဉ် လက်ဝယ်ရှိသူ ဒေါ်ဝင်းမာဦး ၈/ပခက (နိုင်)၁၉၁၅၅၅က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 71W/82070 Yamaha FZ 150 ယာဉ်လက်ဝယ်ရှိသူ ဦးနိုင် ၉/လဝန(နိုင်)၁၇၄၁၁၄ က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင်လုံသောအထောက်အထား များဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

ကညန၊နေပြည်တော်ရုံး

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်မှ အကြွေးဝယ်ကတ် (Visa Credit Card) ၏ ချေးငွေပေးသွင်းရန် ကျန်ရှိသူများအား သိရှိစေရန်ကြော်ငြာခြင်း

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်မှ အကြွေးဝယ်ကတ်အား ကိုင်ဆောင်အသုံးပြုသူကတ်ပိုင်ရှင်များအနက်မှ ချေးငွေပြန်လည်ပေးဆပ်ရန် ပျက်ကွက်လျက်ရှိသူများအား အသိပေးအကြောင်းကြားအပ်ပါသည်။

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်၏ Visa Credit Card ဝန်ဆောင်မှုကို အသုံးပြုခွင့်ရရှိသူများအနက်မှ အချို့သောကတ်ပိုင်ရှင်များသည် ၎င်းတို့၏ Visa Credit Card ချေးငွေကိုအသုံးပြုထားပြီး ပြန်လည်ပေးသွင်းရန် သတ်မှတ်ထားသောရက်များတွင် ပြန်လည်ပေးဆပ်ခြင်းမပြုဘဲ ပေးသွင်းရန် ပျက်ကွက်လျက်ရှိနေပါသည်။

အဆိုပါ Credit Card ချေးငွေပေးသွင်းရန် ပျက်ကွက်လျက်ရှိသော ကတ်ပိုင်ရှင်များအနေဖြင့် ဤကြော်ငြာချက်စာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (ရုံးချုပ်)သို့ ချေးငွေပြန်လည်ပေးသွင်းရန်အတွက် လာရောက်ညှိနှိုင်းဆွေးနွေး ပါရန်နှင့် ဆက်သွယ်ရန်ပျက်ကွက်သူများအား တရားဥပဒေကြောင်းအရ ဆက်လက်အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

Credit Department

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေးဘဏ် အများနှင့်သက်ဆိုင်သောကုမ္ပဏီလီမိတက်
အမှတ်(၇၃,၇၅)၊ ဆူးလေဘုရားလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း-၀၁-၈၃၇၈၅၁၇ လိုင်းခွဲအမှတ် - ၇၀၇၄၊ ၇၀၇၁၊ ၇၁၀၆

ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

(တရားမကျင့်ထုံးဥပဒေအမိန့် - ၂၁၊ နည်းဥပဒေ-၂၂)

မဟာအောင်မြေခရိုင်တရားရုံးတော်

၂၀၂၂ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၃၃၃ နှင့် ဆက်နွှယ်သည့်
၂၀၂၃ ခုနှစ်၊ တရားမဇာရီမှုအမှတ် - ၄၂

ဒေါ်ငွေငွေ	နှင့်	၁။ ဦးအောင်မျိုးမြင့်(ခ)မျိုးမြင့်
		၂။ ဒေါ်သန်းသန်းငွေ
		၃။ ဒေါ်နေခြည်နွေးနွေးအောင်
		၄။ ဒေါ်စိုးစန္ဒာကျော်
		၅။ ဒေါ်အိသန္တာကျော်
ဒီကရီအနိုင်ရသူ		**တရားရှုံးများ**

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ကံသာယာရပ်၊ ၅၆x၅၇ လမ်းကြား၊ အကွက်အမှတ်(ခခ-၄)၊ ဦးပိုင်အမှတ်(၅)နေ ၁။ ဦးအောင်မျိုးမြင့်(ခ)မျိုးမြင့်၊ ၂။ ဒေါ်သန်းသန်းငွေ၊ ၃။ ဒေါ်နေခြည်နွေးနွေးအောင်၊ ၄။ ဒေါ်စိုးစန္ဒာကျော်၊ ၅။ ဒေါ်အိသန္တာကျော် (အတူနေမိသားစုများ) (ယခုနေရပ်လိပ်စာမသိသူများ) သိစေရမည်။

မဟာအောင်မြေခရိုင်တရားရုံး၊ ၂၀၂၂ ခုနှစ် တရားမကြီးမှုအမှတ်- ၃၃၃ တွင် ကျရှိသည့် ဒီကရီကိုအတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့် အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ၊ ၂၀၂၃ ခုနှစ် ဇူလိုင် ၃ ရက် (၁၃၈၅ ခုနှစ် ပထမဝါဆိုလပြည့်ကျော် ၁ ရက်) မွန်းမတည့်မီ ၁၀:၀၀ နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၃ ခုနှစ် မေ ၂၆ ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

(သူရသွင်)
တွဲဖက်ခရိုင်တရားသူကြီး(၂)
မဟာအောင်မြေခရိုင်တရားရုံး

အထူးကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ကြေညာချက်ပါကိစ္စနှင့်ပတ်သက်၍ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ရွှေကြာပင်ရပ်ကွက်၊ နှင်းဆီလမ်း၊ အမှတ်(၃၄၅)နေထိုင်သူ ဦးမြင့်ငွေ(ဘ)ဦးဖဲ ၈/မမန(နိုင်)၁၂၅၈၃၂ ၏ လွှဲအပ်ညွှန်ကြားချက်အရ ၁၅-၉-၂၀၂၂ ရက်စွဲပါ စာချုပ်အမှတ် ၄၄၆၈/၂၀၂၂ ဖြင့် ဦးမြင့်ငွေမှ ဒေါ်ခိုင်ခိုင်ဇော် (ဘ)ဦးတင်စိုးဟန် ၁၃/ညရန(နိုင်)၀၈၇၇၅၇ အား လွှဲအပ်ပေးထားသည့် အထူးကိုယ်စားလှယ်လွှဲစာပါဝါလွှဲအပ်ထားခြင်းအား ယနေ့ ဤကြေညာချက်ပါသည့်ရက်မှစ၍ အလုံးစုံရုပ်သိမ်းလိုက်ကြောင်းနှင့် ကန့်ကွက်မည့်သူရှိပါက အထောက်အထားခိုင်လုံစွာဖြင့် (၇)ရက်အတွင်း ကန့်ကွက်နိုင်ကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးမြင့်ထူးအောင် (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၀၅၅)
အမှတ်(၇/၁၈၈)၊ ဒေါနလမ်း၊ ပန်းခင်း(၂)၊ ရွာကောက်ရပ်ကွက်၊ ပျဉ်းမနားမြို့
ဖုန်း-၀၉-၄၂၀၇၅၉၄၄၁

အထွေထွေကိုယ်စားလှယ်လွှဲစာရုပ်သိမ်းကြောင်း အများသိစေရန်ကြေညာခြင်း

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(မ-၅၁/၈)နေ ဒေါ်နော်ဖောလီ(ခ)ဒေါ်နော်လီလီ ၁၃/တကန(နိုင်)၀၁၀၄၉၈ ၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

တောင်ကြီးမြို့၊ ရေအေးကွင်းရပ်၊ သီရိမင်္ဂလာလမ်း၊ အမှတ်(မ-၅၁/၈)နေ ဒေါ်နော်ဖောလီ(ခ)ဒေါ်နော်လီလီ (ဘ)ဦးစောဝေလ်ဘာ ၁၃/တကန(နိုင်)၀၁၀၄၉၈ မှ တောင်ကြီးမြို့၊ ပြည်တော်သာရပ်ကွက်၊ ကြံ့ခိုင်ရေးလမ်း၊ အမှတ်(ပ/၂၇)နေ ဦးစိုင်းဝမ်းတိုင်း (ဘ)ဦးဂျော်ရီကု ၁၃/တကန(နိုင်)၁၄၄၂၅၂ အား ၂၃-၁၁-၂၀၂၂ ရက်တွင် တောင်ကြီးမြို့ စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၌ အထွေထွေကိုယ်စားလှယ်လွှဲစာအမှတ် ၅၅၂/၂၀၂၂ ဖြင့် လွှဲအပ်ခဲ့ပါသည်။ ယခုအခါ အဆိုပါအထွေထွေကိုယ်စားလှယ်လွှဲစာအား ဤကြေညာပါသည့်ရက်မှစ၍ ရုပ်သိမ်းလိုက်ပြီဖြစ်ကြောင်း ဦးစိုင်းဝမ်းတိုင်းနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးသော်ဝင်းနိုင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၅၁၆/၂၀၁၈)
ဝမ-၄၇၊ မဟာစည်လမ်း၊ နယ်မြေ ၆၊ ကျောင်းကြီးစုရပ်ကွက်၊ တောင်ကြီးမြို့

အများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ငွေတောင်ကျေးရွာနေ ဦးမြင့်ခင်(ဘ)ဦးချစ်ခင် ၉/ပသက(နိုင်)၀၃၇၅၉၂ မှ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်။ မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ငွေတောင်ကျေးရွာအုပ်စု၊ ကွင်းအမှတ် (၅၂၂/က)၊ ဦးပိုင်အမှတ်-၆၉၊ ဧရိယာ ၁ ဒသမ ၃၅ ဧကရှိ လယ်ယာမြေအား ကျွန်တော်ဦးမြင့်ခင် လက်ရှိလက်ငုတ် တစ်ဆက်တည်း ယနေ့အချိန်ထိ စိုက်ပျိုးလုပ်ကိုင်နေသော လယ်ယာမြေဖြစ်ပါသည်။ အထက်ပါလယ်ယာမြေအား လက်ရှိထားစိုက်ပျိုးလုပ်ကိုင်နေသူ ကျွန်တော်ဦးမြင့်ခင် သိရှိခြင်းမရှိဘဲ အခြားနည်းလွှဲပြောင်းခြင်း၊ ရောင်းဝယ်ခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းစွန့်လွှတ်လှူဒါန်းခြင်းများ မပြုလုပ်ရန် အများသိစေရန် ကြေညာအပ်ပါသည်။

ဦးမြင့်ခင်(ဘ) ဦးချစ်ခင် ၉/ပသက(နိုင်)၀၃၇၅၉၂
ငွေတောင်ကျေးရွာ၊ ပုသိမ်ကြီးမြို့နယ်

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 70W/94917 Honda Click 125 ယာဉ်လက်ဝယ်ရှိသူ ဦးအေးချမ်းကိုကို ၁၄/ဟသတ(နိုင်)၂၅၆၄၄၈ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(ဟင်္သာတ)

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၆)ရပ်ကွက်၊ ဘောက်ထော်၊ ပြည်သာယာလမ်း၊ နှင်းကြာဖြူကွန်ဒို၊ အမှတ်(၅၇)ဟုခေါ်တွင်သော (၄)ခန်းတွဲ (၇)ထပ်တိုက်၏ ၅-လွှာ / ထောင့်ခန်း(တိုက်ရှေ့မျက်နှာမူလျှင် ညာဘက်)၊ အကျယ်အဝန်း(၂၂ပေx၄၄ပေ)ရှိ Lift ပါကွန်ဒိုတိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့်ကွန်ဒိုတိုက်ခန်းကိုအရပ်ကတိစာချုပ်အဆက်ဆက်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက်ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူ ဒေါ်နန်းကလျာဇော် ၁၂/ဗဟန(နိုင်)၀၈၄၃၅၈ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ယဉ်ယဉ်ဖြူ ၁၂/ဒဂမ(နိုင်)၀၂၃၅၃၄ က စရန်ငွေပေးချေထားပြီး ဖြစ်ပါသည်။ ၎င်းနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ဤကြေညာပါ ကျွန်ုပ်တို့ရုံးခန်းသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုပေါ်ပေါက်ခြင်းမရှိပါက အဆိုပါကွန်ဒိုတိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဦးဘူမောင် (LL.B) (စဉ် - ၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင် (LL.B) (စဉ်-၄၈၄၃၁)
အထက်တန်းရှေ့နေများ
အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း- ၀၉- ၅၁၁၈၀၀၇၊ ၀၉- ၅၁၁၅၉၉၀၊ ၀၉- ၅၁၈၃၅၆၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာခြင်း

နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်မြို့မဈေး၊ ပွဲရုံဆိုင်ခန်း အမှတ်(ပ-၆) ဆိုင်ခန်းအား နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ ဂန္ဓမာ(၉)လမ်း၊ အမှတ်(S-၀၂၀)နေ ဦးအေးမြင့် ၉/ပမန(နိုင်)၁၂၄၁၀၂ အမည်ပေါက် ပိုင်ဆိုင်ပြီး (ခင်ပွန်းဖြစ်သူ ကွယ်လွန်သွားပါသဖြင့်) ဇနီးဖြစ်သူ နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ သပြေကုန်းရပ်ကွက်၊ဂန္ဓမာ(၉)လမ်း၊ အမှတ်(S-၀၂၀)နေ ဒေါ်ညွန့်ကြည် ၉/ပမန(နိုင်)၀၂၆၂၄၂ သို့ အခွန်ထမ်းအမည် ပြောင်းလဲပေးပါရန် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ဤကြော်ငြာစာပါသည့်ရက်မှ (၁၄)ရက်အတွင်း အထောက်အထားအပြည့်အစုံဖြင့် ဈေးများဌာန၊ နေပြည်တော် စည်ပင်သာယာရေးကော်မတီသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ရုံးလုပ်ငန်းကိစ္စရပ်များကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

ဈေးများဌာန
နေပြည်တော်စည်ပင်သာယာရေးကော်မတီ

မသက်ဆိုင်တော့ကြောင်းကြေညာခြင်း

ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၉/A)ရပ်ကွက်၊ ဗိုလ်ဆွန်ပတ်လမ်း၊ အမှတ်(၅၉၀)နေထိုင်သူ ကျွန်တော် ဦးစိုင်ခွန်မွန်း ၁၂/ကမရ(နိုင်)၀၁၃၇၇၇ ၏ဇနီးဖြစ်သူ ဒေါ်နှင်းနှင်းမော် ၁၃/ကမန(နိုင်)၁၃၀၆၆၆ သည် ၂၃-၄-၂၀၁၆ ရက်ကတည်းက နေအိမ်မှဆင်းသွားခဲ့သဖြင့် ယနေ့အချိန်ထိ လင်မယားအဖြစ် ဆက်လက်ပေါင်းသင်းခြင်းမရှိပါကြောင်းနှင့် ကျွန်တော် ဦးစိုင်ခွန်မွန်းနှင့် ဒေါ်နှင်းနှင်းမော်သည် လင်မယားအဖြစ် မသက်ဆိုင်တော့ပါကြောင်း ကြေညာအပ်ပါသည်။

ဦးစိုင်ခွန်မွန်း ၁၂/ကမရ(နိုင်)၀၁၃၇၇၇

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၄ယ/၄၁၅၄၇ ယာဉ်လက်ဝယ်ရှိသူ ဦးမျိုးအောင်စိုး ၁၂/မဂတ(နိုင်)၀၀၀၃၄၇ က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ် ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါ ရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက် နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

"ကန့်ကွက်နိုင်ကြောင်း အများသိစေရန် အသိပေးကြေညာခြင်း"

နေပြည်တော်၊ ဒက္ခိဏသီရိမြို့ ၁၂/ရွှေအင်ကြင်းအနောက်ရပ်ရှိ အလျား(၆၀)ပေxအနံ(၆၀)ပေ၊ ဧရိယာ ၀ ဒသမ ၀၈၂ ဧကကျယ်ဝန်းသော မြေကွက်အမှတ်(ဒ-၄၆၀၂)သည် နေပြည်တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနမှ ဦးညီညီလတ်(ဘ)ဦးမောင်လင်း ၁၀/သထန(နိုင်)၀၈၉၆၇၆ အမည်ဖြင့် နှစ်(၃၀)မြေငှားစာချုပ် ချထားပေးသော မြေကွက်ဖြစ်ပြီး အဆိုပါမြေကွက်အား ဆက်စပ်စာချုပ်များဖြင့် စာချုပ်ချုပ်ဆို ဝယ်ယူလက်ရှိထား ပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဇော်ဝင်းလှိုင်(ဘ)ဦးသန်းလှိုင် ၉/လဝန(နိုင်)၁၉၂၄၀၅ ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဦးဖြိုးဝေထွန်း(ဘ)ဦးတင်ထွန်း ၁၂/စခန(နိုင်)၀၅၆၁၀၈ က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ ခိုင်လုံသော စာရွက်စာတမ်းအထောက်အထားမူရင်းများပြသ၍ ကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်စေ့ကုန်သည်အထိ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ အပြီးအပြတ် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဦးဖြိုးဝေထွန်း(ဘ)ဦးတင်ထွန်း ၁၂/စခန(နိုင်)၀၅၆၁၀၈၏လွှဲအပ်ချက်အရ-
ဦးမင်းစိုး(LL.B) (တရားလွှတ်တော်ရှေ့နေ)(စဉ်-၁၅၂၄၁)
အောင်မင်္ဂလာ(၂)လမ်း၊ ပျဉ်းမနားမြို့
ဖုန်း - ၀၉-၄၃၀၂၀၂၉၁၊ ၀၉-၉၄၃၀၂၀၂၉၁

လုပ်ငန်းတံဆိပ်အမည်အမှတ်အသားကို မိမိလုပ်ငန်းတွင် ရိုက်နှိပ်တပ်ဆင် အသုံးပြုသွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာခြင်း

နေပြည်တော်၊ ပျဉ်းမနားခရိုင်၊ ပျဉ်းမနားမြို့နယ်၊ ကံဦးအုပ်စု၊ သပြေလှရပ်ကွက်နေ ဒေါ်ငွေငွေ ၇/ရတရ(နိုင်)၀၀၀၂၀၅ မှ ၎င်း၏ ROရေသန့် ရေခဲထုတ်လုပ်ဖြန့်ဖြူးရေးလုပ်ငန်းအား မြန်မာနိုင်ငံ အနယ်နယ်အရပ်ရပ်သို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါသည်။ ထိုကဲ့သို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချရာတွင် အောက်ဖော်ပြပါ လုပ်ငန်းတံဆိပ်အမည် အမှတ်အသားအား တရားဝင်အတည်ပြုနိုင်ရေး ဥပဒေနှင့်အညီ မှတ်ပုံတင်သွင်းသွားမည်ဖြစ်ပါသည်။ အဆိုပါတံဆိပ်အမှတ်အသားအား ကန့်ကွက်လိုသည့် လုပ်ငန်းတူမည်သူမဆို ကျွန်ုပ်မိတ်ဆွေဖြစ်သူဒေါ်ငွေငွေထံသို့လည်းကောင်း၊ ကျွန်ုပ်ထံသို့လည်းကောင်း ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင်ဖြစ်စေ၊ ဖုန်းဖြင့်ဖြစ်စေ ဆက်သွယ်၍ ကန့်ကွက်နိုင်ပါသည်။ အကယ်၍ ထိုသတ်မှတ်ရက် ခုနစ်ရက်အတွင်း ကန့်ကွက်မည့်သူ တစ်ဦးတစ်ယောက်မျှမရှိပါက အောက်ဖော်ပြပါ လုပ်ငန်းအမှတ်တံဆိပ် အမှတ်အသားအား အသုံးပြု၍ မြန်မာနိုင်ငံတစ်ဝန်းဒေသအနှံ့အပြားသို့ ထုတ်လုပ်ဖြန့်ဖြူးရောင်းချသွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေး ကြေညာအပ်ပါသည်။ လုပ်ငန်းတံဆိပ်အမည်အမှတ်အသားအဖြစ် ကပ်နှိပ်ထုတ်လုပ်သွားမည့် လုပ်ငန်းတံဆိပ်အမှတ်အသားနမူနာမှာ အောက်ဖော်ပြပါ တံဆိပ်အမှတ်အသား ဖြစ်ပါသည်-

ငွေမိုးသီး

ဒေါ်ငွေငွေ(ဖုန်း-၀၉-၅၀၄၈၀၅၂) ၏ လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်စိမ့်သွယ်ခိုင်(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၇၀၉၀)
အောင်ဇမ္ဗူနယ်မြေ(၁၁)၊ အောင်ချမ်းသာရပ်ကွက်
ဖုန်း-၀၉-၉၅၃၁၁၈၆၁၀

အများသိစေရန် ကြေညာခြင်း

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ စံပြကွက်သစ်၊ ၃၅လမ်း၊ ၆၈x၆၉ လမ်းကြား၊ အကွက်အမှတ်(၃၉/၁၀)၊ ဧရိယာ(၄၀x၆၀)ပေ အကျယ်အဝန်းရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ(၂)ထပ် အဆောက်အအုံ (ရေ+မီး)အပါအဝင် နေထိုင်ပိုင်ဆိုင်အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့သည် ဦးမြင့်ဆွေ၊ ဒေါ်သိန်းသိန်းဆွေတို့မှ ပိုင်ဆိုင်သော ပစ္စည်းရပ်များဖြစ်ပါသည်။ ဦးမြင့်ဆွေနှင့် ဒေါ်သိန်းသိန်းဆွေတို့မှ သားသမီး(၇)ဦး မွေးဖွားခဲ့ပါသည်။ ၎င်းတို့မှာ ဦးမြင့်သိန်းဦး၊ ဒေါ်ငွေငွေသိန်း၊ ဒေါ်အေးအေးသိန်း(ကွယ်လွန်)၊ ဒေါ်မြင့်မြင့်သိန်း၊ ဦးမြင့်သိန်းအောင်(ကွယ်လွန်)၊ ဦးမြင့်သိန်းထွန်း(ကွယ်လွန်)၊ ဒေါ်ခင်သီတာဆွေ(ကွယ်လွန်) တို့ဖြစ်ပါသည်။ ဖခင်ဖြစ်သူ ဦးမြင့်ဆွေသည် လွန်ခဲ့သော(၂၅)နှစ်ခန့်ကလည်းကောင်း၊ မိခင်ဒေါ်သိန်းသိန်းဆွေသည် လွန်ခဲ့သော(၁၀)နှစ်ခန့်ကလည်းကောင်း အသီးသီး ကွယ်လွန်သွားသောအခါ အထက်ဖော်ပြပါ ပစ္စည်းရပ်များမှာ အမွေဆိုင်ပစ္စည်းအဖြစ် ကျန်ရစ်ခဲ့ပါသည်။ သို့ပါ၍ (ကွယ်လွန်သူ) ဦးမြင့်သိန်းအောင်၏ သမီးဖြစ်သော အမွေဆက်ခံခွင့်ရှိသူ ဒေါ်နှင်းရွှေရည် (ဘ) ၉/ခမစ(နိုင်)၀၇၇၁၁၅ ကိုင်ဆောင်သူ သိရှိခြင်းမရှိဘဲ အထက်ဖော်ပြပါ မြေကွက်နှင့် အဆောက်အအုံတို့အား ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ အခြားတစ်နည်းနည်းဖြင့် လွှဲပြောင်း ခြင်း မပြုလုပ်ပါရန်နှင့် အကယ်၍ ပြုလုပ်ခဲ့ပါက ပြုလုပ်သူ၏တာဝန်သာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်နှင်းရွှေရည်၏ လွှဲအပ်ညွှန်ကြားချက်အရ -
ဒေါ်သီတာမိုး (LL.B, D.B.L, D.I.L) (စဉ်-၁၃၆၅၁)
တရားလွှတ်တော်ရှေ့နေ
အမှတ်(၆/၇၆)၊ အကွက်(၆)၊ ၅၂x၅၃လမ်းကြား၊ ၁၀၃လမ်း၊
အောင်ပင်လယ်ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးမြို့
ဖုန်း-၀၉-၈၉၁၃၃၉၆၀၀၊ ၀၉-၆၂၂၆၁၈၁၁၃

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၃၂ယ/၂၄၆၄၁ ယာဉ်လက်ဝယ်ရှိသူ ဦးထက်လင်းအောင် ၁၀/မလမ (နိုင်)၂၅၈၃၁၂ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ပြည်နယ်ဦးစီးမှူးရုံး
(မော်လမြိုင်မြို့)

အများသိစေရန်အသိပေးကြေညာခြင်း

နေပြည်တော်၊ ဥတ္တရသီရိမြို့နယ်၊ ဇဝနသိဒ္ဓိရပ်ကွက်၊ မြေကွက်အမှတ်(5408/B)၊ (၁၀၀x၁၀၀)ပေ အကျယ်ရှိမြေကွက်နှင့် ယင်းမြေကွက်၏ အကျိုးခံစားခွင့် အရပ်ရပ်တို့ကို ဒေါ်နန်းစောမွန် ၁/မကတ(နိုင်)၀၅၆၀၀၃ က တရားဝင်လက်ရောက်ဝယ်ယူ ပိုင်ဆိုင်ထားပြီး ရောင်းချရန် ကမ်းလှမ်းထားသောကြောင့် ကျွန်ုပ်၏မိတ်ဆွေ ဒေါ်ဝိုင်းနန္ဒာဇော် ၉/ပမန(နိုင်)၁၅၈၄၈၉ က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းကြေးငွေတစ်စိတ်တစ်ပိုင်းကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသဖြင့် အထက်ဖော်ပြပါမြေကွက်နှင့် ပတ်သက်သည့် ပိုင်ရေးဆိုင်ခွင့်ရှိသူအနေဖြင့် အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောပိုင်ဆိုင်မှု အထောက်အထား(မူရင်း) စာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံသို့ ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ် ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

ဦးမျိုးညွန့်(LL.B)	**ဦးနေလင်းထွန်း(LL.B)**
အထက်တန်းရှေ့နေ (စဉ်-၃၉၉၇၃)	**အထက်တန်းရှေ့နေ (စဉ်-၄၅၁၃၉)**

အမှတ်(၅/၉-၁)၊ ကျောက်ဒီးနောင်ရပ်ကွက်၊ ပျဉ်းမနားမြို့၊ နေပြည်တော်
ဖုန်း-၀၉-၄၀၀၀၉၆၅၆၃၊ ၀၉-၄၁၀၅၅၅၉၉၈

အများသိစေရန် ကြေညာချက်

ကျွန်ုပ်မိတ်ဆွေဖြစ်သူဦးမြင့်ကျော် ၄/မတပ(နိုင်)၀၃၈၃၉၇ နှင့် ဒေါ်မသဲတို့သည် လွန်ခဲ့သော(၈)နှစ်ခန့်ကတည်းက ယနေ့ထိ မည်သည့်အဆက်အသွယ်တစ်စုံတစ်ရာမှ မရှိတော့ကြောင်း တစ်ဦးနှင့်တစ်ဦးပတ်သက်သက်ဆိုင်ခြင်း၊ ဆက်နွှယ်ခြင်း လုံးဝမရှိတော့ကြောင်း၊ ထို့ကြောင့် ကျွန်ုပ်မိတ်ဆွေနှင့် ဒေါ်မသဲတို့သည် ပတ်သက်သက်ဆိုင်သူများမဟုတ်တော့ပါကြောင်း၊ သက်ဆိုင်ခြင်းမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ ဤကြော်ငြာစာနှင့်စပ်လျဉ်း၍ တစ်စုံတစ်ရာ ပြောဆိုလိုပါက ဖြစ်စေ၊ ကန့်ကွက်လိုပါကဖြစ်စေ ဤကြော်ငြာပါသည့် ခုနစ်ရက်အတွင်း ကျွန်ုပ်ထံဆက်သွယ်၍ ပြောဆိုကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လေးစားစွာဖြင့်-
ဒေါ်ဥမ္မာဦး(LL.B)
တရားလွှတ်တော်ရှေ့နေ(စဉ်-၉၆၃၃)
အမှတ်(၁၁၄/၅လွှာ)၊ ကန်တော်လမ်း၊ လေးခေါင်နိဂုံရပ်ကွက်၊ သင်္ဃန်းကျွန်း
ဖုန်း-၀၉-၄၂၀၀၀၀၁၂၅

ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၇၀)၊ (၇၀)ရပ်ကွက်၊ အောင်သိပ္ပံလမ်း၊မြေကွက်အမှတ်(၈၀၆/က)+(၈၀၇/က)+ (၈၀၇/ခ) စုစုပေါင်း မြေကွက်(၃)ကွက် (ပါမစ်မူရင်း)၊ မြေအကျယ်အဝန်းပေ (အလျား၆၀ x အနံ ၆၀ ပေ)ရှိသည့် ခြံ ၊ မြေကွက်နှင့်တကွ ပတ်သက်ဆက်နွယ်သည့် နေအိမ်အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်များ အားလုံးတို့ကို တရားဝင်လက်ဝယ်ထား ပိုင်ဆိုင်စီမံခန့်ခွဲလွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူဖြစ်ကြောင်း ဝန်ခံကတိပြု သူ ဒေါ်အေးကြူ ၁၃/ကမန(နိုင်)၀၈၁၆၃၄ ထံမှ ကျွန်ုပ်၏မိတ်ဆွေ ဦးဇော်မင်းအောင် ၁၂/သဃက(နိုင်)၀၄၃၇၆၁က အပြီးအပိုင် လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ရာ ကန့်ကွက်လိုပါက ဤသတင်းစာကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း တိကျခိုင်လုံသော ပိုင်ဆိုင်မှုစာချုပ်စာတမ်းအထောက်အထား(မူရင်း)များနှင့် တကွ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်နေ့ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးအောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဦးလူမော်ထိုက် (LL.B)
တရားလွှတ်တော်ရှေ့နေ(စဥ် – ၁၄၄၁၉)
အမှတ်(၉၄၁/က)၊မာဃ(၁၂)လမ်း၊(၁၂)ရပ်ကွက်၊တောင်ဥက္ကလာပမြို့နယ်၊
ရန်ကုန်မြို့၊ ဖုန်း– ၀၉ ၄၄၃၀၀၀၆၂၆၊ ၀၉–၄၅၆၃၃၂၇၃၃

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၄၆)၊ ဗိုလ်စောဦးလမ်း၊ မြေကွက်အမှတ်(၂၀၄)၊ (၄၃x၆၀)ပေ အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေရင်းခြမ်း(အမှတ်–၂၀၅ နှင့် ကပ်လျက်ခြမ်း) ဖြစ်သည့်အမှတ်(၂၀၄/ခ)၊(၁၉x၆၀)ပေရှိ နှစ်(၆၀)မြေငှားဂရန်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ နှစ်ထပ်တိုက်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ရှယ်လီအမည်ပေါက် နှစ်(၆၀)မြေငှားဂရန်မိတ္တူနှင့်အတူ အဆက်စပ်စာချုပ်စာတမ်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်အေးအေး ၁၄/မအပ(နိုင်) ၁၉၃၁၅၉မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ နှစ်(၆၀)မြေငှားဂရန်မိတ္တူဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင် ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆို ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်းကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဝယ်ယူသူ ဦးမောင်မောင်ချစ်၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဦးသိန်းထူး LL.B	**ဦးဇော်မိုးလွင် LL.B**	**ဒေါ်သီတာမိုး LL.B**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**	**အထက်တန်းရှေ့နေ**
(စဥ်–၇၈၁၅)	**(စဥ်–၁၄၅၇၄)**	**(စဥ်–၅၅၄၉၀)**

ရုံး – ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မ၀တလမ်းဆုံ)၊ (၃၇)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း – ၀၉ –၄၄၄၄၃၅၃၅၃၊ ၀၉– ၂၅၆၂၈၆၃၉၁

ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြော်ငြာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၁၅)ရပ်ကွက်၊ သခင်မြလမ်းသွယ်၊ သကမ–၁၄တိုးချဲ့၊ မြေကွက်အမှတ်(၁၃၀၀) ဟုခေါ်တွင်သည့် ဒေါ်ဝင်းကြည်အမည်ဖြင့် မှတ်သားတည်ရှိသော (၄၀ပေx၆၀ပေ) အကျယ်အဝန်းရှိသည့် ပါမစ်မြေကွက်အနက်မှ တရားဝင်မခွဲစိတ်ရသေးသော မြေကွက်၏ (၂၀ပေx၆၀ပေ)အကျယ်အဝန်းရှိသော ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသောအဆောင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား အရပ်ကတိစာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ထားသူ ဦးအောင်မိုး ၁၂/ကမန(နိုင်)၀၈၀၆၅၇ ထံမှ အပြီးအပိုင်ဝယ်ယူရန်အတွက် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေတစ်ချို့တစ်ဝက် ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၁၄)ရက်အတွင်း တရားဝင်ခိုင်လုံသော အထောက်အထားစာချုပ် စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ –
ဒေါ်သော်သော်သက်တင်
(LL.B) WIPO (Switzerland)
တရားလွှတ်တော်ရှေ့နေ(စဥ်–၁၄၅၁၇)
အမှတ်(၇၁)၊ မြေညီထပ်၊ နီဗ္ဗာန်လမ်း၊ သာခု(အရှေ့)ရပ်ကွက်၊
ကြည့်မြင်တိုင်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း–၀၉–၂၅၀၀၂၃၆၈၈

The Crown Construction and House Dressing Co., Ltd(၎င်း၏ကိုယ်စားအုပ်ချုပ်မှု ဒါရိုက်တာ ဦးထိန်ဝင်း ၁၂/လမန(နိုင်)၁၃၂၆၀၀) နှင့် အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၃၆)ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ အမှတ်(၆၅၃)တွင် နေထိုင်သူ ဒေါ်တင်တင်ညွန့်၁၂/ဒဂန(နိုင်) ၀၁၉၇၆၅၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်–

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၆)၊ မဟာဗန္ဓုလလမ်း၊ မြေကွက်အမှတ်(၆၅၃)၊ (၆၀x၄၀)ပေရှိ မြေကွက်ပေါ်တွင် ရှစ်ထပ်တိုက် နှစ်ခန်းတွဲဆောက်လုပ်ရန်အတွက် ၁၈–၁၀– ၂၀၁၄ ရက်တွင် "ရှစ်ထပ်တိုက်နှစ်ခန်းတွဲ RC တိုက်သစ်တစ်ခြမ်းပေးတစ်ခြမ်းယူ ဆောက်လုပ်ရန် မြေရှင်နှင့် Construction Company တို့ သဘောတူကတိစာချုပ်"ချုပ်ဆိုပြီး လူကြီးမင်းတို့ဘက်မှ ငွေကျပ်သိန်း(၂၀၀)တိတိနှင့် မြေပုံမြေရာဇဝင်ထွက်ရှိသည့်နေ့ဖြစ်သော ၁၇–၁၁–၂၀၁၄ ရက်တွင် ငွေကျပ်(၃၀၀)သိန်းတိတိကို ပေးအပ်ခဲ့ပြီးနောက် / ကျွန်ုပ်မိတ်ဆွေ၏ပျက်ကွက်မှုတစ်စုံတစ်ရာမရှိပါဘဲ လူကြီးမင်းတို့ကသာ ယင်းစာချုပ်ပါကတိပဋိညာဉ်များကို ဆက်လက်ဆောင်ရွက်ပေးခဲ့ခြင်းမရှိဘဲ ပျက်ကွက်ခဲ့သည်မှာ ယနေ့အချိန်အထိဆိုလျှင် (၈)နှစ်နှင့်(၇)လကြာမြင့်ခဲ့ပြီးဖြစ်ပါသည်။ လူကြီးမင်းတို့က စာချုပ်ပါ ကတိပဋိညာဉ်များအတိုင်း လိုက်နာဆောင်ရွက်ပေးခဲ့ခြင်းမရှိဘဲပျက်ကွက်ခဲ့၍ ကျွန်ုပ်၏မိတ်ဆွေတွင် များစွာနစ်နာခဲ့ရသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ ဆက်လက်ဆောင်ရွက်ရန်စောင့်ဆိုင်းနိုင်ခြင်းမရှိတော့၍ ယင်း၁၈–၁၀–၂၀၁၄ ရက်စွဲပါ နှစ်ဦးသဘောတူချုပ်ဆိုခဲ့သော စာချုပ်အားယခုကြော်ငြာဖြင့် ဖျက်သိမ်းပြီးဖြစ်ကြောင်း လူကြီးမင်း ဦးထိန်ဝင်းတို့အား သိစေရန် ကြေညာအပ်ပါသည်။

လူကြီးမင်းတို့အနေဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ဆွေးနွေးနိုင်ပြီး လူကြီးမင်းတို့မှ လာရောက်ဆွေးနွေးခဲ့ခြင်းမရှိပါက ယင်းစာချုပ်အား တရားဝင်ဖျက်သိမ်းပြီးဖြစ်ကြောင်း The Crown Construction and House Dressing Co., Ltd.၎င်း၏ကိုယ်စား အုပ်ချုပ်မှုဒါရိုက်တာ ဦးထိန်ဝင်း ၁၂/လမန(နိုင်)၁၃၂၆၀၀နှင့် အများသိစေရန် ကြေညာအပ်ပါသည်။ **ဒေါ်တင်တင်ညွန့်၏ လွှဲအပ်ညွှန်ကြားချက်အရ–**

ဦးသိန်းထူး LL.B	**ဦးဇော်မိုးလွင် LL.B**
တရားလွှတ်တော်ရှေ့နေ(စဥ်–၇၈၁၅)	**တရားလွှတ်တော်ရှေ့နေ(စဥ်–၁၄၅၇၄)**

ရုံး – ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့၊
ဖုန်း – ၀၉–၄၄၄၄၃၅၃၅၃၊ ၀၉ –၂၅၆၂၈၆၃၉၁

ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မေတ္တာညွန့် ရပ်ကွက်၊ စက်မှု(၄) လမ်း (လမ်းသွယ်)၊ အမှတ် (၂၇၆)ဟုခေါ်တွင်သော (၁)ခန်းတည်း (၅)ထပ်တိုက်၏ ၄-လွှာ၊ အကျယ်အဝန်း (၁၈ပေx၆၀ပေ)ရှိ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အသိပေးကြေညာခြင်း

အထက်ပါလိပ်စာဖြစ်သည့်တိုက်ခန်းကို အရပ်ကတိစာချုပ် အဆက်ဆက်ဖြင့် ဝယ်ယူထားပြီး လက်ရှိလက်ရောက် ပိုင်ဆိုင်ကာ ရောင်းချပိုင်ခွင့်ရှိသည်ဟု အဆိုပြုသူများဖြစ်ကြသော ဦးထွန်းကျော်ဖြိုး ၇/ပမန(နိုင်) ၁၃၃၁၈၆နှင့် ဒေါ်ဇင်မာဝင်း ၇/နတလ(နိုင်)၁၀၇၆၉၆ တို့ထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ထက်ထက်ဆန်း ၅/မရန(နိုင်)၂၀၆၁၈၇ က စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့် ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ခိုင်လုံသော စာချုပ်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ဤကြေညာပါကျွန်ုပ်တို့ရုံးခန်းသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မှု ပေါ်ပေါက်ခြင်းမရှိပါက အဆိုပါ တိုက်ခန်းအရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–
ဦးဘူမောင် (LL.B) (စဥ် – ၂၂၇၄၇)၊ ဒေါ်ဖြိုးဖြိုးအောင် (LL.B) (စဥ်–၄၈၄၃၁)
အထက်တန်းရှေ့နေများ
အမှတ်(၅/၁၁)၊ ဘီ(မြေညီ)၊ ဗျိုင်းရေအိုးစင်လမ်း၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့
ဖုန်း– ၀၉– ၅၁၁၈၀၀၇၊ ၀၉– ၅၁၁၅၉၉၀၊ ၀၉– ၅၁၈၃၅၆၉

ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက် အမှတ်(၁၅၅)၊ အောင်မင်္ဂလာလမ်း၊ မြေကွက်အမှတ်(၁၅၁၇/က)၊ (၂၀x၆၀) ပေရှိ မြေချပါမစ်အမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ တစ်ထပ်နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့အား ဒေါ်ထူးအမည်ပေါက် မြေချပါမစ်မူရင်းနှင့်အတူ အဆက်စပ် စာချုပ်စာတမ်းများဖြင့် လက်ရောက်ဝယ်ယူပိုင်ဆိုင်ထားသူ ဒေါ်သူဇာဝင်း ၁၂/စခန(နိုင်)၀၆၃၇၃၆ မှ ၎င်းလက်ရှိပိုင်ဆိုင်ရောင်းချခွင့်ရှိကြောင်း ဝန်ခံအဆိုပြု၍ မြေချပါမစ်မူရင်းဖြင့် ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေပေးအပ်၍ စရန်ပေးစာချုပ်ချုပ်ဆို ထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသောစာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပြီး ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ တရားဝင်ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

ဝယ်ယူသူ ဒေါ်လှလှမွေး(ခ)ဒေါ်ထွန်းထွန်းနိုင်၏ လွှဲအပ်ညွှန်ကြားချက်အရ–

ဦးသိန်းထူး LL.B	**ဦးဇော်မိုးလွင် LL.B**	**ဒေါ်သီတာမိုး LL.B**
တရားလွှတ်တော်ရှေ့နေ	**တရားလွှတ်တော်ရှေ့နေ**	**အထက်တန်းရှေ့နေ**
(စဥ်–၇၈၁၅)	**(စဥ်–၁၄၅၇၄)**	**(စဥ်–၅၅၄၉၀)**

ရုံး – ရုံးပတ်လမ်း၊ မြို့နယ်တရားရုံးအနီး၊ မဝတ(လမ်းဆုံ)၊ (၃၇)ရပ်ကွက်၊
ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့
ဖုန်း – ၀၉–၄၄၄၄၃၅၃၅၃၊ ၀၉–၂၅၆၂၈၆၃၉၁

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် AYY/11680 Honda Dream 125 ယာဉ်လက်ဝယ်ရှိသူ ဦးညွန့်ဝင်း ၁၄/မအပ(နိုင်)၀၉၂၅၈၆ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မအူပင်)

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 81W/14995 Honda Click 150 ယာဉ်လက်ဝယ်ရှိသူ NCX Myanmar Co.,Ltd က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 80W/94566 Honda Click 150 M/C ယာဉ်လက်ဝယ်ရှိသူ Khin That Htar Co.,Ltd က (ကမ–၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း)မန္တလေးမြို့

အမည်ပြောင်း

ရောဝတီတိုင်းဒေသကြီး၊ မြောင်းမြမြို့၊ ကံကြီးကျေးရွာအုပ်စု၊ ကံကြီးကျေးရွာနေ ဦးကျော်ဝေ–ဒေါ်ဇင်ဇင်ခိုင်တို့၏သား အထက (ကံကြီး) မှ Grade–3အောင် မောင်ဟိန်းလင်းထက် အား မောင်ရဲရင့် ဟု အမည်ပြောင်းလဲခေါ်ဆိုပါရန်။

မောင်ရဲရင့်

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 3R/4245 Chenglong Truck (4x2)L ယာဉ်လက်ဝယ်ရှိသူ ဦးကိုကိုနိုင် ၁၂/မဘန(နိုင်)၁၀၂၂၉၇ က (ကမ–၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ တိုင်းဒေသကြီးရုံးခွဲ
(ရွာသာကြီး)ရန်ကုန်မြို့

မွေးသက္ကရာဇ်အမှန်

ဟသ်ာတမြို့နယ်၊ စစ်ကုန်းအုပ်စု၊ ရေလယ်သောင်ကျေးရွာနေ ဦးတင်ချို၏ သမီး မပြည့်ခိုင်ဖြိုး ၁၄/ဟသတ(နိုင်)၃၄၂၁၄၆ ၏ မွေးသက္ကရာဇ်အမှန်မှာ ၁၅–၂–၂၀၀၁ ခုနှစ်ဖြစ်ပါသည်။

ဖောင်းကြွပျောက် လျှောက်ထားခြင်း

ယာဉ်အမှတ် 4F/4205 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

ကညန၊ ခရိုင်ရုံး
(ရန်ကုန်အနောက်ပိုင်း)

ဝမ်းနည်းကြေကွဲခြင်း
ဒေါ်ပိုက်ပိုက်စိန်
အသက်(၈၁)နှစ်

[ဦးတင်ဝင်း၊ ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)] ၊ အမှတ်(၂)သတ္တုတွင်းလုပ်ငန်း၏ ချစ်လှစွာသောဇနီး ၊ ဦးတင်မောင်မောင်ဝင်း + ဒေါ်ပန်းနှင်းခက် တို့၏ မိခင် **ဒေါ်ပိုက်ပိုက်စိန် ၊ အသက်(၈၁)နှစ်**သည် ၂၉–၅–၂၀၂၃ ရက် နံနက် ၅:၁၅ နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

ဦးမောင်ကို + ဒေါ်ရွှေဥ
ထာဝရမိသားစု
မန္တလေး

အမည်မှန်

ဦးကျော်ရဲကို –ဒေါ်သန်းသန်းရွှေ တို့၏ သမီး မကွေးမြို့နယ်၊ အထက(ခွဲ) ရွာဟောင်းကန်၊ Grade–3 မှ မရွှေပိုးအိမ်၏ အမည်မှန်မှာ အိမ်ထောင်စုဇယားအရ မရွှေဇင်ကျော်ဖြစ်ပါကြောင်း။

မရွှေဇင်ကျော်

မိခင်အမည်မှန်

မကွေးမြို့နယ်၊ အထက(ခွဲ) ရွာဟောင်းကန်၊ Grade–3 မှ မဇင်မာထွန်း၏ မိခင် ဒေါ်ရွှေစင်နှင်း၏အမည်မှန်မှာ ဒေါ်ရွှေဇင်နှင်း ၈/မကန(နိုင်)၁၄၂၈၈၄ ဖြစ်ပါကြောင်း။

ဒေါ်ရွှေဇင်နှင်း

ဖခင်အမည်မှန်

မကွေးမြို့နယ်၊ အထက (သစ်ရာကောက်)၊Grade–8 မှ မစုသီရိ၏ ဖခင် ဦးဘိုအောင်၏ အမည်မှန်မှာ ဦးဘိုဘိုအောင် ၈/မကန(နိုင်)၁၇၂၈၂၇ ဖြစ်ပါကြောင်း။

ဦးဘိုဘိုအောင်

ပျောက်ဆုံးကြောင်း

လယ်ဝေးမြို့နယ်၊ ပင်ငါးမြောင်ကျေးရွာနေ မောင်အောင် ကျော်နိုင် ၉/လဝန(နိုင်)၁၇၅၈၁၈ (ဘ) ဦးဟန်မောင်၏ နိုင်ငံကူးလက်မှတ် M–258473 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း–၀၉–၄၂၀၆၈၃၅၀၀

ဖခင်အမည်မှန်

ရှမ်းပြည်နယ် (မြောက်ပိုင်း) လောက်ကိုင်ခရိုင်၊ လောက်ကိုင်မြို့နယ်၊ အမှတ်(၁)အခြေခံပညာ အထက်တန်းကျောင်း (G–8)မှ မဇာဇာထွန်းနှင့် (G–4)မှ မောင်ဥာဏ်လင်းအောင်တို့၏ ဖခင် ဦးဗဒင်၏ အမည်မှန်မှာ ဦးလှတင့် ၁၂/သကတ(နိုင်)၂၂၅၅၆၄ ဖြစ်ပါကြောင်း။

ဦးလှတင့်

ငြင်းချက်ထုတ်ရန်သမ္မန်စာ
(တရားမကျင့်ထုံးဥပဒေအမိန့်–၅၊ နည်းဥပဒေ–၂၀)
တောင်ဥက္ကလာပမြို့နယ်တရားရုံး
၂၀၂၃–ခုနှစ်၊ တရားမကြီးမှုအမှတ် –၂၉

ဒေါ်ခင်ချိုဝင်း	နှင့်	ဒေါ်ခင်ဝင်းမြင့်
တရားလို		**တရားပြိုင်**

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြင်သာစုပေါင်း အိမ်ရာ၊ ၁၄/၃–ရပ်ကွက်၊ ခွာညိုလမ်း၊ အမှတ်(၃၄/၁)နေ တရားပြိုင် ဒေါ်ခင်ဝင်းမြင့် (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင့်အပေါ်၌ ပဋိညာဉ်အတိုင်း အရောင်းအဝယ်ကတိစာချုပ်ကို မှတ်ပုံတင်ပေးစေလိုမှု လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့် စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရုံးတော်အခွင့်အမိန့်ရ ရှေ့နေနှင့်ဖြစ်စေ ၂၀၂၃ ခုနှစ်၊ ဇွန် ၁၂ ရက် (၁၃၈၅ ခု၊ နယုန်လပြည့်ကျော် ၁၀ ရက်) မွန်းမတည့်မီ (၁၀း၀၀) နာရီတွင် အထက်အမည် ရေးသားပါရှိသူ တရားလိုအဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးသို့ လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်ကဆိုခဲ့သည့် နေ့ရက်တွင် သင်မလာမရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် ငြင်းချက် များကို ထုတ်ပေးလိမ့်မည်။ ၎င်းအပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်ကထုချေတင်ပြ အမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့တည်းမဟုတ် သင့်ကိုယ်စားလှယ် ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီ (၄)ရက်က တင်သွင်းရမည်။

၂၀၂၃ ခုနှစ် မေ ၂၉ ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

ခင်သန္တာညွန့်
တွဲဖက်မြို့နယ်တရားသူကြီး(၁)
တောင်ဥက္ကလာပမြို့နယ်တရားရုံး

အသိပေးကြော်ငြာခြင်း

၁။ မူဆယ်ခရိုင်၊ မူဆယ်မြို့နယ်၊ ကောင်းမူးတုံရပ်ကွက်၊ အကွက်အမှတ်(၄၈/ပန်လုံအရှေ့မြောက်ရပ်)၊ ဦးပိုင်အမှတ်(၆၂)၊ မြေရေိယာ ၀ ဒသမ ၁၈၃ ဧကရှိ မြေနေရာသည် တအာင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ အမည်ဖြင့် မြေငှားဂရန် အမှုတွဲအမှတ် (၆၂/မဆ/၂၀၁၅)ဖြင့် ၃–၇–၂၀၁၅ ရက်မှ ၂–၇–၂၀၄၅) ရက်အထိ နှစ်(၃၀)မြေငှားဂရန် ထုတ်ပေးထားရှိပြီး တအာင်းစာပေနှင့် ယဉ်ကျေးမှုကော်မတီ၏ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် ကော်မတီ၏(ကိုယ်စား) ဒု-ဥက္ကဌ ဦးမိုင်းဘအောင်ထံမှ စာချုပ်စာတမ်းမှတ်ပုံတင်ဖြင့် ဒေါ်ရင်စိုက်စူးက အိမ်ဝိုင်းမြေလွှဲပြောင်း ရောင်းချခြင်းစာချုပ် ချုပ်ဆိုဝယ်ယူခဲ့ပြီးဖြစ်သောကြောင့် ဒေါ်ရင်းစိုက်စူးမှ အမည်ပြောင်း မြေငှားဂရန် လျှောက်ထားလာပါသည်။

၂။ သို့ဖြစ်ပါ၍ မူဆယ်မြို့နယ်၊ ကောင်းမူးတုံရပ်ကွက်၊ အကွက်အမှတ်(၄၈/ပန်လုံအရှေ့ မြောက်ရပ်)၊ ဦးပိုင်အမှတ်(၆၂)၊ မြေရေိယာ ၀ ဒသမ၁၈၃ ဧကရှိ မြေနေရာအား ဒေါ်ရင်စိုက်စူး အမည်ဖြင့် အမည်ပြောင်းမြေငှားဂရန် လျှောက်ထားခြင်းအား ကန့်ကွက်လိုသည့် ပုဂ္ဂိုလ်များအနေဖြင့် ခိုင်လုံသည့် စာရွက်စာတမ်းအထောက်အထားများယူဆောင်၍ မူဆယ်ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနသို့ ကြော်ငြာသည့်ရက်မှ(၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လျှောက်ထားသူအား အမည်ပြောင်းမြေငှားဂရန် ထုတ်ပေးသွားမည်ဖြစ်ပါသည်။

ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မူဆယ်မြို့
ဖုန်း–၀၈၂–၅၀၆၉၀

ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၃၅)၊ ခတ္တာလမ်းနှင့်သခင်မြလမ်းထောင့်၊ မြေကွက်အမှတ်(၅၃)၊ အကျယ်အဝန်း(၀.၀၅၈ ဧက)ရှိ ဒေါ်သင်းလှဲ့လှဲ့ (၁၄/ကလန(နိုင်) ၁၃၉၃၄၀) အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ခင်ဇာလွင် (၁၂/ဥကတ(နိုင်)၁၅၇၄၆၇)ထံမှ ကျွန်ုပ်တို့၏မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက် လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက် အတွင်းလာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ် ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ် ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ–

ဦးခင်မောင်ဦး	**ဒေါ်လင်းလင်းထက်**
LL.B, D.B.L, D.I.L.,	**LL.B,**
တရားလွှတ်တော်ရှေ့နေ(စဥ်–၈၈၅၂)	အထက်တန်းရှေ့နေ(စဥ်–၄၈၃၃၈)

၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး

ဒေါ်ခင်ဆွေဝင်း

အသက်(၇၇)နှစ်

ချစ်ခင်လေးစားရပါသော ဆရာ[ဗိုလ်မှူးချုပ်တင်လတ်(လေ)] ၏ ဇနီး မမဆွေ သည် ၂၉-၅-၂၀၂၃ရက်(တနင်္လာနေ့) နံနက် ၁၁နာရီတွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်း ကြေကွဲရပါသည်။

ပြည်ထောင်စုဝန်ကြီး ဦးကိုကိုနှင့် ဇနီး ဒေါ်တင်တင်ညွန့်
သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန

ဝမ်းနည်းကြေကွဲခြင်း

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးမင်းဆွေ

အသက် (၈၀)နှစ်

စွမ်းအင်ဝန်ကြီးဌာန၊ ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန၊ ကယားပြည်နယ် ကြီးကြပ်စစ်ဆေးရေးအရာရှိ ဦးမင်းမင်း၏ ချစ်လှစွာသော ဖခင်ကြီး ဦးမင်းဆွေ အသက် (၈၀)နှစ်သည် ၂၉-၅-၂၀၂၃ရက် (တနင်္လာနေ့) ၁၇:၃၆ နာရီ၌ တပ်မတော်အသည်းဆေးရုံကြီး၌ ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

ညွှန်ကြားရေးမှူးချုပ်နှင့် အရာထမ်း၊ အမှုထမ်းများ
ရေနံထွက်ပစ္စည်းကြီးကြပ်စစ်ဆေးရေးဦးစီးဌာန
စွမ်းအင်ဝန်ကြီးဌာန

အမည်ပြောင်း

ဖျာပုံမြို့နယ်၊ အထက (ကျုံကျိုက်) Grade-(2)မှ ကျောင်းသား မောင်အောင်ဘုန်းမြတ်အား ယနေ့မှစ၍ မောင်ဟိန်းခန့်အောင် ဟု ပြောင်းလဲခေါ်ပါရန်။

မောင်ဟိန်းခန့်အောင်

ပြင်ဆင်ဖတ်ရှုပါရန်

၂၈-၅-၂၀၂၃ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ (၂၂) တွင် ယာဉ်အမှတ် 38W/5584 အစား 38W/55841ဟု ပြင်ဆင်ဖတ်ရှုပါရန်။

ဖခင်အမည်မှန်

ထားဝယ်မြို့၊ အမက (ညောင်ရမ်း) Grade-2မှ မောင်ပိုင်သုခလင်း၏ ဖခင်ဖြစ်သူ ဦးဝဏ္ဏ၏ အမည်မှန်မှာ ဦးဝင်းအောင် ၁၂/ရကန (နိုင်) ၀၃၃၉၁၂ ဖြစ်ပါကြောင်း။

ဦးဝင်းအောင်

ဖခင်အမည်မှန်

ပခုက္ကူမြို့၊ အထက(၅) Grade-6 မှ မောင်လျှံဖြိုး၏ ဖခင်အမည်မှန်မှာ ဦးဇော်ကို ၈/ပခက(နိုင်) ၁၈၇၁၃၃ဖြစ်ပါကြောင်း။

ဦးဇော်ကို

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 39W/30222, Yamaha FZ9 150 ယာဉ်လက်ဝယ်ရှိသူ ဦးအောင်ခန့်ကိုကို ၉/မဟမ(နိုင်)၀၃၄၈၉၅ က(ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးမြောက်ပိုင်း)မန္တလေးမြို့

ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 52W/74858, Honda Scoopy-110, M/C ယာဉ်လက်ဝယ်ရှိသူ ဒေါ်တင်တင်လွဲ့ ၉/ပကခ(နိုင်)၀၀၃၂၆၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ ခရိုင်ရုံး
(မန္တလေးတောင်ပိုင်း) မန္တလေးမြို့

အများသိစေရန် အသိပေးကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၅)ရပ်ကွက်၊ မြင်သာ (၅)လမ်း၊ တိုက်အမှတ်(၂၅၈/က)ရှိ (၂)ခန်းတွဲ ၊ (၆)ထပ်တိုက်အဆောက် အအုံရှိ ပဉ္စမထပ်(၆လွှာ)၊ တိုက်အားမျက်နှာမူလျှင် (လက်ယာဘက်အခြမ်း)၊ အကျယ်အဝန်း (အလျား ၁၉'x အနံ ၅၄')ရှိ တိုက်ခန်းအပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးကို တရားဝင်လက်ရှိထားပိုင်ဆိုင်ပြီး လွတ်လပ်စွာလွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိသူဟု အဆိုပြုသူ ဒေါ်မိုးမိုးသော် ၉/မထလ(နိုင်) ၀၅၀၃၄၃ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူသည် (၂၈-၄-၂၀၂၃)ရက်စွဲပါ နှစ်ဦးသဘောတူ တိုက်ခန်း အရောင်းအဝယ်စရန်ပေးကတိစာချုပ်ကိုချုပ်ဆို၍ ဝယ်ယူရန်အတွက် သဘောတူညီပြီး အရောင်းအဝယ်ပြုလုပ်သောတိုက်ခန်း၏ တန်ဖိုးငွေများအနက် စရန်ငွေအချို့ကို ပေးချေထားပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ တိုက်ခန်းနှင့်ပတ်သက်၍ ကန့်ကွက်အရေးဆိုရန် အကြောင်းတစ်စုံတစ်ရာရှိပါက ခိုင်မာသော ပိုင်ဆိုင်မှုစာချုပ်စာတမ်း အထောက်အထား(မူရင်း)များအား ယူဆောင်၍ ယနေ့မှစ၍ ခုနစ်ရက်အတွင်း လူကိုယ်တိုင် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်တင်ပြနိုင်ပါကြောင်းနှင့် ကန့်ကွက်ချက်မရှိပါက တိုက်ခန်းအရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်အေးသီတာမော်(LL.B, D.B.L)
တရားလွှတ်တော်ရှေ့နေ(စဉ်-၈၄၂၉/၁၂)
အမှတ်(၉၉/၁၀၁)၊ ကျောက်မြောင်းလမ်းနှင့်မလွှကုန်းလမ်းထောင့်၊
ကျားကွက်သစ်(စံပြ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး
ဖုန်း-၀၉- ၅၀၄၈၂၂၁

သင့်သွေးဖြင့် အသက်ကယ်ပါ

ပြင်ဆင်ဖတ်ရှုပါရန်

၂၉-၅-၂၀၂၃ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၃၀) ကြော်ငြာစာတွင် ဘဝနတ်ထံပျံလွန်တော်မူခြင်း ဘဒ္ဒန္တသောမ ဓမ္မသုခကျောင်းတိုက်၊ စစ်တွေမြို့ သက်တော်(၇၉)နှစ်၊ သိက္ခာတော်(၅၉)ဝါတွင် ပျံလွန်တော်မူသော်နေ့အား ၂၅-၅-၂၀၂၃ ရက်အစား ၂၀-၅-၂၀၂၃ရက်ဟု ပြင်ဆင်ဖတ်ရှုပါရန်။

အထူးဝမ်းနည်းကြေကွဲခြင်း

ဦးမင်းဆွေ

အသက်(၈၀)နှစ်

သူငယ်ချင်း မင်းမင်း ၏ ဖခင် ဦးမင်းဆွေ အသက်(၈၀)နှစ်သည် ၂၉-၅-၂၀၂၃ရက်တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

စစ်တက္ကသိုလ်၊ အမှတ်စဉ်(၃၄)ဗိုလ်လောင်းသင်တန်းမှ
သူငယ်ချင်းမိသားစုများ

ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးမြတ်လှဝင်း(ခ)ညိုပြာ

အသက်(၅၉)နှစ်

ရန်ကုန်မြို့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ တောင်ညွန့်ကြီးရပ်ကွက်၊ (၁၁၂)လမ်း၊ တိုက်အမှတ်(၅)၊ (၆)လွှာနေ (ဦးဝင်း-ဒေါ်လှလှ)တို့၏သား၊ ဦးသိန်းဇော်-ဒေါ်မြမြငွေ၊ ဦးဝင်းကြည်-ဒေါ်ကြင်ကြင်အေး၊ ဦးခင်ငြိမ်း(ခ)ဦးခင်မောင်ကျော်၊ ဦးခင်သိန်း၊ ဦးမောင်မောင်ကြီး-ဒေါ်လှလှဦး၊ ဦးဝင်းမောင်-ဒေါ်သန်းအေး(ခ)ဒေါ်သီတာတို့၏ညီ၊ ဒေါက်တာမိုးမိုးသွယ်၊ ဦးလှဝင်းဆောင်-Tran Thu Uyen တို့၏ အစ်ကို၊ ဒေါ်စုစုကြည်၏ ချစ်လှစွာသောခင်ပွန်း၊ ဦးရဲပိုင်ဖြိုး-ဒေါ်မြတ်သီရိအောင်၊ ဦးကျော်ကျော်အောင်(ခ)ဖိုးကျော်၊ မောင်အောင်မြင့်မြတ်တို့၏ ကျေးဇူးရှင်ဖခင်ကြီး၊ မြေး နှစ်ယောက်တို့၏အဘိုး၊ ဦးမြတ်လှဝင်း(ခ) ဦးညိုပြာသည် ၂၉-၅-၂၀၂၃ရက် ညနေ ၆:၅၀နာရီတွင် (၉၆)ပါးသောရောဂါဖြင့် ဗဟိုစည်ဆေးရုံ၌ ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) မွန်း တည့် ၁၂နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

(နေအိမ်မှကားများ နံနက် ၁၀:၃၀နာရီတွင်ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ကန့်ကွက်နိုင်ကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ကြည့်မြင်တိုင်မြို့နယ်၊ ဈေးကြီးအရှေ့ရပ်ကွက်၊ အင်းစိန်လမ်း(အထက်)၊ တိုက်အမှတ် -၅၉၊ ၃-လွှာ(အေ)၊ (ဒုတိယထပ်)၊ အကျယ်အဝန်း (၁၂ ၁/၂ ပေxပေ ၅၀)ဟုခေါ်တွင်သော တိုက်ခန်း (၁)ခန်းအပါအဝင် ၎င်းနှင့် ပတ်သက်ဆက်နွှယ်သော ရေ၊ မီးအစုံအလင်အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိကြောင်း အဆိုပြုသူ ဦးနေဝင်း ၁၂/ကမန(နိုင်) ၀၆၄၃၄၃ ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်နှင့် ပတ်သက်၍ ကန့်ကွက်လိုပါက ခိုင်လုံသောစာချုပ်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ ၁၄ ရက်အတွင်း လူကိုယ်တိုင်ကျွန်ုပ်ထံလာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်ခြင်းမပြုပါက ဥပဒေနှင့်အညီ အရောင်းအဝယ်ကိစ္စ ပြီးမြောက်အောင် ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-
ဒေါ်ငြိမ်းချမ်းစုရည် (LL.B, D.B.L, D.LL, D.M.L)
တရားလွှတ်တော်ရှေ့နေ
အမှတ်-၅၈၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့

ဘိုးဘပိုင်/မြေပိုင် အခွင့်အရေး ရရှိထားသောမြေ အမည်ပြောင်း လျှောက်ထားကြောင်း ကြေညာစာ

ထားဝယ်မြို့၊ ပိန္နဲတောရပ်ကွက်၊ အကွက်အမှတ်(၄၁)၊ အကွက်အမည်-မြောက်ရွာအကွက်၊ ဦးပိုင်အမှတ်(၄၉.ဃ)၊မြေဧရိယာ ၀ဒသမ ၀၁၄ဧကရှိ အောက်ဖော်ပြပါ အလားအလာရှိသည့်-

(က) အရှေ့လားသော် - ဦးပိုင်အမှတ်(၄၈.က)
(ခ)အနောက်လားသော် - ဦးပိုင်အမှတ်(၄၉.က)
(ဂ) တောင်လားသော် - လမ်း
(ဃ)မြောက်လားသော် - ဆေးရုံလမ်း၊

အထက်ဖော်ပြပါ မြေကို(ဘိုးဘပိုင်အမည်ပြောင်း)ပေးရန် ဒေါ်ဥမ္မာဝင်းမှ လျှောက်ထားလာသည့် အတွက် ယင်း၏အမည်ကို ပြောင်းလဲ ပေးမည်ဖြစ်၍ ပြောင်းလဲမပေးထိုက်ကြောင်း ကန့်ကွက်လိုသူများရှိပါက ၂၀၂၃ ခုနှစ် ဇွန် ၂၄ ရက်နေ့ မတိုင်မီသက်ဆိုင်ရာ စာရွက်စာတမ်း အထောက်အထားများနှင့်တကွ အောက်တွင် လက်မှတ်ရေးထိုးသူထံ ကန့်ကွက်နိုင်ကြောင်းကြေညာလိုက်သည်။

သတ်မှတ်ကာလအတွင်း လာရောက်ကန့်ကွက်တင်ပြမှုမရှိပါက ကန့်ကွက်သူမရှိဟု ယူဆပြီး လုပ်ထုံးလုပ်နည်း နှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း ကြေညာလိုက်သည်။

မြို့နယ်ဦးစီးဌာနမှူး မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်
စာရင်းအင်းဦးစီးဌာန ထားဝယ်မြို့

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 55W/53989, Honda Click m IHJF ယာဉ်လက်ဝယ်ရှိသူ ဒေါ်ဝေယဉ်လွင်ဦး ၁၃/တခလ(နိုင်)၀၉၂၅၅၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(တာချီလိတ်)

ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် 9N/7483,Ford Rangerယာဉ်လက်ဝယ်ရှိသူ ဒေါ်နန်းကောင်ရှဲန် ၁၃/တခလ(နိုင်) ၁၀၄၈၇၂ က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက်၃၀အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။

ကညန၊ခရိုင်ရုံး(တာချီလိတ်)

ဘုရား၊ရဟန်း၊ ရေတွင်း၊ ရေကန် အလှူရှင် ဒါယကာကြီး ဦးကျော်လှအောင်(စစ်တွေ)

ရခိုင်ပြည်နယ်ဓမ္မာရုံ ဘဏ္ဍာရေးမှူးဟောင်း

အသက်(၉၅)နှစ်

ရန်ကုန်မြို့၊ လမ်းမတော်မြို့နယ်၊ ၁၂လမ်း၊ အမှတ် ၆၅ နေ (ဦးထွန်းလှဖြူ-ဒေါ်အောင်မဦး)တို့၏သား၊ ဒေါ်ကြာပန်း၏ချစ်လှစွာသောခင်ပွန်း၊ ဦးမောင်မောင်၊ ဒေါ်အုံးယဉ်-(ဦးဘညွန့်)၊ ဦးသိန်းထွန်း၊ ဒေါ်ထွေးယဉ်၊ ဦးစောထွန်း၊ ဒေါ်သန်းသန်းနုတို့၏ ချစ်လှစွာသော ဖခင်၊ မြေး ငါးယောက်၊ မြစ်တစ်ယောက်တို့၏ အဘိုးရှင်၊ အဖိုးရှင်သည် ၂၉-၅-၂၀၂၃ရက် ညနေ ၄:၂၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) ညနေ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အသိပေးအကြောင်းကြား အပ်ပါသည်။

(နေအိမ်မှ ကားများ မွန်းလွဲ ၁နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး

ဦးမင်းဆွေ

အသက် (၈၀)နှစ်

ပဲခူးတိုင်းဒေသကြီး၊ မင်းလှမြို့နယ်၊ ထန်းပင်ကုန်းကျေးရွာနေ (ဦးမောင်တင့်-ဒေါ်ကျင်ငွေ)တို့သား၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)၊ နမ့်ခမ်းမြို့နယ်၊ ဟိုကပ်ရပ်ကွက်နေ (ဦးခမ်းစင်-ဒေါ်ဆွဲ့ခမ်း)တို့၏သားသမက်၊ ရန်ကုန်တိုင်းဒေသကြီး၊ ထောက်ကြန့်မြို့၊ တိုးချဲ့ (၂/၂)ရပ်ကွက်၊ သစ်မင်းလမ်း၊ ဒေါ်နန်းရွှေကြည်၏ ချစ်လှစွာသောခင်ပွန်း၊ လွိုင်ကော်မြို့နေ ဦးမင်းမင်း-ဒေါ်နှင်းအိဖြူ၊ နမ့်စန်မြို့နေ ဦးလင်းအောင်ဆွေ-ဒေါ်မာလာအောင်၊ ရဲမွန်(တပ်မြို့)နေ ဗိုလ်မှူးကျော်ကျော်မင်း-ဒေါ်ယုယုလှိုင်တို့၏ဖခင်၊ မြေး ခြောက်ယောက်၊ မြစ် တစ်ယောက်တို့၏အဘိုး ဦးမင်းဆွေသည် ၂၉-၅-၂၀၂၃ရက် (တနင်္လာနေ့) တွင် ကွယ်လွန်သွားပါသဖြင့် ၃၁-၅-၂၀၂၃ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၁ နာရီတွင် မင်္ဂလာဒုံစစ်ဆေးရုံကြီး၊ အေးငြိမ်းဇရပ်တွင် သရဏဂုံတရားနာယူပြီး ၁၂:၀၀နာရီအချိန် မင်္ဂလာဒုံစစ်သင်္ချိုင်းသို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း ဆွေမျိုးမိတ်ဆွေများအား အသိပေးအပ်ပါသည်။ ၄-၆-၂၀၂၃ရက် (တနင်္ဂနွေနေ့) နံနက် ၀၉:၀၀နာရီတွင် ရက်လည်ဆွမ်းကျွေး တရားတော်နာအား ထောက်ကြန့်မြို့နေအိမ်သို့ကြွရောက်နိုင်ပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။

ကျန်ရစ်သူမိသားစု

ပြင်ဆင်ဖတ်ရှုပါရန်

၃၀-၅-၂၀၂၃ရက်နေ့ထုတ် ဤသတင်းစာ၏ စာမျက်နှာ (၂၆) ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြော်ငြာခြင်း ကြော်ငြာတွင် ဦးသူရပြည့်စုံ ၃၄/ဟသတ(နိုင်)၂၈၉၇၂၆အား ၁၄/ဟသတ(နိုင်)၂၈၉၇၂၆ ဟု ပြင်ဆင် ဖတ်ရှုပါရန်။

ပျောက်ဆုံးကြောင်း

လောက်ကိုင်မြို့၊ ရပ်ကွက်(၃)နေ ဦးလီကွယ်စင်၏ သား ဦးလီယူချွင် ၁၃/ လကန(နိုင်) ၀၀၈၇၅၇ ၏ နိုင်ငံ ကူးလက်မှတ် MD-832570 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။

ဖုန်း-၀၉- ၇၆၂၀၀၆၆၆၇

ပျောက်ဆုံးကြောင်း

လောက်ကိုင်မြို့၊ ရပ်ကွက်(၃)နေ ဦးကျန်ကျောက် ၏ သမီး မကျန်ကျွမ်းဇယ် ၁၃/ မထလ(နိုင်) ၀၀၀၀၈၂ ၏ နိုင်ငံ ကူးလက်မှတ် MD-815939 ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြား ပေးပါရန်။

ဖုန်း-၀၉- ၇၆၂၀၀၆၆၆၇

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၃၀)၊ မြေကွက်အမှတ်(၅၄)၊ မြေကွက်တည်နေရာအမှတ်(၅၄)၊ ရွှေသီရိ(၁) လမ်း၊ (၃၀)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ် ဒေါ်နမ့်ဟီလား (KPW-၁၀၀၉၄၃) အမည်ပေါက် နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)မြေအား ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်တရားရုံးတော်၊ တရားမကြီးမှုအမှတ်-၁၂၇/၂၀၂၂ဖြင့် ဒေါ်ပြည့်ပြည့်ဖြိုးမှ တရားလိုပြုလုပ်၍ ဒေါ်နမ့်ဟီလားအပေါ် တရားပြိုင်ထားကာ ပဋိညာဉ်အတိုင်း အိမ်နှင့်မြေ အရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ပေးစေလိုမှုဖြင့် စွဲဆိုခဲ့ရာ မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုပေးစေရန် စရိတ်နှင့်တကွ အနိုင်ဒီကရီချမှတ်သည့် ၃၀-၁-၂၀၂၃ရက်စွဲပါ စီရင်ချက်နှင့်ဒီကရီ၊ တရားမဇာရီမှု အမှတ် ၁၄/၂၀၂၃၏ ၂၂-၂-၂၀၂၃ရက်စွဲပါ အမိန့်နှင့် နေ့စဉ်မှတ်တမ်း၊ တရားရုံး ကိုယ်စား မြေပုံမြေရာဇဝင်ကူးယူရန်အတွက် ဘီလစ်ခန့်အပ်ကြောင်း အကြောင်းကြားစာ၊ နှစ်(၆၀)မြေငှားစာချုပ်(ဂရန်)တို့တင်ပြ၍ ဘီလစ်စာရေးကြီး ဒေါ်လွဲ့လွဲ့ ခိုင်မှ အရောင်းအဝယ်မှတ်ပုံတင်စာချုပ်ချုပ်ဆိုရန် မြေပုံကူးလျှောက်ထားလာခြင်းအား တရားဝင်ခိုင်လုံသော အထောက်အထားများဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းအတိုင်း ဆက်လက်ဆောင်ရွက်ပေးမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

ဌာနမှူး(ဒုတိယညွှန်ကြားရေးမှူးချုပ်)၊မြို့ပြမြေစီမံခန့်ခွဲမှုဌာန၊ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ

ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-၁၄၃/၁၊ လူနေရပ်ကွက်အမှတ်-ကျွန်စစ်သား(စက်မှုဇုန်) မြေကွက်အမှတ်(၂၈) ဧရိယာ(၂. ၀၅၄)ဧက အကျယ်ရှိ ဦးဇော်မိုးသူ(၈/မကန(နိုင်)၀၀၁၂၄၅)နှင့် ဦးတင်မောင်ရီ(၁၂/ဗတထ(နိုင်)၀၂၄၆၈၄)အမည်ဖြင့် မှတ်သားတည်ရှိသည့် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသည့်(၂၀၀)ပတ်လည်ပေအကျယ်ရှိ အဆောက်အဦ(၁)လုံးအပါအဝင် ယင်းပေါ်တွင် တွယ်ကပ်တပ်ဆင်ထားသည့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်အကျိုးခံစားလျှက် ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုသူ ဦးဇော်မိုးသူ(၈/မကန(နိုင်)၀၀၁၂၄၅)နှင့် ဦးတင်မောင်ရီ(၁၂/ဗတထ(နိုင်)၀၂၄၆၈၄)တို့ထံမှ ကျွန်ုပ်၏ မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထား(မူရင်း)များနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှ(၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့် ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကိစ္စကို ပြီးပြတ်သည်အထိ တရားဝင်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

စိုင်းလောင်နွံဆိုင်(၁၃/တခလ(နိုင်) ၀၆၃၉၀၂)၏ လွှဲအပ်ညွှန်ကြားချက်အရ-

ဒေါ်ပြည့်ဖြိုးလွင် (LL.B, D.B.L, D.I.L, D.M.L) **ဒေါ်သင်းစုလှိုင် (LL.B)**
တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၂၀၅/၂၀၁၈) **အထက်တန်းရှေ့နေ(စဉ်-၅၄၃၉၂)**

အခန်း-၉၀၁၊ (၉-လွှာ)၊ တာဝါ-အေ၊ မြိုင်ပေါဝန်ကွန်ဒို၊ ၈ မိုင်၊ (၄)ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။

၀၉ ၇၇၇၇၅၆၇ ၄၂၊ ၀၉ ၄၄ ၆၆၆၆ ၂၇၆၊ ၀၉ ၄၄၆၆၆၆၂၇၅

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် (၁၂) ရပ်

၁။ နိုင်ငံရေး

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး။

(ခ) တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ်(NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး။

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာကျင့်သုံးရေး။

(ဃ) ပြည်ထောင်စုတစ်ဝန်း တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့်လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး။

၂။ စီးပွားရေး

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ခ) ဈေးကွက်စီးပွားရေးစနစ် တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး။

(ဂ) သွင်းကုန်အစားထိုးရန်နှင့် ပို့ကုန်မြှင့်တင်နိုင်ရေး ဒေသထွက်ကုန်ကြမ်းများကို အခြေခံသည့် အသေးစား၊ အငယ်စား၊ အလတ်စား စီးပွားရေးလုပ်ငန်း (MSME)များကို ရေရှည်အာမခံချက်ရှိအောင် အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး။

(ဃ) တိုင်းပြည်သာယာဝပြောရေးနှင့် စားရေရိက္ခာဖူလုံရေးတို့အတွက် ပြည်သူ့လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်ရေး။

၃။ လူမှုရေး

(က) စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး။

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားရေးစိတ်ဓာတ်ကိုအခြေခံသည့် ကိုးကွယ်ယုံကြည်မှု၊ ယဉ်ကျေးမှု၊ အမျိုးသားရေး စရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး။

(ဂ) နိုင်ငံ၏အခြေခံကျန်းမာရေးစောင့်ရှောက်မှုကို ပိုမိုခိုင်မာအောင်တည်ဆောက်၍ တစ်မျိုးသားလုံးသက်ရှည်ကျန်းမာသည့် ကျန်းမာရေးစနစ်ဖြစ်ပေါ်လာရေး။

(ဃ) ခေတ်မီဖွံ့ဖြိုးတိုးတက်သော ဒီမိုကရေစီနိုင်ငံတော် တည်ဆောက်ရေးအတွက် လိုအပ်သည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်နိုင်ရန် ဘက်စုံပညာရေးကဏ္ဍမြှင့်တင်ရေး။

❖ **ပြည်သူနှင့် တပ်မတော် ချစ်ကြည်ရင်းနှီးစွာ ဆောင်ရွက်ခြင်းသည် တိုင်းပြည်၏ အနာဂတ်အတွက် အကောင်းဆုံးဖြစ် ...**

❖ **တပ်မတော်သည် အမြဲတမ်းရှိနေမည်ဖြစ် သကဲ့သို့ ပြည်သူများသည်လည်း အမြဲတမ်းရှိနေမည်ဖြစ် ...**

❖ **စုစည်းညီညွတ်မှုအားသည် တိုင်းပြည်၏ အားဖြစ် ...**

❖ **တိုင်းပြည်၏ စုစည်းညီညွတ်မှုများ မပြိုကွဲရေး တပ်မတော်မှ ထိန်းသိမ်းဆောင်ရွက်လျက်ရှိ ...**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ ၂၀၂၂ ခုနှစ်၊ နိုဝင်ဘာလ ၁၁ ရက်နေ့တွင် ပြုလုပ်သောနိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေး (၉/၂၀၂၂) တွင် အမှာစကားပြောကြားမှုမှ ကောက်နုတ်ချက်)

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရုတ်ဗဟိုစစ်ကော်မရှင်၊ ပူးတွဲစစ်ဦးစီးဌာန၊ ခေတ္တစစ်ဘက်ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံ

နေပြည်တော် မေ ၃၀

နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော် ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ဗဟိုစစ်ကော်မရှင်၊ ပူးတွဲစစ်ဦးစီးဌာန၊ ခေတ္တစစ်ဘက် ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ် Major General Yang Yang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် နှစ်နိုင်ငံ တပ်မတော် နှစ်ရပ်အကြား ချစ်ကြည်ရင်းနှီးစွာ ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးဆိုင်ရာကိစ္စရပ်များ၊ နှစ်နိုင်ငံနယ်စပ်ဒေသ တည်ငြိမ်အေးချမ်းရေးနှင့် ဒေသဖွံ့ဖြိုးရေးအတွက် ပူးပေါင်းဆောင်ရွက်သွားမည့် အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ

စာမျက်နှာ ၇ ကော်လံ ၁ ❒

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း တရုတ်ဗဟိုစစ်ကော်မရှင်၊ ပူးတွဲစစ်ဦးစီးဌာန၊ ခေတ္တစစ်ဘက်ထောက်လှမ်းရေးညွှန်ကြားရေးမှူးချုပ် Major General Yang Yang ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား လက်ခံတွေ့ဆုံစဉ်။

ပြင်ဆင်ဖတ်ရှုပါရန်

မေ ၃၀ ရက်ထုတ် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ ၄ ကော်လံ ၄ တတိယအပိုဒ် စာကြောင်းရေ ၅ ပါ ယနေ့ခေတ်သည် ပါတီစုံဒီမိုကရေစီ စီးပွားရေးစနစ်ဖြစ်ကြောင်း (အစား) **ယနေ့ခေတ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်ကြောင်း** ဟု ပြင်ဆင်ဖတ်ရှုပါရန်။

(စာတည်း)

ယနေ့ သတင်းအညွှန်း

ကိုဗစ်-၁၉ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဗဟိုကော်မတီမှ အသိပေးကြေညာချက် ပြည်တွင်းသတင်း စာ ၂

အနုပညာဖန်တီးမှုများကို ခိုးယူပြီး အခကြေးငွေရယူ၍ တရားမဝင်ထုတ်လွှင့်ပြသခဲ့သူအား ဖော်ထုတ်ဖမ်းဆီးရမိ ပြည်တွင်းသတင်း စာ ၁၉